# ဆွမ်းဆွတ်

## အလှူပွဲ

ဘဒ္ဒန္တကေသရထေရ်

(နိုင်ငံတော်သံဃမဟာနာယက)

စီစဉ်ရေးသားသည်။





ဆွမ်း သွတ် အပွဲ လှူ

ဘာသာရေးခွင့်ပြုချက်အမှတ် (၆၄၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃)

၁၉၈၈-ခု၊ ဇန်နဝါလ

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး ၁၅-ကျပ်

ထုတ်ဝေသူ

ဒေါ်သိန်းတင် (မြဲ ၀၂၈၆)
အမှတ် ၇၊ ဘုရားကြီးဈေး၊ ရွှေတိဂုံဘုရားကြီး
ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်ရင်မြ (မြဲ ၀၄၀၉)
တိုး-စာပုံနှိပ်တိုက်၊ ၂၅၃၊ ကရိလမ်း၊ ရန်ကုန်မြို့။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မာတိကာ.... | က–ဇ |
| ၂။ | ကျေးဇူးတင်လှပါ၏... | ဈ–ည |
| ၃။ | နိဒါန်း.... | ဋ–န |

မဟာကရုဏာပိုင်ရှင်မြတ်စွာဘုရားသခင်က ဝေနေယျတို့အား ယင်းတို့၏ ပါရမီအလျောက်သာ ချီးမြှောက် မြှင့်တင် ခဲ့ကြောင်း၊ "လူ့မျှဝေ၍" ဟူသော စာပိုဒ်၏အဓိပ္ပာယ် အကျယ်ဖွင့်ဆိုချက်၊ ထူးဆန်း၍မှန်မြတ်လှသော "အကျွတ်အလွတ်" လူ့ဒါန်းပွဲအကြောင်း၊ မြို့ရွာ ချပ်ကွက်တိုင်းက ပြုလုပ်နေကြသော ဆွမ်းသွတ်အလှူပွဲကို မှန်ကန်စွာ မဆောင် ရွက်တတ်ပါက နစ်နာလွန်း အားကြီးလှသည်။ နစ်နာမှုများကိုကျော်လွှား၍ အကျိုးတရား ပြည့်စုံစွာရရှိအောင် အမှန်အကန် ဆောင်ရွက်နိုင်စေရန်ရည်သန်လျက် ဤကျမ်းငယ်ကို ရေးသားခြင်းဖြစ်သည်....စသည့်အချက်များကို ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | မောင်ပွင့်ခိုင်(သရက်၏)အမှာစာ ... | ယ–လ |
| | တမလွန် ရှိ,မရှိ ပြဿနာ၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံရှိ ပရစိတ်ပညာ သုတေသနအသင်းဆိုင်ရာ အမြက်စကား၊ တမလွန်ရှိကြောင်း သက်သေ အထောက်အထား၊ တမလွန်နယ်ပယ်ရှိ ပြဿနာများ၏ ဆင်းရဲဒုက္ခများနှင့် ကျမ်းစာရေး သူနှင့် ဘဝ ပတ်ဝန်းကျင်များကို အမြွက်မျှ ဖော်ပြထားသည်။ | |
| ၅။ | မြတ်စွာဘုရားနှင့် ဇာကုသောဏ်ပုဏ္ဏား... | ၁–၂၀ |
| | လှူဒါန်း၍ အမျှအတန်း ပေးဝေမှုကို ရယူ ခံစားခွင့်ရှိသော ဘုံဌာန ပုဂ္ဂိုလ်နှင့် ရယူခံစားခွင့် မရှိသော ဘုံဌာနပုဂ္ဂိုလ်၊ ဆွမ်းသွတ်အလှူပွဲ၌ ပြည့်စုံရမည့် အချက်များနှင့် ဆွမ်းသွတ်အလှူပွဲ စီစဉ် ဆောင်ရွက်ပုံ အခြင်းအရာ.... စသည် စသည်တို့ကို ပြည့်စုံစွာ ဖော်ပြထားသည်။ | |
| ၆။ | တောရဆရာတော်နှင့် ပြိတ္တာမိသားစု.... | ၂၁–၄၀ |
| | မကောင်းမှု အကုသိုလ်တရား များပြားမှုကြောင့်ပြိတ္တာဘုံ ရောက်လာရသည်။ပြိတ္တာ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ဘဝ၌ ကြီးမားသော ဆင်းရဲဒုက္ခ ခံစားရသည်။ တောရဆရာတော်က စားစရာအစားအစာ၊ ဝတ်စရာ အဝတ်အထည်၊ နေထိုင်စရာ အိမ် အဆောက်အအုံ၊ သောက်သုံးစရာ ရေကန်နှင့် စီးနင်းသွားစရာ ယာဉ်ရထားများကိုရရှိလာအောင် အကြိမ်ကြိမ်အလီလီ ကူညီ စောင့်ရှောက် ပေးသည်.... စသော အချက်တို့ကို ရှင်းလင်းဖော်ပြထားသည်။

၇။ သူဌေးကတော် ဒေါနန္ဒာ.... ၄၁–၅၁

သူဌေးကတော်ဘဝမှ ပြိတ္တာဖြစ်လာရသူ၏ ဆင်းရဲဒုက္ခနှင့် ပြိတ္တာဘဝမှ လွတ်မြောက်ရအောင် ဘဝဟောင်းမှ ခင်ပွန်းသည် လင်ယောကျ်ားက ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ်တို့အား လှူဖွယ်ပစ္စည်း မျိုးစုံစွာလှူဒါန်း၍ အမျှအတန်းပေးဝေမှု....စသည်တို့ကို ပြည့်စုံစွာ ဖော်ပြထားသည်။

၈။ ဗိမာန်ထဲက အမျိုးသမီး.... ၅၃–၆၂

သမုဒ္ဒရာအလယ် ကျွန်းငယ်တစ်ခုပေါ်၌ လှပဆန်းကြယ်သော ဗိမာန်ကြီးတစ်လုံးဖြင့်

စဉ် အကြောင်းအရာ စာမျက်နှာ

အဘတ်မပါ ဗလာကိုယ်ဘည်း နေရသော အမျိုးသမီး တစ်ယောက်အတွက် အလှူခံ ပုဂ္ဂိုလ်သူငယ်ပါသကာ တစ်ဦးအား စားစရာ သောက်စရာနှင့် ဝတ်စရာများ လှူဒါန်း၍ အမျှအတန်း ပေးဝေခြင်းကြောင့် ချမ်းသာ သုခရရှိလာသည်။ ချမ်းသာသုခ ပြည့်ဝ လာသော အမျိုးသမီးက မိမိ၌ အားနည်း နေသော ကုသိုလ်တရားကို အားပြည့်လာ အောင် လှူဒါန်းမှုဖြင့် အားဖြည့်ပေးခြင်း ကြောင့် ချမ်းသာသုခကို တိုးတက်ခံယူ ခံစားစံစားရသည် စသော.... အခြင်းအရာ တို့ကို ရှင်းလင်းဖော်ပြထားသည်။

၉။ သမီးလိမ္မာနှင့် ဖခင်ပြိတ္တာ... ၆၃–၇၄

ကွယ်လွန်သူ ဖခင်အတွက် သမီးလိမ္မာ ကလေးက လှူဖွယ်ပစ္စည်းများကို ပြည့်စုံစွာ လှူဒါန်း၍ အမျှအတန်း ပေးဝေပါသော် လည်း အလှူခံပုဂ္ဂိုလ်က ဂုဏ်အင်္ဂါချို့ယွင်း နေပါသောကြောင့် ဖခင် ပြိတ္တာအတွက် အကျိုးတရား ဖြစ် ပေါ် မ လာ နိုင် ဘဲ အဇ္ဇာတသတ် မင်းတရားက လှူဒါန်း၍

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမျှအတန်း ပေးဝေကျည်းမှသာ ချမ်းသာ သုခရရှိလာသည်.... စသော အခြင်းအရာ တို့ကို ရှင်းလင်း ဖော်ပြထားသည်။ | |
| ၁၀။ | အရှင်သာရိပုတ္တရာ၏ ကရုဏာတော်.... | ၇၅-၈၅ |
| | မိတ္တာဗိန္ဒ အမျိုးထဲမှ အမျိုးသမီး ကလေး တစ်ယောက်၏ ငရဲဘုံ ကျရောက်ရမည့် အရေးကို ကုသိုလ်ပေးကာ ကယ်တင်ခဲ့သည်။ တစ်ဖန် ပြိတ္တာဘဝမှ လွတ်မြောက်ကာ ချမ်းသာစေရန် ရည်သန်လျက် ရဟန်းတော် တစ်ပါးအား တစ်လုတ်စာမျှ သောဆွမ်း၊လက်တစ်ဝါးမျှသောအဝတ်နှင့် တစ်ဖန်ခွက်မျှသော ရေတို့ကိုလှူဒါန်း၍အမျှ အတန်း ပေးဝေကာ ကယ်တင်ခဲ့သည်.... စသော အချက်တို့ကို ရှင်းလင်း ဖော်ပြ ထားသည်။ | |
| ၁၁။ | မြတ်စွာဗုဒ္ဓနှင့် ဗိမ္ဗိသာရ.... | ၈၇-၁၀၀ |
| | သံဃာတော်များအတွက် လှူဒါန်းရန် စုဆောင်း ထားသော ပစ္စည်း ဥစ္စာများကို တိတ်တစ်ဆိတ် ခိုးယူသုံးစွဲကြပြီး၊ သိုလှောင် ရုံ, ဆွမ်းစားကျောင်းတို့ကို မီးရှို့ဖျက်ဆီး | |

စဉ်                    အကြောင်းအရာ                    စာမျက်နှာ

ခြင်းကြောင့် ဆွေမျိုးအားလုံး အစုလိုက်
အပြုံလိုက် ငရဲဘုံ၌ ကျရောက် ခံစားခဲ့ကြ
ရသည်။ ငရဲမှ လွတ်လာ ကြသော အခါ
ပြိတ္တာဘုံ၌ ဖြစ်ကြရ၍ တော်မှတ်ဆာလေ ာင်မှု
ဆင်းရဲ၊ အဝတ်မဝတ်ရမှု ဆင်းရဲ တို့ကို
နှစ်ပေါင်းများစွာ ခံကြရပြီးမှ ဆွေမျိုး
တော်သူ ဗိမ္ဗိသာရမင်းကြီးက အလှူပေး၍
အမျှ ဝေမှုကြောင့် ၉၂- ကမ္ဘာထက်က
ဆွေမျိုးတော်စပ်ခဲ့ဖူးကုန်သော ရှစ်သောင်း
လေးထောင်ကုန်သော ပြိတ္တာများ ပြိတ္တာ
ဘဝမှ လွတ်မြောက် သွားကြရသည်....
စသည်တို့ကို ရှင်းလင်း ဖော်ပြထားသည်။

၁၂။ နိဂုံး....                    ၁၀၁–၁၁၁

ကွယ်လွန်သူတို့ကို ရည်မှန်း လှူဒါန်း၍
အမျှအတန်း ပေးဝေသည်ကို ရရှိနိုင်သည့်
ဘုံ, ပုဂ္ဂိုလ်နှင့် မရရှိနိုင်သည့်ဘုံ, ပုဂ္ဂိုလ်၊
ပြိတ္တာဘုံ၌ ဆွေမျိုးအားလုံး မဆိတ်သုဉ်းဘဲ
ဆွေမျိုးအချို့ အမြဲတစေ တည်ရှိနေသည်။

လှူဒါန်းလျှင် အလှူရှင်ကရရှိပြီး ဖြစ်၍
ဒါနကုသိုလ်တရား အကျိုးမဲ့ဖြစ်မသွားနိုင်။

အကြောင်းအရာ စာမျက်နှာ

အလှူပေး ပုဂ္ဂိုလ်က တစ်ဦး တစ်ယောက်ကိုသာ ရည်ရွယ်၍ အမျှဝေလျှင် တစ်ဦးတစ်ယောက်သာရရှိ၍၊ ပုဂ္ဂိုလ် အများကို ရည်ရွယ်၍ အမျှဝေပါက ပုဂ္ဂိုလ်အများပင် ရရှိနိုင်သည်။

ကွယ်လွန်သူတို့အတွက် ပစ္စည်းတစ်မျိုးကို လှူဒါန်း၍ အမျှအတန်းပေးဝေလျှင် တစ်မျိုးသာ ရနိုင်သည်၊ ပစ္စည်းနှစ်မျိုးကို လှူဒါန်း၍ အမျှအတန်း ပေးဝေလျှင် နှစ်မျိုးသာရနိုင်သည်။ ပစ္စည်းအမျိုးပေါင်းများစွာကို လှူဒါန်း၍ အမျှအတန်းပေးဝေလျှင် အမျိုးပေါင်း များစွာကို ရနိုင်သည်။

ဆွမ်းသွတ် အလှူပွဲ အခမ်းအနားဌ် အချို့ဆရာတော်တို့က ရှေးဦးစွာလှူဒါန်းစေ၍ အမျှအတန်း ပေးဝေပြီးမှ ပရိတ်ရွတ်ကြသည်.... စသော အချက်များကို အသိပေးဖော်ပြထားသည်။

[ည] ကျေးဇူးတင်လှပါ၏

အမှာစာ ရေးသားပေးခြင်း, လိုအပ်သည်တို့ကို လျှောက် ထားပေးခြင်းတို့ဖြင့် ကူညီ အားပေးသော တပည့်စာရေးဆရာ မောင်ပွင့်ခိုင်(သရက်)၊အစိုးရဓမ္မာ စရိယ, ဘီ, အေ၊ အိပ်(ချ်)ဂျီ,ပီ အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

စာရေးသူ

၂၀, ၁၀, ၈၇

# နိဒါန်း

လူနတ်ပြဟ္မာ သတ္တဝါအများတို့အတွက် ထိုက်သင့်သော ကောင်းကျိုးတရားများကို တိုးပွားရရှိအောင် ဆောင်ရွက် တော်မူလေ့ရှိသော မဟာကရုဏာသခင် ဘုရားရှင်ကိုယ်တော် မြတ်ကြီးသည် အရဟတ္တဖိုလ်တိုင် ပေါက်ရောက်လောက်အောင် ပါရမီပြည့်မြောက်သော ပုဂ္ဂိုလ်များကို ရဟန္တာဖြစ်ကာ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းအောင် ရွက်ဆောင်မြှင့်တင် ပေးတော် မူခဲ့ပေသည်။

သောတာပန်, သကဒါဂါမ်, အနာဂါမ်အဆင့်တိုင်အောင် ပါရမီဓာတ်ခံ ရင့်သန်ကြပြီးသော ပုဂ္ဂိုလ်များကိုလည်း ပါရမီ အလျောက် အဆင့်မီသော အရိယာပုဂ္ဂိုလ်ဖြစ်မြောက်အောင် ရွက်ဆောင်မြှင့်တင် ပေးတော်မူခဲ့ပေသည်။

အရိယာအဆင့်မီအောင် ပါရမီဓာတ်ခံ မရင့်သန်ကြသေး သော ပုဂ္ဂိုလ်များကိုမူ သုဂတိဘုံဟု ခေါ်ဆိုကြရသော လူရပ် နတ်ရွာ အထက်တန်းဘုံ အဖြာဖြာတို့၌သာ ကျင်လည်ထိုက် သော ပုဂ္ဂိုလ်သတ္တဝါဖြစ်လာအောင် လောကီကုသိုလ်တရား အစားစားတို့ကို ဟောကြားညွှန်ပြ ဆုံးမတော်မူလျက် ဆောင် ရွက်မြှင့်တင်ပေးတော်မူခဲ့သည်သာ ဖြစ်ပေသည်။

ယင်းသို့ လောကီကုသိုလ်တရားများကို တိုးပွားရရှိအောင် ရွက်ဆောင်ပေးတော်မူရာတွင် သိင်္ဂါလသတို့သားကို ဟောဆို

ညွန်ပြ ဆုံးမမှုလုပ်ငန်းသည်လည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်လေသည်။ သိင်္ဂါလသတို့သားကို ဟောဆိုညွှန်ပြ ဆုံးမတော်မူရာတွင်—

ဆရာသမားက တပည့်များအပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များနှင့်၊

တပည့်အများက ဆရာသမားအပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များ၊

ဆရာရဟန်းက ဒါယကာ ဒါယိကာမများ အပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များနှင့်၊

ဒါယကာ ဒါယိကာမများက ဆရာရဟန်းအပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များ၊

မိဘနှစ်ပါးက သားသမီးများအပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များနှင့်၊

သားသမီးများက မိဘနှစ်ပါးအပေါ်၌ ပြုလုပ်ပေးရမည့် ကျင့်ဝတ်များ စသည်အားဖြင့် များပြားလှစွာသော ကျင့်ဝတ်တရားတို့ ပါဝင်ကြလေသည်။

ယင်းသို့ မဟာကရုဏာသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သနားကရုဏာကြီးမားစွာဖြင့် ဟောဆိုညွှန်ပြ ဆုံးမတော်မူခဲ့သော ကျင့်ဝတ်တရား အများအပြားထဲမှ

သားသမီးကျင့်ဝတ်ငါးပါးတွင် ပါဝင်သော "လှူမျှဝေ၍" ဟူသော ကျင့်ဝတ်တစ်ခုနှင့် စပ်လျဉ်းသည့် အချက်တို့ကို သာ ဤကျမ်းစာ၌ ရေးသားမည်ဖြစ်သည်။

ဤ"လှူမျှဝေ၍"ဟူသော စာပိုဒ်၌ "လှူသဒ္ဒါ"ကို တစ်ပိုင်း, "မျှဝေ၍သဒ္ဒါ" ကို တစ်ပိုင်း, ဤသို့နှစ်ပိုင်းခွဲခြား၍ မှတ်သားရမည်ဖြစ်၏။

ထိုတွင် "လှူသဒ္ဒါ"က "လှူဒါန်းရမည်"ဟူသော အနက်ကို ဖော်ပြ၍, "မျှဝေ၍သဒ္ဒါ"က "အမျှအတန်း ပေးဝေရမည်" ဟူသော အနက်ကို ဖော်ပြလေသည်။

အဓိပ္ပာယ်ကား....

သား / သမီး က လှူဒါန်းရမည်။ လှူဒါန်း၍ ဒါနကုသိုလ်တရားကို မိမိကိုယ်ပိုင် ရယူထားရမည်။ လှူဒါန်းပြီးနောက် မိမိကိုယ်ပိုင်ရယူထားသော ဒါနကုသိုလ်တရားကို (ဒါနကုသိုလ်အဖို့ကို) ကွယ်လွန်ပြီး, တမလွန်နောက်ဘဝ ပြောင်းကြွပြီးသွားကြသော မိဘများအား ရည်မှန်း၍ အမျှအတန်းပေးဝေရမည် ဟူ၍ ဆိုလိုခြင်း ဖြစ်၏။

ဆက်ပါဦးမည်။

အသက်အပိုင်းအခြားအရ သေလွန်ကြရပါလျှင် အသက်ကြီးရင့်သူ မိဘများကသာ သားသမီးများ၏အလျှင် ကြိုတင်၍ သေပွဲဝင်ကြရမည် ဖြစ်၏။ ယင်းသို့ မိဘများကွယ်လွန်၍ ဘဝတစ်ပါး ပြောင်းသွားကြသောအခါ လူ့ဘဝ၌ ကျန်ရစ်နေသူ

သားသမီးများက သွားလေသူ မိဘများအတွက် ရည်မှန်းပြီး သူဒါန်းကြလျက် ဒါနကုသိုလ်တရားကို မိမိတို့ကိုယ်ပိုင် အရယူထားကြရမည် ဖြစ်သည်။

သားသမီးများက မိမိတို့ကိုယ်ပိုင် အရယူထားကြသော ဒါနကုသိုလ်တရားကို (ဒါနကုသိုလ်အဖို့) ဘဝတစ်ပါး ပြောင်းသွားလေသူ မိဘများအား အမျှအတန်း ပေးဝေသောအားဖြင့် သားသမီးတို့၏ ကျင့်ဝတ်ကို မယွင်းချွတ်အောင် ဖြည့်ကျင့်ကြရမည်ဖြစ်သည်။

ဤကျင့်ဝတ်သည် ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်း သားသမီးများအတွက် ပျက်ကွက်၍ မရကောင်းသော မဟာကျင့်ဝတ်ကြီးတစ်ခု ဖြစ်၏။

မှန်ပေသည်။

ဤကျင့်ဝတ် ပျက်ကွက်ပါက ယင်းကျင့်ဝတ် ပျက်ကွက်သူ သားသမီးများကို မြင်းမိုရ်တောင်မျှမကကျေးဇူးတရား ကြီးမားလှသော အနန္တဂုဏ်ရှင် မိခင်ဖခင် နှစ်ပါးအပေါ်၌ ဝတ္တရားမကျေပွန်သော, ညံ့, ဖျင်း, ထုံအ, အသုံးမကျသော, လူ့အဆင့်အတန်းမမီသော သားသမီးများအဖြစ် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက မှတ်ထင်တတ်ကြလေသည်။

သို့ဖြစ်၍ သက်ဆိုင်ရာ သားသမီးများက ဤကျင့်ဝတ်ကို အပျက်အစီး မခံလိုကြ။ စွမ်အားရှိသမျှ မပျက်ကွက်ရအောင် ကြိုးစား၍ ရှက်ဆောင်ကြသည်သာ ဖြစ်ပေသည်။

ကွယ်လွန်သူကို ရည်မှန်း၍ လှူဒါန်းကြသော ဤဆွမ်းသွတ်အလှူပွဲနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းတို့ နှယ်မယ်၌ ချစ်ခင်စရာ, မြတ်နိုးစရာ ကောင်းလှသော အလေ့အထတစ်ခု ခိုင်ခိုင် မြဲမြဲ ရှိနေ၏။

ယင်း ချစ်ခင်မြတ်နိုးစရာ အလေ့အထကား မိမိတို့နေထိုင်ရာမြို့, မိမိတို့ နေထိုင်ရာ ရပ်ကွက်, မိမိတို့နေထိုင်ရာ ကျေးရွာထဲ၌ (တစ်နည်းဆိုရသော်) မိမိတို့၏ ဆွေမျိုး သားချင်း အပေါင်း အသင်း မိတ်ဆွေခင်ပွန်း များအထဲ၌ ဘဝတစ်ပါး ပြောင်းသွားလေသူရှိလာ, ကြုံလာပါက "အရပ်ကောင်း၍ အလောင်း လှသည်" ဆိုသော စကားအတိုင်း ကိုယ်အား, ဉာဏ်အား, ပစ္စည်းဥစ္စာ အင်အားတို့ဖြင့် အလောင်းလှအောင်, အသုဘ အခမ်းအနား စည်ကားသိုက်မြိုက်အောင် ဝိုင်းဝန်း၍ ကူညီအားပေး ဆောင်ရွက် လုပ်ကိုင်ကြသော အလေ့အထပင် ဖြစ်သည်။

ယင်းနည်းတူ ချစ်ခင်မြတ်နိုးစရာ ကောင်းသော အလေ့အထ တစ်ခုလည်း ယခုအခါ ထင်ရှားစွာ ဖြစ်ပေါ်လာပြန်၏။ ယင်း အလေ့အထတစ်ခုကား "အကျွတ်အလွတ် လှူဒါန်းပွဲ" ဟု ကင်ပွန်းတပ်လျက် လှူဒါန်း၍ အမျှအတန်း ပေးဝေသော အလေ့အထပင် ဖြစ်သည်။

(အကျွတ်အလွတ် လှူဒါန်းပွဲ ဟူသည် ဘဝများစွာ သံသရာ အဆက်ဆက်က ဆွေမျိုးတော်စပ် ခဲ့ကြဖူးသော ပုဂ္ဂိုလ်များ ဝေမာနိကပြိတ္တာဘုံ၌ မကျွတ်မလွတ်ကြသေးဘဲ

ရှိနေကြလျှင်၊ ထိုဆွေမျိုးများ ပြိတ္တာဘုံ ပြိတ္တာဘဝမှ ကျွတ်အောင် လွတ်အောင် ရည်မှန်း၍ လှူဒါန်းပြီး အမျှအတန်း ပေးဝေသောပွဲ ဖြစ်သည်ဟု ဆိုလိုဟန် ရှိ၏။)

ဤမျှ ချစ်ခင်မြတ်နိုးစရာ ကောင်းလှသော အလေ့အထ တစ်ခုကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်မှ လူမှုဝန်ထမ်းဦးစီး ဌာန ဒုတိယ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒါယိကာမကြီး ဒေါ်မြတ်မွန်က ဦးဆောင်လျက် စေတနာရှင် လူကြီးလူကောင်း များနှင့် ညှိနှိုင်းတိုင်ပင်၍ နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင် တစ်ကြိမ်ကျ သီတင်းကျွတ် လပြည့်ကျော်(၁)ရက်နေ့၌ ဆောင်ရွက် လေ့ရှိသည်ဟု သိရ၏။

ဆောင်ရွက်ပုံမှာ ဤသို့ဖြစ်၏။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်နေ့မတိုင်မီ ကာလကပင် ကြိုတင်၍၊ ပင့်သံဃာ ဆရာတော်ဘုရားများအတွက် သင်္ကန်းဖြစ်စေ, ထီး, ဖိနပ် စသည်ဖြစ်စေ၊ ရာသက်ပန်လှူဒါန်းရန် တာဝန်ယူထားကြသော အလှူရှင်များထံမှ ဝတ္ထုပစ္စည်းကို ဖြစ်စေ၊ အလှူငွေကိုဖြစ်စေ၊ လှူဒါန်းရာကို အလှူခံခြင်း, မှန်မြတ်သည့် ဤလုပ်ငန်း အပေါ် စေတနာ သဒ္ဓါပေါက်၍ သီးခြား လှူဒါန်းလိုသူ အလှူရှင်များ ထံမှလည်း လှူဒါန်းရာကို အလှူခံခြင်းတို့ကို ပြုလုပ်ကြလျက် လှူဒါန်းစရာများကို စုဆောင်းထားကြသည်။

“အကျွတ်အလွတ် လှူဒါန်းပွဲ ကျင်းပမည့်ရက် နီးကပ်လာသောအခါ ရရှိထားသော ဝတ္ထုပစ္စည်းများကို ရေတွက်ကြည့်၍ ပင့်သံဃာ အရေအတွက်နှင့် ကိုက်ညီအောင် မပြည့်မီသေးပါက

လိုအပ်သော ပစ္စည်းများကို ရရှိထားသော ဘဏ္ဍာငွေ တို့ဖြင့် ဝယ်ယူဖြည့်စွက် ထားကြသည်။

သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့ နံနက်ပိုင်းတွင် အကျွတ်အလွတ် လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ကြံတောသုသာန်အတွင်းရှိ သရဏဂုံတင်ဇရပ်ကြီးသို့ သီလ, သမာဓိ, ပညာ, သိက္ခာတရားမြင့်မားတော် မူကြသော ဆရာတော်ဘုရားကြီးများကို ပင့်ဆောင်ကြသည်။

ဘဝများစွာ သံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ကြသည့် ဝေမာနိကပြိတ္တာဘဝမှ မကျွတ် မလွတ်ကြသေးသော မိဘဘိုးဘွား ဆွေမျိုးသားချင်း အားလုံးအကွက် ရည်မှန်းကြ၍—

၁။ ဆွမ်းခဲဖွယ်ဘောဇဉ်, မုန့်ပဲ, သရေစာ,
၂။ အဖျော်ယမကာ, ဆေးဝါးပစ္စည်း,
၃။ အဝတ်သင်္ကန်း, မျက်နှာသုတ်ပုဝါ,
၄။ ထီး, အိပ်ရာခင်း, နေရာထိုင်,
၅။ ဖိနပ်, ကြို/ပို့ယာဉ်
၆။ ဆပ်ပြာ, ဖယောင်းတိုင်စသော အထွေထွေ ပစ္စည်းများနှင့်
၇။ နဝကမ္မဝတ္ထုငွေတို့ကိုပါ သပ်ရပ်သေချာစွာ ပြင်ဆင်ကြလျက် ပင့်သံဃာ ဆရာတော်ဘုရားကြီး

များအား အပ်စပ်အောင် ရှိသေလေးမြတ်စွာ
လှူဒါန်းကြသည်။

လှူဒါန်းပြီး၍ မိမိတို့လက်ဝယ်ရရှိထားသော ဒါနကုသိုလ် အဖို့ကို ဘဝများစွာသံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ကြဖူးသော ဝေမာနိကပြိတ္တာဘဝမှ မကျွတ် မလွတ်ကြသေးသူ မိဘဘိုးဘွား ဆွေမျိုးသားချင်းတို့အား အမျှအတန်းပေးဝေသောအားဖြင့် ချီးမြှောက် မြှင့်တင်ကြသည်ဟု သိရသည်။

(လူမှုဝန်ထမ်းအရာရှိ ဒါယိကာမကြီးဒေါ်မြတ်မွန်၏ ကောင်းမွန် မြင့်မြတ်လှသော လူမှုဝန်ထမ်း စိတ်ဓာတ် အပြည့်အဝဖြင့် ဆောင်ရွက်သော ဤလုပ်ငန်းကို အခြား အခြားသော သူတော်စင်သူတော်ကောင်းကိုက အားပေးသင့်, အတုယူကာ ဆောင်ရွက်သင့်ကြပေသည်။

ဒါယိကာမကြီး ဒေါ်မြတ်မွန်တို့၏ ဆောင်ရွက်မှုလုပ်ငန်းများသည် ဖော်ပြခဲ့သလောက်သာမဟုတ်သေးပါ။ အခြားလုပ်ငန်းများလည်း ပါရှိကြသေး၏။ အခြားလုပ်ငန်းများသည် ဤကျမ်းစာ၏ ရည်ရွယ်ချက်တွင် မပါဝင်၍ ချန်လှပ်ထားခဲ့ရသည်။)

**မှတ်ချက်။** ။ဤ အကျွတ် အလွတ် လှူဒါန်းပွဲမျိုးကို ပခုက္ကူမြို့၊ မန္တလေးမြို့နှင့် ကျိုင်းတုံမြို့တို့၌လည်း ဆောင်ရွက်ခဲ့ဖူးကြောင်း သိရှိရသည်။

ဤကွယ်လွန်သူများကို ရည်မှန်း၍ လှူဒါန်းမှု ဟူသော ဆွမ်းသွတ်အလှူကိစ္စကို တစ်မြို့တည်း, တစ်ရွာတည်း, တစ်ရပ်ကွက်တည်းကသာ ဆောင်ရွက်နေသည်မဟုတ်ပေ။ မြို့တိုင်း, ရွာတိုင်း, ရပ်ကွက်တိုင်းက ဆောင်ရွက်နေကြလေသည်။ မိဘများက အလျှင်ကွယ်လွန်လျှင် သားသမီးများက ဆောင်ရွက်ကြ၍, သားသမီးများက အလျှင်ကွယ်လွန်လျှင်လည်း မိဘများက ဆောင်ရွက်ကြသည်သာ ဖြစ်၏။ မဆောင်ရွက်ဘဲကား မနေကြပေ။

ဤမျှလောက် အရေးတကြီး, လေးလေးစားစား, ကျယ်ကျယ်ပြန့်ပြန့်, မပြတ်မနေ, ဆောင်ရွက်နေကြသော လုပ်ငန်းကိစ္စမျိုးကို ထေရဝါဒ ပိဋကစာပေလာ ဗုဒ္ဓယဉ်ကျေးမှုတစ်ခု ဖြစ်သည့်အားလျော်စွာ၊ စာလာပေလာနည်းလမ်းအတိုင်းမှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်တတ်ကြရန် အရေးကြီးလှ၏။ ငွေကြေးအများအပြား ကုန်ကျသလောက်၊ အကျိုးတရားတို့ကိုလည်း ပြည့်ပြည့်စုံစုံ ရရှိရန်လိုအပ်လှ၏။ ဗုဒ္ဓယဉ်ကျေးမှုတစ်ခုကို ငွေကုန်လူပန်းခံကာ ကြိုးစားဆောင်ရွက်ကြပါလျက် အကျိုးတရားများကို ပြည့်ပြည့်ဝဝ မရရှိကြသူ၊ ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းများအတွက် နစ်နာလွန်း အားကြီးလှပေသည်။

ယင်းသို့သော နစ်နာမှုများစွာတို့ကို ကျော်လွှား၍ ငွေကြေးအကုန်အကျခံနိုင်သလောက် အကျိုးတရားများကို ပြည့်စုံစွာ တိုးပွားရရှိနိုင်ကြစေရန်နှင့် စာလာပေလာ နည်းလမ်းအတိုင်း

မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ဘတ်ကြစေရန် ရည်သန်လျက်၊ ဤကျမ်းစာငယ်ကို ပိဋကတ်ကျမ်းဂန်လာ ဇာတ်လမ်းဝတ္ထုရှည် ခုနစ်ခုတို့ဖြင့် တန်ဆာဆင်ကာ စီစဉ်ရေးသားခဲ့ခြင်းဖြစ်ပေသည်။

နှစ်နာမှုများစွာတို့ကို ကျော်လွှားလိုသူ, အကျိုးတရားများကို ပြည့်စုံစွာ ရရှိစေလိုသူနှင့် စာလာပေလာ နည်းလမ်းအတိုင်း မှန်မှန်ကန်ကန် ဆောင်ရွက်လိုသူများကို၊ ဤကျမ်းစာကလေးက လိုအပ်ချက်အတိုင်း ဖြစ်မြောက်လာအောင် တာဝန်ယူ၍ အကူအညီပေးပါလိမ့်မည်။ ကျမ်းစာကို သေချာစွာ အဖန်ဖန်ရှုလျက် ကျမ်းစာက ညွှန်ပြချက်အတိုင်း ဆောင်ရွက်ရန်မှာ ဆိုခဲ့ပါ လိုလားသူများ၏ တာဝန်သာ ဖြစ်ပါတော့သည်။

ဗုဒ္ဓယဉ်ကျေးမှု ဘာသာ မှန်ကန်စွာ ထွန်းကားပါစေ....။

အရှင်ကေသရ

(သရက်အောင်မင်္ဂလာ)

ဇမ္ဗုဒီပကျောင်းဆောင်

ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

၁၃၄၉–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်။

၁၉၈၇–ခုနှစ်၊ အောက်တိုဘာ(၉)ရက် သောကြာနေ့။

ည (၉) နာရီ။

## သူ့ဝန်တာ သူသာ ထမ်းပေလိမ့်

တမလွန် ဆိုတာရှိသလား .... ။

သည်ကျမ်းစာအုပ်ငယ်ဟာ တမလွန်အကြောင်းနဲ့ ဆက်စပ်နေပါတယ်။ မျက်မှောက်ခေတ်မှာ အပြည်ပြည်ဆိုင်ရာ အတွေးအခေါ်များဟာလဲ ကူးလူးဆက်နွယ်နေကြပါတယ်။ အဲဒါကြောင့် တမလွန်အကြောင်းကို နည်းနည်းလောက် စဉ်းစားကြည့်ချင်ပါတယ်။

တမလွန် ဆိုတာဘယ်မှာလဲ .... ။

သေခြင်းတရားဆိုတာ ဘဝတစ်ခုရဲ့နောက်ဆုံး အနားသတ်မျဉ်းဖြစ်ပါတယ်။ အဲဒီဘဝ အနားသတ်မျဉ်းရဲ့ ဟိုဘက်ဟာ တမလွန်ပင် ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ သေခြင်းဆိုတဲ့ မိုးကုပ်စက်ဝိုင်းရဲ့ ဟိုမှာဘက်ကို **တမလွန်**လို့ ခေါ်နိုင်ပါတယ်။

ဗုဒ္ဓ လက်ထက်ကတော့ **"ပရလောက"**။

ပုဂံခေတ်ကတော့ **"တမုန္ဒ"**။

သည်ခေတ်မှာတော့ **"တမလွန်"** တဲ့။

တမလွန်ရှိ၊ မရှိ ပြဿနာဟာ အခုမှ ပေါ်ပေါက်လာတဲ့ ပြဿနာ မဟုတ်ပါ။ ရှေးအတိတ် ကာလကလဲရှိ၊ အခုလဲရှိ၊ နောင်လဲ ရှိနေဦးမယ့် ပြဿနာပါ။

တကယ်တော့ တမလွန်ဆိုတာ ဘာကြောင့်မရှိရမှာလဲ....။

\+ + + + +

တမလွန်ရဲ့ သဲလွန်စကို တွေ့နေကြပါပြီ။

အင်္ဂလန်နိုင်ငံမှာ ဗြိတိသျှ ပရစိတ်ပညာ သုတေသန အသင်း (*BRITISH PARAPSYCHOLOGY SOCIETY*) ဆိုတာရှိတယ်။ အမေရိကန်နိုင်ငံမှာလဲ အမေရိကန် ပရစိတ်ပညာ သုတေသနအသင်းဆိုတာ ရှိပါတယ်။ သည်အသင်းများရဲ့ သုတေသန ပြုချက်များအရ တမလွန်ရှိကြောင်း အခိုင်အမာ ဆုံးဖြတ် ယုံကြည်နေကြပါပြီ။

အမေရိကန်မှာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ဖူးတယ်။

စိတ်ရောဂါကုပါရဂူ ဒေါက်တာ အယ်လစ္စဘက်ကူတလာ ရော့စ် ( *DR. ELISABETH KUBLER - ROSS* ) ရှေ့မှာ မကြာခင်ရက်ပိုင်းက သေလွန်သွားခဲ့တဲ့ မေရီစဝတ် (ဇ်) (*MARY SWARTZ*)ဟာ ကိုယ်ထင်ပြလာတယ်။ ဒေါက်တာက အနီးရှိစားပွဲပေါ်မှ စာရေးစက္ကူနဲ့ ဂ.လောင်တံကို ယူစေပြီး ဒေါက်တာနဲ့ မေရီနှစ်ဦးလုံးသိကျွမ်းဖူးတဲ့ မိတ်ဆွေတစ်ယောက်

ထံ နှုတ်ဆက်စာ ရေးခိုင်းတယ်။ လက်မှတ်လဲ ထိုးခိုင်းတယ်။ တမလွန်သူမေရီကလဲ အကုန်လုံး လိုက်လျောပါတယ်။

အဲဒီသတင်းကို ခေတ်ပုံသတင်းအဖြစ် နယူး(စ်)ဝိ(ခ်) မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသေးတယ်။

အင်္ဂလန်နိုင်ငံမှာလဲ အက်စတယ်ရောဘတ် (*ESTELLE ROBERT*)ဆိုတဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးတယ်။ သူမဟာ သိတတ်တဲ့အရွယ်ကစပြီး နတ်များကို မြင်နိုင်တယ်။ သူမ ကိုယ်တိုင်ကလဲ သူမရဲ့အရည်အချင်းများကိုအများကောင်းကျိုး အတွက် ဖြစ်စေလိုတယ်။ တစ်ညမှာ တိမ်နီ(*RED CLOUD*) လို့ သူ့ကိုယ်သူ ပြောပြတဲ့ နတ်တစ်ပါးက "ကမ္ဘာကို အလုပ် အကျွေးပြုဖို့ ငါလာတယ်။ မင်းနဲ့ငါအတူတူလုပ်ကိုင်ကြမယ်" လို့ ပြောလာတယ်။ အယ်စတယ်ကို အဲဒီနတ်က နှစ်ပေါင်းငါး ဆယ်ကျော် ကြာအောင် လမ်းညွှန် ဆောင်ရွက် ပေးတယ်။ လူအများကို တမလွန်က ပုဂ္ဂိုလ်များနဲ့ ဆက်သွယ်ပေးတယ်။ အချင်းချင်း စကားပြောစေတယ်။ တမလွန်က အသံများကို ကြားစေတယ်။ သတင်းစာ၊ ဂျာနယ်များမှာ ကြိုတင်ကြော်ငြာ ပြီး လူအများနဲ့ ဆက်သွယ်ပေးခြင်းဖြစ်တယ်။ လူမသိ သူမသိ လျှို့ဝှက်အဖြစ်အပျက်များ မဟုတ်ဘူး။

မြန်မာပြည်မှာလဲ လူဝင်စားအကြောင်း၊ တစ္ဆေနဲ့ တွေ့ပုံ အကြောင်းတွေဟာ မဆန်းလှပါဘူး။ သည်အကြောင်းအရာ

မျိုးတွေကို ကမ္ဘာ့နေရာ တော်တော်များများမှာ တွေ့ဖူး ကြားဖူးနေကြပါပြီ။

ဒါကြောင့် တမလွန်ဆိုတာ ဘာလို့မရှိရမှာလဲ။

\+ + + + +

ဗုဒ္ဓဝါဒမှာ အခု တမလွန်မှာ ပြိတ္တာများလဲ ရှိပါတယ်။ ငရဲဘုံရဲ့ ဆင်းရဲဒုက္ခများကို ကြားဖူးကြပါပြီ။ ပြိတ္တာဘုံရဲ့ ဆင်းရဲဒုက္ခကလဲ မသေးငယ်လှပါ။

အရှင်မဟာ သီလဝံသက—

"အံ့အဲစွာမြို့၊ ပြိတ္တာတို့ကား
ဘယ်သို့ခြင်းရာ၊ မဟုသာခဲ့
ကြမ္မာနည်း ထုံး၊ ဆိုဖွယ်ဆုံးမျ
နှစ် သုံး လေး ငါး၊ ဘုရားရှင်တော်
ပွင့်ငြားသော်လဲ၊ ကျွတ်ဖော်ဝေးလှ
နံမည်ကိုသာ၊ လျှာဖျားစွတ်လောက်
မိုးရေပေါက်မျှ၊ မသောက်ရတွ
ပူဆာလွန်၏".... တဲ့။

ပြိတ္တာများရဲ့ ဆင်းရဲဒုက္ခတွေကလဲ ပြောမဆုံးနိုင်လောက်အောင်ပင် အံ့ဩစရာပါ။ အစားအစာရဲ့အနံ့ကို နှာခေါင်းဖြင့် နံရဖို့သာ လိုက်ပါဦး။ မိုးရေလေး တစ်ပေါက်ကို လျှာဖျားနဲ့ တို့ချစွတ်ရရုံမျှလောက်ပင် မသောက်ကြရပါဘူး။ အလွန်ပဲ ပူပင်ဆာလောင် နေကြရပါတယ်-လို့ ကဗျာက ဆိုထားပါတယ်။

အဲဒီပြိတ္တာဘုံမှာ ဘယ်သူ့မှာမဆို ဆွေမျိုးတွေ ရှိနေကြသတဲ့။ ဘဝပေါင်း အသင်္ချေအနန္တက မိဘပေါင်း အသင်္ချေ အနန္တရှိခဲ့ကြပါတယ်။ မွေးချင်းပေါင်း၊ ဆွေမျိုးပေါင်း၊ ဆရာပေါင်း၊ ကျေးဇူးရှင့်ပေါင်း အသင်္ချေ အနန္တရှိနေကြတယ်။ ဟိုဘဝတွေက အသိဉာဏ်မရှိလို့၊ အခြေအနေမပေးလို့ သူတို့ကို ကျေးဇူးမဆပ်မိပဲ နေခဲ့ကောင်း နေခဲ့မိကြမယ်။ ကျေးဇူးကြွေးတွေ တင်ရှိကောင်း တင်ရှိနေကြမယ်။ တာဝန်ကြွေးတွေ ရှိကောင်းရှိနေကြပါမယ်။

အဲဒါတွေကို အခုလို အသိဉာဏ်ရှိတဲ့ဘဝ၊ အခြေအနေ ပေးတဲ့ဘဝမှာ ကျေးဇူးကြွေး ဆပ်သင့်ကြပါတယ်။ တာဝန် ကျေအောင် ဆောင်ရွက်သင့်ကြပါတယ်။

သည် ကျမ်းစာအုပ်ဟာ အဲသလို ဆောင်ရွက်တတ်ဖို့ နည်းလမ်းပေးတဲ့ စာအုပ်ဖြစ်ပါတယ်။ တမလွန်က သက်ဆိုင်ရာ ဒုက္ခသည် မိဘဘိုးဘွား ဆွေမျိုးသားချင်းတွေကို ကယ်တင်တဲ့ အနေနဲ့ချမ်းသာသုခပေးဖို့နည်းပြလမ်းညွှန်စာအုပ်ဖြစ်ပါတယ်။

\+ + + + +

တမလွန်က မိဘဘိုးဘွား၊ ဆွေမျိုးသားချင်းများ ချမ်းသာ ရေးအတွက် အလှူပေးတာကို ဆွမ်းသွတ်တယ်၊ သပိတ်သွတ် တယ်၊' ဆွမ်းစင်တယ်–လို့ အရပ်ဒေသအလိုက် အမျိုးမျိုးခေါ် ကြပါတယ်။

## [ယ] သူ့ဝန်တာ သူသာ ထမ်းပေလိမ့်

သည်ကျမ်းစာအုပ် စာမူကို နိုင်ငံတော် သံဃမဟာနာယက၊ မဟာစည် ရိပ်သာများ နာယက၊ အစိုးရဓမ္မာစရိယ၊ သရက်မြို့ အောင်မင်္ဂလာ စာသင်တိုက်၊ တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ ကေသရဓေ၏ ပြုစုခဲ့ပါတယ်။

အောင်မင်္ဂလာ စာသင်တိုက်နဲ့ ဆရာတော်ရဲ့ မေတ္တာချမ်းမြ ရိပ်မှာ စာရေးသူဟာ ကျောင်းသားငယ် ဘဝကပင် စတင် ခိုလှုံခဲ့ရလို့ အောင်မင်္ဂလာနဲ့ ဆရာတော်ရဲ့ အကြောင်းကို စာရေးသူသာ အသိဆုံးဖြစ်ပါတယ်။

အောင်မင်္ဂလာဟာ စာသင်တိုက်လဲ ဖြစ်တယ်။ ဝိပဿနာ ရိပ်သာလဲ ဖြစ်ပါတယ်။ စာသင်တိုက် တာဝန်ကိုလဲ အချိန်ပြည့် ထမ်းပိုးတယ်။ တရားဟော၊ တရားပြ ဝိပဿနာ ရိပ်သာရဲ့ တာဝန်ကိုလည်း ရှုန်းပြည့် ဆောင်ရွက်တယ်။ အောင်မင်္ဂလာ မှာ ညစဉ်တရား ရှုမှတ်သူ ယောဂီများရှိတယ်။ အောင်မင်္ဂလာ ဆရာတော်များဟာ ညစဉ် တရားဟော၊ တရားပြရပါတယ်။ ဓမ္မာသနပလ္လင်ပေါ်က ဆင်းလာမယ့် ဆရာတော်ကို ညဝါစာ သင်ခန်းက စောင့်ကြိုနေမြဲ ဖြစ်ပါတယ်။

စာချတာဝန်၊ တိုက်အုပ်ချုပ်ရေးတာဝန်၊ သာသနာရေး တာဝန်၊ တိုက်တွင်း တိုက်ပြင် တရားဟောတာဝန်၊ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့် တာဝန်။

စတဲ့ တာဝန်များအပြည့်။

\+ + + + +

မိုးညရဲ့ လျှပ်စီးဝင်းပြက်ချိန်ဟာ တစ်ခဏပဲ ကြာပါတယ်။ စာပေရေးသားဖို့အတွက် ဆရာတော်ရဲ့ အားလပ်ချိန်ဟာလဲ အဲသလို ပါပဲ။ တစ်ခဏသာ ပါပဲ။ သည်အခြေ အနေများ အကြားမှ ဆရာတော်ဟာ ဟောပြောရေးဆိုင်ရာ စာမူများ၊ သင်ကြား ပို့ချမှုဆိုင်ရာ မှတ်စုမှတ်ရာများကို ရေးသားလေ့ ရှိပါတယ်။

ဆရာတော်ရဲ့ ဟောပြောရေးဆိုင်ရာ ကဗျာအချို့ကို စာရေး သူဟာ စာသင်သားငယ် ဘဝကပင် အရကျက်မှတ် ထားမိ ပါတယ်။

* ဒါနဒါန၊ ဒါနထိုထို၊
သာစွသာစွ၊ သာစွပိုမို။
ရှာကြွရှာကြွ၊ ရှာကြွလူဗိုလ်၊
နောက်ဘဝ၊ ရောက်ရနတ်ပြည်ကို။ ။

* လန်းရွှင်စိုလှ၊ ချိုမြကြည်သာ၊
ဆန်းယဉ်ညှိုမြ၊ မိုကြွစည်မှာ။
ပန်းပင်ထိုမျှ၊ ပိုလှမည်သာ၊
ဆွမ်းဒါန၊ ပြုကြသူတို့မှာ။ ။ .... တဲ့။

စာရေးသူကား ဆရာတော်အား ကျမ်း တစ်စောင် တစ်ဖွဲ့ ရေးသားရန် အကြိမ်ကြိမ် တောင်းပန် မိပါတယ်။ ရေးသားပြီး စာမူအချို့ကိုလည်း ရိုက်နှိပ် ထုတ်ဝေခွင့် ပြုရန် အဖန်ဖန် တောင်းပန် မိပါတယ်။

## [လ]  သူ့ဝန်တာ သူသာ ထမ်းပေလိမ့်

သည်ကျမ်းစာအုပ်ကို လူအများလက်သို့ အလွယ်တကူ ရောက်နိုင်ဖို့အတွက် စာမျက်နှာမများအောင် တမင်စီစဉ်ထား ခြင်းဖြစ်ပါတယ်။

တမလွန်ရောက် မိဘဘိုးဘွား ဆွေမျိုးသားချင်း များအား ဆွမ်းသွတ်အမျှဝေခြင်းဖြင့် ချမ်းသာသုခပေးလိုသူများအတွက် နည်းနိဿယ ပြည့်စုံလုံလောက်တဲ့အထိ သည်ကျမ်းစာအုပ်ငယ်က သူ့ရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါလိမ့်မယ်။

အပွင့်ငယ်လည်း....
နံ့ကြွယ်သင်းထုံ၊ အလှစုံလျှင်
ပန်းဂုဏ်မြောက်သည် ဆိုပါချင်။ ။

ဆရာတော်ရဲ့တပည့်

မောင်ပွင့်ခိုင်(သရက်)
(ဓမ္မာစရိယ,ဘီအေ,အိပ်ချ်ဂျီပီ)

ဆရာတော်ဘဒ္ဒန္တကေသရထေရ် စီစဉ်ထားသည့်

ဗုဒ္ဓဘာသာဝင်အများစုအတွက်

အသုံးကျမည့်

၁။ ဘုရားဟောတဲ့ နတ်ပူဇော်နည်း

၂။ မြန်မာ့အသိ တရားတော်များ

၃။ ပုံတော်မြင် ဘုရားရှိခိုး....စာအုပ်များနှင့်

မျက်မှောက်ခေတ်စာသင်သားများအတွက်

အသုံးကျမည့်

၄။ အောင်မင်္ဂလာ မြန်မာနာမ်ပိဘတ်နက်များ

၅။ အောင်မင်္ဂလာ စာသင်သားကိုင် ဆန်း

၆။ အောင်မင်္ဂလာ ဓာတုကထာ ဟောနည်း

၇။ အောင်မင်္ဂလာ မြန်မာ သင်္ဂြိုဟ်....စာအုပ်များ

ဆက်လက်ထွက်ပေါ်လာမည်။



မြတ်စွာဘုရားနှင့်
ဗာကုဿောကိပုဏ္ဏား

ရှင်တော်မြတ်ဘုရားအား ဗာကုဿောကိ ပုဏ္ဏားကြီးက အရှင်မြတ်ဘုရား ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိဘဘိုးဘွား ဆွေမျိုး သားချင်းများဟာ အဲဒီအလှူ၏ အကျိုးတရားကို ခံစားခွင့် ရရှိကြပါသလား ဘုရားဟူ....

နမော ဗုဒ္ဓါယ၊ သိဒ္ဓမ်။

# မြတ်စွာဘုရားနှင့် ဇာဏုသောဏိပုဏ္ဏား

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်အခါတုန်းက ဖြစ်ပါတယ်။ ဇာဏုသောဏိပုဏ္ဏား ဟာ မြတ်စွာဘုရားထံတော်မှောက် ရောက်ရှိလာပြီး၊ မြတ်စွာ ဘုရားနဲ့အတူ ဝမ်းသာစရာ, အမှတ်ရစရာ စကားများကို လျှောက်ထားပြောဆိုပြီးနောက် သင့်တော်တဲ့ နေရာမှာ ထိုင် နေပါတယ်။ ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီးအား ဒီလိုမေးခွန်းစကား လျှောက်ထားလိုက်ပါတယ်။

## ခံစားခွင့် ရှိ,မရှိ သိပါရစေ

"ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား....တပည့်တော် များဟာ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိဘ ဘိုးဘွား ဆွေမျိုးသားချင်းများအတွက် ရည်မှန်းကြပြီး 'ဒီအလှူ ဟာ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိဘ ဘိုးဘွား ဆွေမျိုးသားချင်းများအတွက် ဖြစ်ပါစေ၊ ဒီအလှူရဲ့ အကျိုးတရားကို ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိဘ

ဘိုးဘွား ဆွေမျိုးသားချင်းများ ခံစားကြရပါစေ' လို့ အလှူကို ပေးလှူနေကြပါတယ်"။

"ရှင်တော်မြတ်ဘုရား... မေးလျှောက်ခွင့်ပြုတော်မူပါ၊ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိဘ ဘိုးဘွား ဆွေမျိုးသားချင်းများဟာ အဲဒီအလှူရဲ့ အကျိုးတရားကို ခံစားခွင့် ရရှိကြပါသလား ဘုရား" လို့ လျှောက်ထားလိုက်ပါတယ်။

"ဒကာတော် ဇာဏုဿောဏိ ခံစားခွင့်ရတဲ့ ဘုံဘဝလဲ ရှိတယ်၊ ခံစားခွင့် မရတဲ့ ဘုံဘဝများလဲ ရှိကြတယ်" လို့ မြတ်စွာဘုရားက အကျဉ်းအားဖြင့် ဖြေကြားတော်မူပါတယ်။

"ရှင်တော်မြတ်ဘုရား.... ဒီလိုအကျဉ်းစကားမျှ ဖြေကြားတော်မူတာ ဘို့ တပည့်တော်များ နားမလည်နိုင်ကြပါ၊ 'ဘယ်လို ဘုံဘဝမျိုးမှာ ခံစားခွင့်ရှိတယ်၊ ဘယ်လိုဘဝမျိုးမှာ ခံစားခွင့်မရှိဘူး' ဆိုတာကို အကျယ်အားဖြင့် ဆက်လက်မိန့်ကြားတော်မူပါဦးဘုရား" လို့ ဇာဏုဿောဏိက တောင်းပန်ပါတယ်။

ငရဲဘုံရောက်သူများ ခံစားခွင့်မရှိ

(က) "ဒကာတော် ဇာဏုဿောဏိ ဒီလောကမှာ အချို့ ပုဂ္ဂိုလ်ဟာ–

၁။ သတ္တဝါရဲ့အသက်ကို သတ်ဖြတ်လေ့ရှိခြင်း,

၂။ ပိုင်ရှင်မပေးတဲ့ ပစ္စည်းကို မတရားတဲ့နည်းနဲ့ ယူလေ့ရှိခြင်း,

၃။ ကာမတရားတို့၌ ကဲ့ရဲ့ထိုက်အောင် မှားမှား ယွင်းယွင်း ကျင့်ကြံလေ့ရှိခြင်း,

၄။ မဟုတ်မမှန် လုပ်ကြံ၍ ပြောဆိုလေ့ရှိခြင်း,

၅။ ချစ်ခင်နေသူနှစ်ဦး သဘောထား ကွဲပြားအောင် ကုန်းတိုက်စကား ပြောကြားလေ့ ရှိခြင်း,

၆။ ရှန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းလေ့ ရှိခြင်း,

၇။ အနက်အဓိပ္ပာယ်ကင်းမဲ့တဲ့ စကားကို ပြောကြားလေ့ရှိခြင်း,

၈။ သူတစ်ပါး စည်းစိမ်ကို မတရားတဲ့နည်းနဲ့ ရယူနိုင်အောင် ကြံဆောင်လေ့ရှိခြင်း,

၉။ သူတစ်ပါးအသက်ကို သေစေလိုတဲ့ စိတ်ထားရှိခြင်း,

၁၀။ ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးတရားမရှိ စသည်ဖြင့် မှားယွင်းတဲ့ အယူအမြင်ကိုလက်ခံထားရှိခြင်း ဆိုတဲ့မကောင်းတဲ့ အကျင့်တရား (ဒုစရိုက်) ဆယ်ပါး ကို ကျင့်သုံးနေတယ်”

အဲဒီပုဂ္ဂိုလ်ဟာ ခုဘဝ ကိုယ်ခန္ဓာ ပျက်စီးလို့သေဆုံးပြီးတဲ့ အခါ ငရဲဘုံငရဲဘဝ ရောက်သွားရတတ်ပါတယ်။ ငရဲဘုံငရဲဘဝ ရောက်သွားရတဲ့အခါ ငရဲသူငရဲသားများ ရသင့်ရထိုက်တဲ့ အစာ အာဟာရနဲ့သာ မျှတနေရပါတယ်။

ဒီငရဲဘုံငရဲဘဝဟာ လူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်း များက ပေးလှူမှု ပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို ခံစား ခွင့်မရှိတဲ့ ဘုံဘဝ တစ်ခုဖြစ်ပါတယ်။

တိရစ္ဆာန်ဘုံ ရောက်သူများ ခံစားခွင့်မရှိ

(ခ) ဒကာတော် ဇာဏုဿောဏိ ဒီလောကမှာ အချို့ ပုဂ္ဂိုလ်ဟာ ဆိုးခဲ့ပြီးတဲ့ မကောင်းတဲ့အကျင့်တရား (ဒုစရိုက်) ဆယ်ပါးကို ကျင့်သုံးနေတယ်။

အဲဒီပုဂ္ဂိုလ်ဟာ ခုဘဝ ကိုယ်ခန္ဓာပျက်စီးလို့ သေဆုံးပြီးတဲ့ အခါ တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝသို့ ရောက်သွားရတတ်ပါ တယ်။ တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝ ရောက်သွားရတဲ့အခါမှာလဲ တိရစ္ဆာန်သတ္တဝါတို့ ရသင့်ရထိုက်တဲ့အစာအာဟာရနဲ့သာ မျှတ နေရပါတယ်။

ဒီတိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝဟာလဲ လူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှုပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ် အဖို့ကို ခံစားခွင့်မရှိတဲ့ ဘုံဘဝတစ်ခုဖြစ်ပါတယ်။

## လူ့ဘုံရောက်သူများ ခံစားခွင့်မရှိ

(၈) ဒကာတော် ဇာဏုဿောဏိ ဒီလောကမှာ အချို့ပုဂ္ဂိုလ်ဟာ–

၁။ သတ္တဝါရဲ့ အသက်ကိုသတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်း,

၂။ ပိုင်ရှင်မပေးတဲ့ ပစ္စည်းကို မတရားတဲ့နည်းနဲ့ ယူမှုမှရှောင်ကြဉ်ခြင်း,

၃။ ကာမ တရားတို့၌ ကွဲရှဲထိုက်အောင် မှားမှား ယွင်းယွင်း ကျင့်ကြံမှုမှ ရှောင်ကြဉ်ခြင်း,

၄။ မဟုတ်မမှန်လုပ်ကြံ၍ ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း,

၅။ ချစ်ခင်နေသူနှစ်ဦး သဘော ကွဲပြားအောင် ကုန်းတိုက်စကား ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း,

၆။ ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆို ကြိမ်းမောင်းမှုမှ ရှောင်ကြဉ်ခြင်း,

၇။ အနက်အဓိပ္ပါယ် ကင်းမဲ့သောစကားကို ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း,

၈။ သူတစ်ပါးစည်းစိမ်ကို မတရားသောနည်းဖြင့် ရယူနိုင်အောင် ကြံဆောင်လေ့ မရှိခြင်း,

၉။ သူတစ်ပါး အသက်ကို သေစေလိုသော စိတ်ထား မရှိခြင်း

၁၀။ ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးတရားမရှိ၊ သေညပ်ဖြင့် မှားယွင်းဖောက်ပြန် မမှန်ကန်တဲ့ အယူအမြင်ကို လက်မခံဘဲ မှန်ကန်သော အယူအမြင်ကိုသာ လက်ခံထားရှိခြင်း ဆိုတဲ့ ကောင်းတဲ့အကျင့်တရား (သုစရိုက်)ဆယ်ပါးကို ကျင့်သုံးနေတယ်။

အဲဒီပုဂ္ဂိုလ်ဟာ ခုဘဝ ကိုယ်ခန္ဓာပျက်စီးလို့ သေဆုံးပြီးတဲ့အခါ လူ့ဘုံလူ့ဘဝ ရောက်သွားရတတ်ပါတယ်။ လူ့ဘုံလူ့ဘဝ ရောက်သွားတဲ့အခါ လူပုဂ္ဂိုလ်များ ရသင့်ရထိုက်တဲ့ အစာအာဟာရနဲ့သာ မျှတနေရပါတယ်။

ဒီလူ့ဘုံဘဝဟာလဲ ဟိုရှေး လူ့ပြည်ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှု ပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့်မရနိုင်တဲ့ ဘုံဘဝ တခုဖြစ်ပါတယ်။

## နတ်ဘုံရောက်သူများ ခံစားခွင့်မရှိ

(ဃ) ဒကာတော် ဇာဏုဿောဏိ ဒီလောကမှာ အချို့ပုဂ္ဂိုလ်ဟာ အဆိုခဲ့ပြီး တဲ့ ကောင်းတဲ့အကျင့်တရား (သုစရိုက်) ဆယ်ပါးကို ကျင့်သုံးနေပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ ခုဘဝကိုယ်ခန္ဓာပျက်စီးလို့ သေဆုံးပြီးတဲ့အခါ နတ်ဘုံနတ်ဘဝ ရောက်သွားရပါတယ်။ နတ်ဘုံနတ်ဘဝ

ရောက်သွားတဲ့အခါမှာလဲ နတ်သားနတ်သမီးများ ရသင့်ရထိုက်တဲ့ အစာအာဟာရနဲ့သာ မျှတနေရပါတယ်၊

ဒီနတ်ဘုံနတ်ဘဝဟာလဲ ဟိုရှေးလူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှု ပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့်မရနိုင်တဲ့ ဘုံဘဝတစ်ခုဖြစ်ပါတယ်။

## ပြိတ္တာဘုံရောက်သူအချို့ ခံစားခွင့်ရှိတယ်

(င) ဒကာတော် ဇာဏုဿောဏိ ဒီလောကမှာ အချို့ပုဂ္ဂိုလ်ဟာ ဆိုခဲ့ပြီးတဲ့ မကောင်းတဲ့ အကျင့်တရား (ဒုစရိုက်) ဆယ်ပါးကို ကျင့်သုံးနေပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ ခုဘဝ ကိုယ်ခန္ဓာပျက်စီးလို့ သေပြီးတဲ့အခါ ပြိတ္တာဘုံ ပြိတ္တာဘဝ ရောက်သွားရတတ်ပါတယ်။ ပြိတ္တာဘုံ ပြိတ္တာဘဝ ရောက်သွားတဲ့အခါ ပြိတ္တာဘုံသား သတ္တဝါအများ ရသင့်ရထိုက်တဲ့ အစာအာဟာရနဲ့သာ မျှတနေရတဲ့ ပြိတ္တာမျိုးလဲ ရှိပါတယ်။

ဟိုရှေး လူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှုပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို ပြည့်ပြည့်စုံစုံ ခံစားခွင့်ရနိုင်တဲ့ ပြိတ္တာမျိုးလဲရှိပါတယ်။

ဒီပြိတ္တာဘုံ ပြိတ္တာဘဝဟာ ဟိုရှေး လူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှုပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့်ရနိုင်တဲ့ ဘုံဘဝတစ်ခု ဖြစ်ပါတယ် လို့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူ့ပြည်လူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှု ပြုလုပ်ဝေငှတဲ့ ဒါန ကုသိုလ်အဖို့ကို ခံစားခွင့်မရနိုင်တဲ့ ဘုံဘဝလေးမျိုးနဲ့ ခံစားခွင့်ရနိုင်တဲ့ ဘုံဘဝတစ်မျိုးရဲ့ တစ်စိတ်တစ်ဒေသကို ခွဲခြားဟောပြတော်မူပါတယ်။

ပြိတ္တာဘုံမှာ ဆွေမျိုးမရှိရင် ဘယ်သူခံစားမလဲ

"ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရား.... အကယ်၍ ကွယ်လွန်သွားကြရတဲ့ မိဘဘိုးဘွား ဆွေးမျိုးသားချင်းများဟာ ပြိတ္တာဘုံပြိတ္တာဘဝကို မရောက်ကြဘူး၊ ပြိတ္တာဘုံ ပြိတ္တာဘဝမှာ မရှိကြဘူးဆိုရင် လူ့ဘုံလူ့ဘဝက ဆွေမျိုးသားချင်းများက ပေးလှူမှုပြုလုပ်ဝေငှတဲ့ ဒါနကုသိုလ်အဖို့ကို အဘယ်ပုဂ္ဂိုလ်က သုံးဆောင်ခံစားပါတော့မလဲဘုရား" လို့ ဒကာတော် ဇာဏုသောဏိက စဉ်းစဉ်းစားစားနဲ့ လျှောက်ထားလိုက်ပါတယ်။

"ဒကာတော် ဇာဏုသောဏိ အလွန့်အလွန် ရှည်လျားလှစွာသော ဘဝသံသရာမှာ ကျင်လည်နေကြရတဲ့ ပုဂ္ဂိုလ်များအတွက် ကွယ်လွန်သူ မိဘဘိုးဘွား ဆွေးမျိုးသားချင်းများ လုံးဝမရှိဘဲ ကင်းဆိတ်နေတဲ့ ဘုံဌာနရယ်လို့ မရှိစကောင်းပါ"။

" တစ်နည်းအားဖြင့် ပြောကြားရမယ်ဆိုရင် မူလလှူဒါန်းသူ အလှူရှင်ပုဂ္ဂိုလ်က အဲဒီဒါနကုသိုလ်ရဲ့ အကျိုး-

တရားများကို မချကေန် အမှန်တကယ် ခံစားရမယ်ဖြစ်ပါတယ်။ လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်ဟာ အကျိုးမဲ့ ဖြစ်မသွားနိုင်ပါ”လို့ မြတ်စွာဘုရားက အကျယ်တဝင့်ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

## ခံစားခွင့်ရ, မရ ထပ်မံရှင်းပြ

ပြဆိုခဲ့ပါ ဇာတကဿော ဇာတိသုတ်တော်လာ တရားတော်အဖြာဖြာတို့ကို ခြုံငုံလေ့လာကြည့်ရင် ပစ္စုပ္ပန်လူ့ဘဝက ကွယ်လွန်ကြပြီး ဘဝတစ်ပါး ပြောင်းသွားကြရသူများအတွက် လူ့ပြည်လူ့ဘဝက ကျန်ရစ်သူဆွေမျိုးသားချင်းများက အလှူဒါနပြုကြ၍ အမျှအတန်းပေးဝေကြသော်လဲ ယင်းအလှူဒါနရဲ့ အကျိုးတရား ခံစားခွင့်များကို–

၁။ ငရဲဘုံငရဲဘဝ ရောက်နေသူများ မရနိုင်ကြ၊
၂။ တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝရောက်နေသူများမရနိုင်ကြ၊
၃။ လူ့ဘုံလူ့ဘဝ ရောက်နေသူများ မရနိုင်ကြ၊
၄။ နတ်ဘုံနတ်ဘဝ ရောက်နေသူများ မရနိုင်ကြ၊
၅။ ပြိတ္တာဘုံ ပြိတ္တာဘဝ ရောက်နေသူများထဲမှ အချို့မရနိုင်ကြဘဲ အချို့ကသာ ရနိုင်ကြတာကို တွေ့မြင်ရမယ်ဖြစ်ပါတယ်။

## အကြောင်းရင်းက ဒီလိုရှိတယ်

အကျိုးတရား ခံစားခွင့် ရနိုင်ခြင်း မရနိုင်ခြင်းတို့ရဲ့ အကြောင်းရင်းကို ရှင်းလင်းသေချာ သိထားသင့်ပါတယ်။

ရှင်းလင်းပြပါဦးမယ်။ လူ့ပြည်လူ့လောကမှာ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက ဘဝတစ်ပါး ပြောင်းရွှေ့သွားကြရသူများအတွက် အလှူဒါနပြုလုပ်ကြပြီး၊ ယင်းအလှူဒါနရဲ့ အဖို့ကို ဘဝတစ်ပါး ပြောင်းရွှေ့သွားကြရသူများအား အမျှအတန်းပေးဝေကြပါသော်လဲ တပါလွန်နောက်ဘဝ ရောက်နေသူများက ရှင်သန်းဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ပြီး လက်ခံကြမှသာ ရနိုင်ပါတယ်။ ပေးကမ်းသူရှိပေမယ့် ဆိုင်ရာပုဂ္ဂိုလ်က လက်မခံပါက မရနိုင်ပါ။

ငရဲဘုံ ငရဲဘဝ၊ တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝ၊ လူ့ဘုံလူ့ဘဝနဲ့ နတ်ဘုံနတ်ဘဝ ရောက်နေကြသူများမှာ သာဓုအနုမောဒနာ မခေါ်နိုင်ကြတဲ့အတွက် မရနိုင်ခြင်း ဖြစ်ပါတယ်။

မှန်ပါတယ်၊ ငရဲဘုံ, တိရစ္ဆာန်ဘုံ, လူ့ဘုံနှင့်နတ်ဘုံ ရောက်နေကြသူများဟာ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက အမျှအတန်းပေးဝေသည်ကို မသိကြ၍ သာဓုမခေါ်နိုင်ကြပါ။

ပြိတ္တာဘုံ ရောက်နေကြသူများထဲမှာလဲ–

(၁)။ ခုပ္ပိပါသိက ပြိတ္တာ

(၂)။ နိဇ္ဈာမတဏှိက ပြိတ္တာနှင့်

(၃)။ ကာလကဉ္စိကပြိတ္တာတို့ဟာ သာဓုမခေါ်နိုင်ကြပါ။ သို့ဖြစ်၍ ထိုသာဓုမခေါ်နိုင်ကြတဲ့ ပုဂ္ဂိုလ်များဟာ လူ့ဘုံလူ့ဘဝမှာ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက အမျှအတန်းပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကိုခံစား

ခွင့်မရနိုင်ကြခြင်း ဖြစ်ပါတယ်။ မောနိကပြိတ္တာ ခေါ် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးတို့သာ လူ့ဘုံလူ့ဘဝမှ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက အမျှအတန်းပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့်ရနိုင်ကြပါတယ်။

မှတ်ချက်။ ။၁။ ခုပ္ပိပါသိက ပြိတ္တာဟူသည် - ထမင်းဆာလောင်ခြင်း၊ ရေမွတ်သိပ်ခြင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက်ခံနေရသော ပြိတ္တာမျိုးဖြစ်သည်။

၂။ နိဇ္ဈာမတဏှိက ပြိတ္တာဟူသည်-အမြဲအကြွင်းမဲ့ လောင်ကျွမ်းခံနေရသောဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာမျိုး ဖြစ်သည်။

၃။ ကာလကဥ္စိက ပြိတ္တာဟူသည်-အသူရကာယ်ဟု သီးခြား ခေါ်ဝေါ်အပ်သော ပြိတ္တာအကြီးစားမျိုး ဖြစ်သည်။

၄။ ပရဒတ္တူပဇီဝိက ပြိတ္တာဟူသည် - သူတစ်ပါးတို့က ပေးအပ်သောအစာကို အမှီပြု၍ အသက်ရှင်နေရသောပြိတ္တာမျိုးဖြစ်သည်။

ခံစားခွင့်ရနိုင်တယ် ဆိုသော်လဲ သာဓု အနုမောဒနာ ခေါ်မှသာ ရနိုင်မှာဖြစ်လို့ အမျှအတန်းပေးဝေတဲ့ ဌာနရဲ့ အနီးအပါးမှာ ရှိနေခြင်း, အမျှအတန်း ပေးဝေတဲ့အသံကို ကြားသိရခြင်း, ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ခြင်းဆိုတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံမှသာ ခံစားခွင့်ရှိကြောင်းကို သိထားရမယ် ဖြစ်ပါတယ်။

"ဝေမာနိက ပြိတ္တာခေါ် ပရဒတ္တူပဇီဝိက ပြိတ္တာမျိုးမှာဖြစ်နေကြရသော်လဲ အမျှအတန်း ပေးဝေတဲ့ဌာနနဲ့ ဝေးကွာနေသူ, အမျှအတန်းပေးဝေတဲ့ အသံကို မကြားရသူနဲ့ သာဓုမခေါ်မိ သူများကတော့ လူ့ဘုံလူ့ဘဝမှ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက ဒါနကုသိုလ်ပြုလုပ်၍ အမျှအတန်း ပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့် မရနိုင်ကြပါဘူး"လို့ မှတ်သားရမယ် ဖြစ်ပါတယ်။

ဤမျှဖြင့် ပစ္စုပ္ပန်လူ့ဘဝမှ ကွယ်လွန်ကြပြီး တမလွန်နောက်ဘဝ ရောက်နေကြရသူများအတွက် ရည်မှန်း၍လှူဒါန်းပြီး အမျှအတန်းပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကို ခံစားခွင့် မရနိုင်ကြတဲ့ ဘုံဘဝနဲ့ပုဂ္ဂိုလ်များကိုရော ခံစားခွင့်ရနိုင်ကြတဲ့ ဘုံဘဝနဲ့ ပုဂ္ဂိုလ်များကိုပါ ကွဲပြားခြားနားစွာ သဘောပေါက်နားလည်ကြပြီဖြစ်ပါတယ်။

## လွန်သူရည်မှန်း လှူဒါန်းရာဝယ်

အပြည့်အစုံ နားလည်နိုင်ရန်အတွက် ဖော်ပြမည့်အချက်အလက်များကို ဆက်လက်လေ့လာ မှတ်သားရမယ် ဖြစ်ပါ

တယ်။ မတာကာဘဏ္ဍခေါ် ကွယ်လွန်သူကို ရည်မှန်း၍ လှူဒါန်းတဲ့ဆွမ်းသွတ်အလှူပွဲများအတွက် ပြည့်စုံရမည့်အချက်များမှာ–

၁။ အလှူခံပုဂ္ဂိုလ်ရဲ့ဂုဏ်အင်္ဂါနဲ့ပြည့်စုံမှု,

၂။ အလှူပေးပုဂ္ဂိုလ်ရဲ့ စိတ်ထားတတ်ကျွမ်းမှု,

၃။ လှူဖွယ်ပစ္စည်းများအမျိုးအစား ပြည့်စုံမှု,

၄။ အလှူပေးပုဂ္ဂိုလ်က အမျှအတန်းပေးဝေမှု နဲ့

၅။ နောက်ဘဝရှိ ပုဂ္ဂိုလ်က ဝမ်းမြောက် ရွှင်လန်းစွာ သာဓုအနုမောဒနာ ခေါ်ဆိုမှုဘို့ဖြစ်ပါတယ်။

## အလှူခံပုဂ္ဂိုလ်

ရှင်းပြပါဦးမယ်။

ဆွမ်းသွတ်အလှူပွဲမှာ အလှူခံပုဂ္ဂိုလ်ဟာ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံသူဖြစ်ဖို့ရာ အလွန်အရေးကြီးပါတယ်။ အလှူခံပုဂ္ဂိုလ်ဟာ ဂုဏ်အင်္ဂါနဲ့ မပြည့်စုံ, အကျင့်သိက္ခာမရှိတဲ့ အတုအယောင် ဒုဿီလ ပုဂ္ဂိုလ်ဖြစ်နေရင် အကြိမ်များစွာ ထပ်ကာထပ်ကာ လှူဒါန်း၍-အမျှအတန်းပေးဝေပါသော်လဲ လိုအပ်တဲ့အကျိုး မပြီးဘဲ ဖြစ်နေတတ်ပါတယ်။ သို့ဖြစ်၍ ဆွမ်းသွတ်အလှူပွဲမှာ အလှူခံပုဂ္ဂိုလ်ဟာ–

၁။ ကိလေသာကင်းတဲ့ ဂုဏ် (သို့မဟုတ်) ကိလေသာကင်းအောင် ကျင့်နေတဲ့ဂုဏ်,

၂။ ဗဟုသုတ ကြွယ်စတဲ့ဂုဏ်,

၃။ ကိုယ်ကျင့်သီလပြည့်ဝတဲ့ဂုဏ်,

၄။ အယုတ်ဆုံး ကံနဲ့ ကံရဲ့ အကျိုးကိုယုံ ကြည်ပြီး သရဏဂုံတည်တဲ့ဂုဏ်။ ဒီဂုဏ်ပုဒ်များနဲ့ ပြည့်စုံဖို့ ရာ လိုအပ်ပါတယ်။

မှတ်ချက်။ ။ဒီနေရာမှာ အလှူခံပုဂ္ဂိုလ်လို့သာ ဆိုထားတဲ့ စကားလုံးကို သတိပြုသင့်ပါတယ်။ ဆိုခဲ့ပါ ဂုဏ်ပုဒ်များနဲ့ ပြည့်စုံရင် ရဟန်းပုဂ္ဂိုလ်ကို ဖြစ်စေ၊ သာမဏေပုဂ္ဂိုလ်ကိုဖြစ်စေ၊ သီလရှင် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အိမ်မှာနေသူလူပုဂ္ဂိုလ်ကို ဖြစ်စေ အလှူခံပုဂ္ဂိုလ်အဖြစ် ထားရှိပြီး လှူဒါန်းနိုင်ပါတယ်။

## အလှူပေး ပုဂ္ဂိုလ်ရဲ့စိတ်ထား

ဆွမ်းသွတ်အလှူပွဲမှာ အလှူပေးပုဂ္ဂိုလ်ရဲ့ စိတ်ထား တတ်ကျွမ်းမှုဟာလဲ အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။တမလွန် နောက်ဘဝ ပြောင်းသွားရသူအတွက် ရည်မှန်းချက် စိတ်ထား မပါဘဲ လှူဒါန်းပါက အဲဒီအလှူရဲ့ အကျိုးတရားကို အလှူ ပေးပုဂ္ဂိုလ်သာ ရနိုင်ပါတယ်။ တမလွန်နောက်ဘဝ ပြောင်း သွားသူမရနိုင်ပါ။

တမလွန်နောက်ဘဝ ပြောင်းသွားသူ တစ်ဦးတစ်ယောက် အတွက်သာ ရည်မှန်းတဲ့ စိတ်ထားနဲ့ လှူဒါန်းပါက အဲဒီအလှူ

ရဲ့အကျိုးတရားကို ရည်ရွယ်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရော အလှူပေးပုဂ္ဂိုလ်ပါ ရနိုင်ပါတယ်။

မကြာမီကာလက တမလွန်နောက်ဘဝ ပြောင်းသွားသူ အတွက်ရော ရှေးလွန်လေပြီးသော နှစ်ပေါင်းများစွာ ဘဝ ပေါင်းများစွာက တမလွန်နောက်ဘဝ ပြောင်းသွားကြရသူ မိဘ ဘိုးဘွား ဆွေမျိုး သားချင်းများအားလုံးအတွက်ပါ ရည်မှန်းတဲ့ စိတ်ထားနဲ့ လှူဒါန်းပါက အဲဒီအလှူရဲ့ အကျိုးတရား ကို ရည်မှန်းချက်တွင် ပါဝင်တဲ့ ပုဂ္ဂိုလ်အားလုံးရော အလှူပေး ပုဂ္ဂိုလ်တို့ပါ ရနိုင်ကြပါတယ်။

ဒါကြောင့် ဆွမ်းသွတ်အလှူ ပေးလှူတဲ့အခါ မကြာမီက ကွယ်လွန်သူတစ်ဦးတစ်ယောက် အတွက်သာမက ယခုဘဝမှာ ရော ဘဝများစွာ သံသရာအဆက်ဆက်ကပါ ကွယ်လွန်ခဲ့ကြ ရတဲ့ မိဘ ဘိုးဘွား ဆွေမျိုးသားချင်းများ အားလုံးအတွက် ရည်မှန်းနိုင်တဲ့ စိတ်ထားမျိုးရှိအောင် စိတ်သားကိုပြုပြင်နိုင် ကြပါစေ။

## လှူဖွယ်ပစ္စည်း အမျိုးအစား

ဆွမ်းသွတ်အလှူ ပေးလှူတဲ့အခါ လှူဖွယ်ပစ္စည်းအမျိုး အစား ပြည့်စုံစွာပါဝင်အောင် စီစဉ်တတ်မှုကလဲ ပို၍အရေး ကြီးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အလှူ ပွဲတွင်ထည့်သွင်းပေးလှူတဲ့ လှူဖွယ်ပစ္စည်းများရဲ့ အကျိုး တရားတို့ကိုသာ တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ပုဂ္ဂိုလ် များ ခံစားခွင့်ရနိုင်ကြသောကြောင့် ဖြစ်ပါတယ်။

မှန်ပါတယ်။ စားစရာပစ္စည်းကို လှူဒါန်းပြီး အမျှဝေရင် စားစရာ တစ်မျိုးကိုသာ ခံစားခွင့်ရနိုင်မယ် ဖြစ်ပါတယ်။ သောက်စရာသုံးစရာ ပစ္စည်းတစ်မျိုးကိုသာ လှူဒါန်းပြီး အမျှ ပေးဝေရင်လဲ သောက်စရာ သုံးစရာ တစ်မျိုးကိုသာ ခံစားခွင့် ရနိုင်မယ်ဖြစ်ပါတယ်။ ဝတ်စရာ ရုံစရာပစ္စည်း တစ်မျိုးကိုသာ လှူဒါန်းပြီး အမျှအတန်း ပေးဝေပြန်ရင်လဲ ဝတ်စရာရုံစရာ တစ်မျိုးကိုသာ ခံစားခွင့် ရနိုင်မယ် ဖြစ်ပါတယ်။ ခိုစရာ အောင်းစရာ ပစ္စည်းတစ်မျိုးကိုသာ လှူဒါန်းပြီး အမျှအတန်း ပေးဝေရင်လဲ ခိုအောင်းစရာဘုံဗိမာန် တစ်မျိုးကိုသာ ခံစားခွင့် ရနိုင်မယ် ဖြစ်ပါတယ်။ စီးနင်းသွားစရာ ပစ္စည်းတစ်မျိုးတည်း ကိုသာ လှူဒါန်းပြီး အမျှအတန်းပေးဝေပြန်ရင်လဲ စီးနင်း သွားစရာ ယာဉ်တစ်မျိုးကိုသာ ခံစားခွင့် ရနိုင်မယ်ဖြစ်ပါ တယ်။

ဒါကြောင့် ဆွမ်းသွတ်အလှူ ပေးလှူတဲ့အခါမှာ—

၁။ စားစရာ, ခဲစရာ ဆွမ်း ဆွမ်းဟင်း, မုန့်ပဲသရေစာ၊

၂။ သောက်စရာ, သုံးစရာ အဖျော်ယမကာနဲ့ရေ၊

၃။ ဝတ်စရာ, ရုံစရာ အဝတ်သင်္ကန်း, မျက်နှာသုတ်ပုဝါ၊

၄။ ခိုစရာ, အောင်းစရာ ထီး (သို့မဟုတ်) ယပ်နဲ့၊

၅။ စီးနင်းသွားစရာ ဖိနပ်, ဒီပစ္စည်း ၅-မျိုး အောက် မနည်းစေဘဲ ပါဝင် လှူဒါန်းသင့်ပါတယ်။

မှတ်ချက်။ ။ဒီအလှူပစ္စည်း အမျိုးအစားခွဲခြားရာမှာ "ဆေး ဝါး ပစ္စည်း လှူ ဒါန်း မှု ကို လဲ သောက်စရာ အလှူထဲမှာ ထည့်သွင်း ရေတွက်ပါ"လို့ အဋ္ဌကထာဆရာ မှာထား ခဲ့ပါတယ်။

ပါနီယဒါနေ န ဟေတ္တ ဘေသဇ္ဇဒါနမ္ပိ သင်္ဂဟိတံ။ ပေတ၊ ဋ္ဌ၊ ၁၇၁။

အသုံးဝင်တဲ့ ပစ္စည်းအမျိုးအစား စုံစုံလင်လင် ပါဝင်မှု ကိုသာ ဂရုစိုက်ရန် လိုအပ်ပါတယ်။ အဖိုးတန်ပစ္စည်း ဖြစ် ရမယ်။ အရေအတွက် များရမယ်လို့ မဆိုလိုပါဘူး။

ဥပမာ— စားစရာအတွက် ဆွမ်းတစ်ပန်းကန်, သို့မဟုတ် မုန့်တစ်ခု။ သောက်သုံးစရာအတွက် ရေတစ်ဖန်ခွက်။ ဝတ်ရုံ စရာ အဝတ်အထည် အတွက် လက်သုတ်ပုဝါ, သို့မဟုတ် လက်ကိုင်ပုဝါတစ်ထည်။ ခိုဆောင်းစရာအတွက် ယပ်တောင် တစ်ချောင်းနဲ့ စီးနင်းသွားစရာတွက် အပေါစားဖိနပ်တစ်ရန်မျှ ပါဝင်ရင် လုံလောက်ပါပြီ။

အချို့အချို့သော ဆွမ်းသွတ်အလှူပွဲများမှာ ငွေကြေး ရာပေါင်းများစွာ ထောင်ပေါင်းများစွာ အကုန်အကျခံပြီး လှူဒါန်းကြပါသော်လဲ စာလာပေလာ နည်းစနစ်နဲ့ ကိုက်ညီ အောင် မစီစဉ်တတ်တဲ့အတွက် စားစရာနဲ့ သောက်စရာ နှစ်မျိုး

လောကသာ ပါဝင်လှူဒါန်းနေကြတာကို ဝမ်းနည်းစရာ တွေ့မြင်ရတတ်ပါတယ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များဟာ မိရိုးဖလာ ဗုဒ္ဓ ယဉ်ကျေးမှု များစွာတို့ကို အရင်းကျကျ နားလည်သဘော ပေါက်အောင် ဆရာကောင်း သမားကောင်းများထံ နည်းခံ လေ့လာ၍ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ကြပါစေ။

## အလှူပေးပုဂ္ဂိုလ်က အမျှပေးဝေ

ဆွမ်းသွတ်အလှူပွဲမှာ အလှူပေးပုဂ္ဂိုလ်က အမျှအတန်း ပေးဝေမှုဟာလဲ အရေးကြီးတဲ့ အချက်တစ်ခုပဲ ဖြစ်ပါတယ်။ အလှူပေးပုဂ္ဂိုလ်ကိုယ်တိုင်က "ကွယ်လွန်သူများအတွက် ရည်မှန်း၍ လှူဒါန်းပြီး၊ ကွယ်လွန်သူများအား အမျှအတန်း ပေးဝေရင် ဒီဒါနကုသိုလ်ရဲ့ အကျိုးတရားကို ကွယ်လွန်သူများ ရရှိနိုင်တယ်" ဆိုတဲ့ အချက်ကို လက်ခံယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပေးလှူပြီး ဒါနကုသိုလ်ကို ကိုယ်ပိုင်ရရှိအောင် ရှေးဦးစွာ ယူထားလိုက်ရမယ် ဖြစ်ပါတယ်။

ပြီးမှ ကွယ်လွန်သူများအား အမျှအတန်း ပေးဝေရမယ် ဖြစ်ပါတယ်။ ဒီအမျှပေးဝေမှုကို ကွယ်လွန်သူများ အကယ်၍ ဝေမာနိက ပြိတ္တာဘုံမှာ ရှိနေကြပါက သိရှိနိုင်စေရန်အတွက် ရှိလောက်ရာဒေသကို မှန်းဆလျက် သွားရောက်ပြီး ကြိုကြိုတင် တင် ဖိတ်ကြား၍ အသိပေးထားသင့်ပါတယ်။

## သာဓု အနုမောဒနာ ခေါ်မှု

တမလွန် နောက်ဘဝမှာ ပေမာနိက ပြိတ္တာအဖြစ်သို့ ရောက်နေကြရတဲ့ မိဘဘိုးဘွား ဆွေမျိုးသားချင်းများကလဲ လူ့ပြည်လူ့ဘဝက ကျန်ရစ်သူ ဆွေမျိုးသားချင်းများရဲ့ အမျှအတန်းပေးဝေမှုကို သိရှိထားကြဖို့ရာ, မျှော်လင့်နေကြဖို့ရာ လိုအပ်ပါတယ်။ အမျှအတန်း ပေးဝေမှုကို မသိကြရင်, အမျှအတန်းပေးဝေသံကို မကြားကြရင်, သာဓုအနုမောဒနာ ခေါ်နိုင်ကြမယ် မဟုတ်ပါဘူး။ သာဓု မခေါ်နိုင်ပါက မိမိတို့အတွက် အခွင့်ကောင်းကြီးတစ်ခု ဆုံးရှုံးသွားကြရမယ် ဖြစ်ပါတယ်။

အမျှအတန်း ပေးဝေမှုကို သိရှိကြပြီး အမျှအတန်း ပေးဝေသံကိုကြားကြ၍ ဝမ်းမြောက်ရွှင်လန်းစွာ သာဓုအနုမောဒနာခေါ်လိုက်ကြသည်နှင့် တစ်ပြိုင်နက် အလှူပွဲတွင် ပါဝင်လှူဒါန်းထားတဲ့ ပစ္စည်းများနဲ့ နာမည်မျှသာတူညီပြီး အမျိုးအစား အလွန်ကောင်းမွန်, အရေအတွက်လဲ အဆပေါင်းများစွာ သာလွန်တဲ့ ပစ္စည်းပေါင်းများစွာတို့ကို တမလွန် နောက်ဘဝ ရောက်နေကြရတဲ့ ဆွေမျိုးသားချင်းများ ရရှိခံစားကြရမယ် ဖြစ်ပါတယ်။

## ဝတ္ထုဇာတ်လမ်းများက ထောက်ခံ

ယခုဖော်ပြခဲ့တဲ့ သဘောအဓိပ္ပာယ် အသွယ်သွယ်တို့ဟာမည်၍မည်မျှ မှန်ကန်တိကျကြောင်းကို ဆက်လက် ရေးသား

ထားတဲ့ ထေရဝါဒ ပိဋကတ်တော်လာ ဝတ္ထုဇာတ်လမ်း အဖြာဖြာတို့က အပြည့်အဝ ထောက်ခံကြပါလိမ့်မယ်။

ဝတ္ထုဇာတ်လမ်းအဖြာဖြာတို့ကို စေ့ငုသေချာစွာ ဆက်လက်၍ လေ့လာနိုင်ကြပါစေ။

၂၅-၉-၇၄
သောကြာနေ့



## တောရဆရာတော်နှင့် ပြိတ္တာမိသားစု

မှန်လှပါ သံဃာတော် အရှင်မြတ်တို့ဘုရား၊ ဤစားစရာဆွမ်း, ဆွမ်းဟင်းနဲ့ မုန့်ပဲသရေစာတို့ကို တမလွန်ဘဝပြောင်းသွားကြတဲ့ တပည့်တော်၏ ခမည်းတော်,မယ်တော်နဲ့နောင်တော်တို့အတွက် ရည်မှန်းပြီး အရှင်မြတ်တို့အား လှူဒါန်းပါ၏ ဘုရား....

# သောဝရဆရာတော်နှင့် ပြိတ္တာမိသားစု

## တစ်

ရှင်တော်ဗုဒ္ဓမြတ်စွာ ရှေ့လက်ထက်တော် အချိန်အခါက ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းမှာ သီတင်းသုံး စံနေတော်မူတဲ့အချိန် ကုဏ္ဍိမြို့သား ပေါင်္ဂပါဒ အမည်ရှိတဲ့ မထေရ်တစ်ပါးဟာ ကုဏ္ဍိမြို့အနီး သာဏတောင် ပေါ်ကျောင်းမှာ ၁၂-ပါးသော သံဃာတော်များနှင့်အတူ သီတင်းသုံးတော် မူနေပါတယ်။ သီတင်းသုံးရာဌာနကို အစွဲပြု ပြီး အဲဒီမထေရ်ကို သာဏဝါသီဆရာတော်လို့ ခေါ်ဝေါ်ကြ ပါတယ်။

## နှစ်

သာဏဝါသီ ဆရာတော်မှာ မိဘနှစ်ပါးနဲ့ အစ်ကိုတစ်ယောက် ရှိပါတယ်။ သူတို့ဟာ ရေလုပ်သွားရှာမှာ နေကြပြီး တစ်သက် ပတ်လုံး ရေလုပ်ငန်းကိုသာ လုပ်ကိုင်ခဲ့ကြပါတယ်။ လူ့ဘဝမှာ ကွယ်လွန်ကြတဲ့အခါ မိသားစုသုံးဦးလုံးဟာ ကုသိုလ်ကောင်းမှု တရားက နည်းပါးပြီး အကုသိုလ် မကောင်းမှု တရားကသာ များပြားတာကြောင့် ပေမာနိက ပြိတ္တာဘဝသို့ လားရောက် ကြရပါတယ်။

# သုံး

တစ်နေ့သောနံနက်ပိုင်း ဘာဏဝါသီဆရာတော် ဆွမ်းခံကြွ သွားတော်မူချိန် လမ်းခရီးအကြားမှာ ကိုယ်သင်ရှားပြလာတဲ့ ပြိတ္တာတစ်ဦးကို တွေ့ရပါတယ်။

ပြိတ္တာ .... "ကယ်တော်မူပါဘုရား၊ ကယ်တော်မူပါ"။

ဆရာတော် .... "ဟဲ့ သင် ဘယ်သူတုန်း"။

ပြိတ္တာ .... "မှန်လှပါ တပည့်တော်ဟာ လူ့ဘဝတုန်းက ဘာ့ ဆရာတော်ဘုရားရဲ့ နှောင်တော်ဖြစ်ပါတယ်။ ခုတော့ တပည့်တော် ပြိတ္တာဘုံရောက်နေရပါတယ်ဘုရား။ တပည့်တော်တစ်ယောက်သာမက ဆရာတော်ဘုရားရဲ့ ခမည်းတော် မယ်တော်များနှော မိသားစုသုံးယောက်လုံး ပြိတ္တာဘုံရောက်ကာ ဆင်းရဲတွင်း နစ်နေကြရပါတယ်ဘုရား"။

ဆရာတော် .... "ခမည်းတော်နဲ့ မယ်တော်တို့က ခု ဘယ်မှာနေကြသလဲ"။

ပြိတ္တာ .... "မှန်လှပါ၊ အစာရေစာ မစားသောက်ကြရလို့ ချည့်နဲ့ ပိန်ချုံး လူလုံးမလှတဲ့အပြင် အဝတ်မပါ ဗလာကိုယ်တည်း ဖြစ်နေကြတာနဲ့ ဆရာတော်ဘုရားထံမှောက် မလာရောက်ဝံ့ကြပါ၊ ခု ဟို

ဘက်က တောနက်ကြီးအတွင်းမှာ ရှိနေကြပါတယ်ဘုရား"။

ဆရာတော် .... "ခု သင်က ဘာကိစ္စနဲ့ လာခဲ့တာလဲ"။

ပြိတ္တာ .... "မှန်ပါ၊ အစားအစာ မစားရတဲ့ တပည့်တော်များ ဒုက္ခိတမိသားစုကို သနားကြင်နာတော်မူပါ"လို့ လျှောက်ထားတောင်းပန်ဖို့ရာ လာခဲ့တာ ဖြစ်ပါတယ် ဘုရား။

ဆရာတော် .... "ကောင်းပြီ၊ မကြာမီ စားစရာ အစားအစာ ရရှိအောင် ဆောင်ရွက်ပေးမယ်၊ မယ်တော်နဲ့ ခမည်းတော်တို့ကိုလဲ ပြောထားလိုက်"။

ပြိတ္တာ .... "မှန်ပါ အရှင်ဘုရား"။

## လေး

သာဏဝါသီ ဆရာတော်ဘုရားဟာ ဆွေမျိုးပြိတ္တာများအတွက် အစားအစာရရှိအောင် ဆောင်ရွက်ပေးမယ်လို့ ဝန်ခံစကား မိန့်ကြားတော်မူခဲ့ပြီး ကုက္ကုဋာမြို့ဖက်သို့ ဆက်လက်၍ ဆွမ်းခံကြွသွားတော်မူပါတယ်။

ဆွမ်းခံရာမှ ပြန်ရောက်တဲ့အခါ သာဏဝါသီ ဆရာတော်ဘုရားက ၁၂-ပါးသော အတူနေ သံဃာတော်များကို ပင့်ခေါ်စည်းဝေးကာ ခုလိုလျှောက်ထားတော်မူပါတယ်။

"သံဃာတော် အရှင်မြတ်တို့ဘုရား .... ဘုရားတပည့်တော် ရှိသေစွာ လျှောက်ထားပါတယ်၊ တပည့်တော်ရဲ့ဆွေမျိုး ပြိတ္တာများအတွက် သံဃိကဆွမ်း၊ လှူဒါန်းလုပ်ကျွေးလိုပါတယ်။ အဲဒါကြောင့် ဆရာတော် သံဃာတော်များ ရရှိတော်မူလာကြတဲ့ ဆွမ်း ခဲဖွယ်တို့ကို တပည့်တော်အား ပေးစွန့်တော်မူကြပါကုန်ဘုရား"။

သာကာဝါသီ ဆရာတော်ဘုရားက ခုလို လျှောက်ထားတောင်းပန်လိုက်တဲ့အခါ အတူနေ သံဃာတော် ၁၂-ပါးတို့က မိမိတို့ရရှိလာကြတဲ့ ဆွမ်း၊ ခဲဘွယ်အားလုံးကို သာကာဝါသီ ဆရာတော်အား သပိတ်များနဲ့အတူ ပေးလှူလိုက်ကြပါတယ်။

သာကာဝါသီ ဆရာတော်က အလှူခံရရှိလာတဲ့ သပိတ်-၁၂ လုံးနဲ့ မိမိသပိတ်ပါ ၁၃-လုံးသော သပိတ်များထဲမှ ဆွမ်းနဲ့ဆွမ်းဟင်းတို့ကို ညီမျှတင့်တယ် ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ဆွမ်းစားကျောင်းမှာ ပြင်ဆင်ထားပြီး ၁၂-ပါးသော သံဃာတော်များကို ဆွမ်းစားကျောင်းသို့ ပင့်ဖိတ်ပါတယ်။ သံဃာတော်စုံတဲ့အခါ သာကာဝါသီ ဆရာတော်ဘုရားက

"မှန်လှပါ၊ သံဃာတော် အရှင်မြတ်တို့ဘုရား... သံဃာတော်များရဲ့ ရှေ့တော်မှောက်မှာ ပြင်ဆင်ထားတဲ့ စားစရာဆွမ်း၊ ဆွမ်းဟင်းနဲ့ မုန့်ပဲသရေစာတို့ကို တမလွန်နောက်ဘဝပြောင်းသွားကြရတဲ့ တပည့်တော်ရဲ့ ခမည်းတော်မယ်တော်နဲ့နောင်တော်တို့အတွက် ရည်မှန်းပြီး သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းပါတယ် ဘုရား"။

“တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့ဟာ ယခုစားစရာလှူဒါန်းရတဲ့ ဒါနကုသိုလ်အဖို့ကို ရရှိကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ အမျှ, အမျှ, အမျှ”လို့ အမျှပေးဝေလိုက်ပါတယ်။

သာဂဏဝါသီဆရာတော်က ယခုလိုလှူဒါန်းပြီး အမျှအတန်းပေးဝေလိုက်တဲ့အခါ အဆင်သင့် မျှော်လင့်စောင့်ငေးနေကြတဲ့ မိဘနှစ်ပါးနဲ့ နောင်တော်တို့က ဝမ်းမြောက်ရွှင်လန်းစွာ သာဓုအနုမောဒနာ ခေါ်လိုက်ကြပါတယ်။

သာဓုခေါ်ကာ ကုသိုလ်အဖို့ကို လက်ခံရယူလိုက်ကြသည်နှင့် တစ်ပြိုင်နက် မိဘနှစ်ပါးနဲ့ နောင်တော်တို့မှာ စင်ကြယ်မွန်မြတ်၍ အနံ့ အရသာနှင့် ပြည့်စုံတဲ့ အမျိုးမျိုးသော ဟင်း, ထမင်းနဲ့ စားစရာများစွာတို့ကို ရရှိကြပါတယ်။

ရရှိလာတဲ့အစားအစာတို့ကို မိသားစုသုံးဦးလုံး ဝမ်းမြောက်ဝမ်းသာ ကြိုက်တာကို ရွေးချယ်ပြီး စားသုံးကြရပါတယ်။ အာဟာရဓာတ် ပြည့်ဝလာတာနဲ့အမျှ မိသားစုသုံးဦးလုံးဟာ စိတ်ဓာတ်တွေကြည်လင်ရွှင်ပြ အားခွန်ဗလတွေ တိုးပွားပြီး ကိုယ်ရေအဆင်းများလဲ လှပသန့်ရှင်းလာကြပါတယ်။

ငါး

မကြာမီ နောက်တစ်နေ့မှာ သာဂဏဝါသီ ဆရာတော်ဘုရားထံမှောက်သို့ နောင်တော်ပြိတ္တာ ရောက်လာပြန်ပါတယ်။ ဒီတစ်

ခါရောက်လာဘာမှာတော့ ယခင်ကနဲ့မတူဘဲ ကိုယ်ရေအဆင်းက လှလှပပ, မျက်နှာကကြည်ကြည်လင်လင်, စိတ်အစဉ်ကရွှင်ရွှင် ပြပြ, ခွန်အားဗလက ပြည့်ပြည့်စုံစုံနဲ့ တွေ့ရပါတယ်။ ရောက်လာပြီး မကြာမီ ဆရာတော်ဘုရားအား ယခုလို လျှောက်ထားပါတယ်၊

"ဆရာတော်ဘုရား ... ဆရာတော်ဘုရားက စားစရာဆွမ်း ဆွမ်းဟင်းနဲ့ မုန့်ပဲသရေစာတို့ကို လှူဒန်းပြီး တပည့်တော်တို့အား အမျှအတန်းပေးဝေတဲ့ ကျေးဇူးကြောင့် တပည့်တော်တို့ မိသားစုမှာ မွန်မြတ်ဖွယ်ရာတဲ့ စားစရာအမျိုးမျိုးတို့ကို အလိုရှိသလို စားသုံးကြရပါပြီ။ ခွန်အားတွေ တိုးပွားပြီး၊ စိတ်ထားတွေလဲကြည်လင် ရုပ်သွင်တွေလဲ လှပနေကြပါပြီ"။

"ဆရာတော်ဘုရား .... ဆက်လက် လျှောက်ထားပါရစေ— တပည့်တော်တို့ မိသားစုမှာ စားစရာမျှသာ ရရှိပါသေးတယ်။ တပည့်တော်ရဲ့ကိုယ်မှာ ဆရာတော် မြင်တဲ့အတိုင်း အထည်အဝတ်မပါ ဗလာကျင်း နေပါတယ်။ မိဘနှစ်ပါးတို့ဟာလဲ တပည့်တော်နည်းတူ ကြည့်ရှုလို့မကောင်းအောင် ကိုယ်တုံးလုံးနဲ့ ဖြစ်နေကြပါတယ်"။

"တောင်းပန်ပါရစေ၊ ဆရာတော်ဘုရား, တပည့်တော်များ မိသားစုအတွက် အဝတ်အထည်ရရှိအောင်ဆောင်ရွက်ပေးတော် မူပါဦး။ သနားစောင့်ရှောက် ချီးမြှောက်တဲ့

အနေနဲ့ ကျေးဇူးပြုပေးတော် မူပါဦးဘုရား”လို့ လျှောက်ထား တောင်းပန်ပါတယ်။

သာဂဏ၀ါသီ ဆရာတော်ဘုရားဟာ ဆိတ်ဆိတ်နေတော်မူပြီး ကူညီဆောင်ရွက်ပေးဖို့ရာ လက်ခံတော်မူလိုက်ပါတယ်။

ဆရာတော်ဘုရားဟာ ဉာတတ္တစရိယာအကျင့်ကို ဆက်လက်ကျင့်သုံးတော် မူပြန်တယ်။ နေ့လည်ဆွမ်း ဘုန်းပေးတော်မူပြီးတဲ့အချိန်မှာ ဆရာတော်ဘုရားဟာ ကုဏ္ဍိမြို့အနီး မြို့နေလူထုက စွန့်ပစ်ထားတဲ့ အမှိုက်ပုံကြီးရှိရာသို့ ကြွသွားတော်မူပါတယ်။ အမှိုက်ပုံမှာတွေ့လာရတဲ့ အနားတွေစုတ်ပြတ်ပြီး မြေကြီးတွေ, ရွှံ့တွေ ပေကျံနေတဲ့အဝတ်စုတ် အဝတ်စလေးတွေကို ကောက်ယူနေပါတယ်။

ရရှိလာတဲ့ အဝတ်စလေးများကို သန့်ရှင်းစင်ကြယ်အောင်ဖွတ်လျှော်ပြီး တစ်စစီတစ်စစီ လက်ချုပ်အပ်လေးနဲ့ စပ်သီကာကျယ်ပြန့်တဲ့ အထည်တစ်ခုဖြစ်လာအောင် ချုပ်တော်မူပါတယ်။ အခန်းငါးခုရှိအောင်ဖွဲ့, အနားပတ်တင်, သစ်ခေါက်ရေဆိုးလျက် သင်္ကန်းအဖြစ် ရောက်အောင် စီစဉ်ဆောင်ရွက်တော်မူပါတယ်။

သာဂဏ၀ါသီ ဆရာတော်ဘုရားဟာ သင်္ကန်းတစ်ထည်ချုပ်ဆိုးပြီးတဲ့အခါ ကျောင်းတိုက်တွင်းမှာ ရှိနေတဲ့ သံဃာတော်များကို တစ်နေရာသို့ပင့်ခေါ်စုဝေး စေတော်မူပါတယ်။ သံဃာစုံတဲ့အခါဆရာတော်ဘုရားက....

"သံဃာတော် အရှင်မြတ်တို့ဘုရား.... သံဃာတော်များ ရဲ့ ရှေ့မှောက်မှာ သပ်ရပ်စွာပြင်ဆင်ထားတဲ့ ပံသုကူသင်္ကန်း တစ်ထည်ကို တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ တပည့် တော်ရဲ့ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့အတွက် ရည်မှန်းပြီး သံဃာတော်များအား ရှိသေစွာ လှူဒါန်းပါ တယ်ဘုရား"။

"တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့ဟာ ယခုဝတ်ရုံစရာ အဝတ် သင်္ကန်းကို လှူဒါန်းရတဲ့ သံဃိကဒါန ကုသိုလ်အဖို့ကိုရရှိ ကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ ကြပါစေ အမျှ အမျှ အမျှ"လို့ အမျှပေးဝေ လိုက်ပါတယ်။

ဆရာတော်ဘုရားက အဝတ်သင်္ကန်း လှူဒါန်းပြီး အမျှ အတန်းပေးဝေလိုက်တဲ့အခါ အသင့်မျှော်လင့် စောင့်စားနေကြ တဲ့ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့က ရွှင်လန်းဝမ်း မြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆိုလိုက်ကြပါတယ်။

သာဓုအနုမောဒနာခေါ်ပြီး ကုသိုလ်အဖို့ကို လက်ခံရယူ လိုက်ကြတဲ့အခါ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့မှာ တန်ဖိုးများစွာ ထိုက်တန်လှတဲ့ ခေါမတိုင်းဖြစ်အထည်၊ ဝါ ချည်အထည်၊ ပိုးချည်အထည်၊ သားမွေးဖြင့် ရက်လုပ်ထားတဲ့ သက္ကလပ်အထည်များကို အရေအတွက်များပြားစွာ ရရှိလာ ကြပါတယ်။ သာဓုခေါ်ရတဲ့ ကုသိုလ်ကံတရားရဲ့ စွမ်းအား ကြောင့် ကောင်းကင်ပေါ်မှ ကျလာပြီးရရှိကြခြင်းဖြစ်ပါတယ်။

## ခြောက်

တစ်နေ့သောအခါမှာ သာဏဝါသီ ဆရာတော်ဘုရား ထံမှောက်သို့ နောင်တော်ပြိတ္တာ ရောက်လာပြန်ပါတယ်။ ဒီတစ်ခါတော့ အဝတ်မပါ၊ ဗလာကျင်းနေတဲ့ ကိုယ်နဲ့မဟုတ်တော့ဘဲ အဝတ်တန်ဆာတွေကို လှပတင့်တယ်စွာ ဝတ်ဆင်ပြီး လာရောက်ခြင်း ဖြစ်ပါတယ်။ ရောက်လာပြီး ရိုသေစွာရှိခိုး ဦးချလျက် ဆရာတော်အား လျှောက်ထားလိုက်ပြန်ပါတယ်။

"ဆရာတော်ဘုရား.... ဆရာတော်ဘုရားက ဝတ်ရုံစရာ ပံသုကူသင်္ကန်းကို သံဃာတော်အား လှူဒါန်းပြီးတပည့်တော်တို့ မိသားစုအတွက် အမျှအတန်း ပေးဝေလိုက်တဲ့ ကုသိုလ်ကောင်းမှုရဲ့ ကျေးဇူးတရားကြောင့် တပည့်တော်တို့ မိသားစုမှာ အဝတ်အထည်များစွာတို့ကို ကြိုက်ရာရွေး ချယ်ပြီး ဝတ်ဆင်ကြရပါပြီ။ ကောင်းမွန်များပြားလှတဲ့ အဝတ်အထည်တို့ကို ရရှိနေကြပါပြီ"။

"တပည့်တော်တို့ မိသားစု ရရှိနေကြတဲ့ အဝတ်အထည် တွေဟာဆိုရင် နန္ဒမင်းရဲ့ တိုင်းပြည်မှာရှိတဲ့ အဝတ်အထည် တွေထက် ပိုမိုများပြားကြပါလိမ့်မယ် ဘုရား"။

မှတ်ချက်။ ။(အဝတ်အထည် ပေါများမှုနှင့် စပ်လျဉ်း ပြီး ပိဋကတ်စာပေများမှာ အလွန်ထင်ရှား လူသိများလှတဲ့ နန္ဒမင်းဆိုတာ ရှိပါတယ်။ သူက တစ်ခုသောဘဝမှာ သင်္ကန်းအနား

ပတ်တင်စရာ အဝတ်ပိုင်းလေး တစ်စ လှူဒါန်းရတဲ့ ကောင်းမှုကြောင့် အထည်ပဒေသာပင် ၃၂-ပင်ပေါက်ပြီးဗာရာဏသီပြည်မှာ နန္ဒဘုရင်အဖြစ် စိုးစံခဲ့ဖူးပါတယ်။ တိုင်းပြည်တွင်းမှာ ရှိရှိသမျှ ပုဂ္ဂိုလ်အားလုံးဟာ နန္ဒဘုရင်ရဲ့ အထည်ပဒေသာပင်မှာ ကြိုက်တဲ့ အထည်ကို ကြိုက်သလောက် ဆွတ်ခူးပြီး သုံးစွဲခွင့်ပြု ထားပါတယ်။

တစ်တိုင်းပြည်လုံး ဆွတ်ခူးသုံးစွဲသော်လဲ မကုန်ခန်းနိုင်ဘဲ ပေါမြဲတိုင်း ပေါနေပါတယ်။

ဒါကြောင့် "နန္ဒမင်းရဲ့ တိုင်းပြည်မှာ ရှိတဲ့ အဝတ်အထည်တွေထက် ပိုမိုများပြားပါလိမ့်မယ်"လို့ နောင်တော် ပြိတ္တာက လျှောက်ထားလိုက်ခြင်း ဖြစ်ပါတယ်။)

"ဆရာတော်ဘုရား.... တပည့်တော်တို့ မိသားစုဟာ ဒီလောက်များပြားလှတဲ့ အဝတ်အထည်တွေထဲက ကြိုက်ရာ ကြိုက်ရာ ရွေးချယ်ဝတ်ဆင် ကြရပါပြီ။ ဆရာတော်ဘုရားရဲ့ ကျေးဇူးကြောင့် စားစရာရော ဝတ်စရာပါပြည့်စုံကြပါပြီ"။

"ဆက်လက် လျှောက်ထားခွင့် ပြုတော်မူပါဘုရား... တပည့်တော်တို့ မိသားစုဟာ နေထိုင်ခိုအောင်းစရာ အိမ်

ဂေဟာ မရှိတာကြောင့် မိုးရွာအစို, နေပူအခြောက် ဖြစ်ပြီး ရာသီဥတုဒဏ်ကို အလူးအလဲ ခံနေကြရပါတယ်"။

"ဒါကြောင့် တပည့်တော်များ မိသားစုအတွက် ရာသီဥတုအန္တရာယ်ကို ကာကွယ်တားဆီးပေးနိုင်တဲ့ အိမ်တစ်လုံး ရရှိအောင် ရှက်ဆောင်ပေးတော်မူပါရန် တောင်းပန်ပါတယ်ဘုရား"လို့ လျှောက်ထားလိုက်ပြန်ပါတယ်။

ဆရာတော်ဘုရားက တုဏှိဘာဝေ ဆိတ်ဆိတ်နေတော်မူပြီး လက်ခံတော် မူလိုက်ပါတယ်။

## ခုနစ်

သာဏဝါသီ ဆရာတော်ဟာ, သစ်ရွက်မိုး သစ်ရွက်ကာတဲ့ တဲကျောင်းငယ်တစ်လုံး ဖြစ်မြောက်အောင်, တည်ဆောက်တော် မူပါတယ်။ တောအတွင်းမှာ သီတင်းသုံးတော်မူတဲ့ တောရကျောင်း ဆရာတော် ဖြစ်တော်မူတဲ့အတိုင်း တောတွင်းဖြစ် ပစ္စည်းများကို ကပ္ပိယနဲ့ကိုရင်များရဲ့ အကူအညီကိုရယူပြီး လွယ်ကူစွာ တည်ဆောက်နိုင်ခဲ့ဟန် လက္ခဏာရှိပါတယ်။

တဲကျောင်းငယ် တည်ဆောက်ပြီးတဲ့အခါ ဆရာတော်ဘုရားက သံဃာတော်များကို တစ်နေ့ရာသို့ ပင့်ဖိတ်စေဝေးစေတော်မူပြီး ကျောင်းလှူပွဲ ပြုလုပ်ပါတယ်။

"သံဃာတော် အရှင်မြတ်တို့ဘုရား, တပည့်တော်ရဲ့ ကိုယ်အားနဲ့ ဖက်ရွက်, သစ်, ဝါးတို့ကို သယ်ဆောင်ပြီး

ဒီတဲကျောင်းငယ်ကို ဆောက်လုပ်ခဲ့ပါတယ်။ တမလွန် နောက်ဘဝ ရောက်နေကြတဲ့ တပည့်တော်ရဲ့ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့အတွက် ရရှိစေရန် ရည်သန်ပြီး ဒီကျောင်းငယ်ကို ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်းရှိ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် အားလုံးအား ဘုရားတပည့်တော် လှူဒါန်းပါတယ်ဘုရား"

"တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ခမည်းတော် မယ်တော်နဲ့ နောင်တော်တို့ဟာ ယခု ခိုအောင်းစရာ ကျောင်းဆောင်ငယ်ကို လှူဒါန်းရတဲ့ သံဃိကဒါနကုသိုလ် အဖို့ကို ရရှိကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါ စေ အမျှ၊ အမျှ၊ အမျှ"လို့ အမျှအတန်း ဝေငှလိုက် ပါတယ်။

ဆရာတော်ဘုရားက ကျောင်းဆောင်ငယ် လှူဒါန်းပြီး အမျှအတန်းပေးဝေလိုက်တဲ့အခါ အဆင်သင့်၊ ငံ့လင့်စောင့် မျှော်နေကြတဲ့ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့က ရွှင်လန်းဝမ်းမြောက်စွာ သာဓု အနုမောဒနာခေါ်ပြီး ဒါန ကုသိုလ်အဖို့ကို လက်ခံရယူလိုက်ကြပါတယ်။

သာဓုအနုမောဒနာ ခေါ်ပြီးသည်နှင့်တစ်ပြိုင်နက် စုလစ် မွန်းချွန် အထွတ်တပ်၊ ပန်းတောင်၊ ပန်းဆွဲ၊ ပန်းပြောက်တို့နဲ့ ခြယ်လှယ်မွမ်းမံထားတဲ့ အိမ်လုံးကြီးများ ဘွားကနဲ ဘွားကနဲ ပေါ်လာကြပါတယ်။

အဲဒီအိမ်များဟာ လူ့ပြည်လူ့ရွာမှာရှိတဲ့ လူနေအိမ်များထက် သာလွန်ကောင်းမြတ်ကြတယ်။ နတ်ပြည်နတ်ရွာမှာ ရှိနေကြတဲ့ နတ်ဘုံ နတ်ဗိမာန်များနဲ့သာ တူညီနေကြတယ်လို့ စာပေက ဆိုထားပါတယ်။ ခမည်းတော်၊ မယ်တော်နဲ့ နောင်တော်တို့ဟာ အဲဒီ အိမ်ကြီးများပေါ်မှာ ပျော်ရွှင်စွာ နေထိုင်၊ စံစားကြရပါတယ်။

## ရှစ်

တစ်နေ့သောအခါမှာ သာဏဝါသီ ဆရာတော်ဘုရားကံ နောင်တော်ပြိတ္တာ ရောက်လာပြန်ပါတယ်။ နောင်တော်ပြိတ္တာက ဆရာတော်ဘုရားအား လျှောက်ထားပြီး အကူအညီ တောင်းခံပြန်ပါတယ်။

"ဆရာတော်ဘုရား .... ဆရာတော်ဘုရားက ခိုအောင်းစရာ သစ်ရွက်မိုး သစ်ရွက်ကာ ကျောင်းဆောင်ငယ်တစ်လုံးကို လှူဒါန်းပြီး တပည့်တော်တို့ မိသားစုအတွက် အမျှအတန်း ပေးဝေလိုက်သဖြင့် တပည့်တော်တို့ မိသားစုမှာ အရောင်တဖိတ်ဖိတ်တောက်ပပြီး ထက်ဝန်းကျင် ခပ်သိမ်းလည်ကို တင့်တယ်စေနိုင်တဲ့ အိမ်ကြီးအိမ်ကောင်းများကို ရရှိကြပါပြီ။ ရာသီဥတုအန္တရာယ်ကို ကာကွယ်တားဆီးပေးနိုင်တဲ့ အိမ်ကြီးများအတွင်းမှာ ချမ်းချမ်းသာသာ နေထိုင်ကြရပါပြီ"။

"ဆရာတော်ဘုရား .... ဆရာတော်ဘုရားက ဆက်လက်၍ တပည့်တော်တို့ မိသားစုအတွက် သောက်ရေ သုံးရေ ရရှိအောင် ကြံဆောင်တော်မူပါဦး ဘုရား" လို့ လျှောက်ထား လိုက်ပြန်ပါတယ်။

ဆရာတော်ဘုရားက ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူပြီး သင့်လျော်တဲ့အချိန် တစ်နေ့ရာမှာ သံဃာတော်များကို စုပေးတော်မူရန် ပင့်ဖိတ်တော်မူလိုက်ပါတယ်။ သံဃာစုံတဲ့အခါ ဆရာတော်ဘုရားက ဓမ္မကရိုဏ်ခေါ် သတ္တုခွက်ရေစစ်ထဲမှာ ရေအပြည့်ထည့်ပြီး သံဃာတော်များအား ရေလှူပွဲကျင်းပပါတယ်။

"သံဃာတော်အရှင်မြတ်များဘုရား .... တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ တပည့်တော်ရဲ့ ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့ ရရှိစေရန် ရည်သန်လျက် ဒီဓမ္မကရိုဏ် ရေစစ်အတွင်းမှာ ထည့်ထားတဲ့ သန့်ရှင်းဖြူစင် ကြည်လင်အေးမြ ချိုမြိန်လှတဲ့ ရေကောင်းရေသန့်ကို သံဃာတော်များအား လှူဒါန်းပါတယ်ဘုရား"။

"သံဃာတော် အရှင်မြတ်များဟာ တပည့်တော်များ လှူဒါန်းထားတဲ့ ဟောဒီရေကို သုံးလိုက သုံးတော်မူကြ၍ သောက်လိုက သောက်တော်မူကြပါဘုရား"။

"တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ တပည့်တော်ရဲ့ ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့ဟာ သောက်

စရာ, သုံးစရာရေကို လှူဒါန်းရတဲ့ ဒါနကုသိုလ်အဖို့ကို ရရှိကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ အမျှ, အမျှ, အမျှ”လို့ အမျှပေးဝေလိုက်ပါတယ်။

ဆရာတော်ဘုရားက သောက်ရေသုံးရေ လှူဒါန်းပြီး အမျှအတန်းပေးဝေလိုက်တဲ့အခါ အသင့်စောင့်စား မျှော်လင့်နေကြတဲ့ ခမည်းတော်, မယ်တော်နဲ့ နှောင်တော်တို့က သာဓုအနုမောဒနာခေါ်ပြီး လက်ခံရယူလိုက်ကြပါတယ်။

ခမည်းတော်, မယ်တော်နဲ့ နှောင်တော်တို့က ရွှင်လန်းဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်လိုက်ကြတဲ့အခါ အေးမြကြည်လင်တဲ့ ရေတွေပြည့်လျှံပြီး နက်လဲနက် ကျယ်လဲကျယ်တဲ့ လေးထောင့်ကန်ကြီးများဟာ အိမ်တွေရဲ့အနီးအနားမှာ ထင်ရှားစွာ ဖြစ်ပေါ်လာကြပါတယ်။

အဲဒီရေကန်ကြီးများမှာ ဆင်းလို့လွယ် တက်လို့လွယ်အောင် ကောင်းမွန်ခိုင်ခန့်တဲ့ ဆိပ်ကမ်းများလဲ ရှိကြပါတယ်။ မွှေးပျံ့သင်းကြိုင် လှိုင်သောရနံ့ရှိတဲ့ ပဒုမ္မာကြာ ဥပ္ပလကြာပင်တို့က ဖုံးအုပ်နေကြပါတယ်။ ရေပေါ်မှာလဲ ကြာဝတ်ဆံတွေ တဖွေးဖွေးနဲ့ ဖုံးအုပ်နေကြတယ်လို့ စာပေကဆိုပါတယ်။

မိသားစုသုံးဦးတို့ဟာ ရေကန်ထဲကရေတွေကို ချိုးလိုကချိုးကြပါတယ်။ သောက်လိုကလဲ သောက်ကြပါတယ်။ ဝမ်းမြောက်ကြည်သာစွာနဲ့ ရေကုသိုလ်ရဲ့ အကျိုးတွေကို ဖြိုးဖြိုးဝေဝေ ခံစားခွင့်ရနေကြပါတယ်။

# ကိုး

တစ်နေ့သောအခါမှာ သာကောဝါသီဆရာတော် ဘုရားထံ မှောက်သို့ နောင်တော်ပြိတ္တာ ရောက်လာပြန်ပါတယ်။ ရောက် လာပြီးနောက် ဆရာတော်ဘုရားအား နောင်တော်ပြိတ္တာက ခုလိုလျှောက်ထားလိုက်ပြန်ပါတယ်။

"ဆရာတော်ဘုရား.... ဆရာတော်ဘုရားက သောက် စရာ၊ သုံးစရာရေကို လှူဒါန်းပြီး တပည့်တော်တို့မိသားစု အတွက် အဲဒီကုသိုလ်အဖို့ကို အမျှအတန်း ပေးဝေလိုက် သဖြင့် တပည့်တော်တို့မိသားစုမှာ သန့်ရှင်းဖြူစင် ကြည်လင် အေးမြတဲ့ ရေတွေနဲ့ ပြည့်လျှံနေတဲ့ လေးထောင့်ကန်ကြီး များ ရရှိကြလို့ သောက်ရေရော သုံးရေပါ ကြွယ်ဝချမ်းသာ နေကြပါပြီဘုရား"

"ဆရာတော်ဘုရား၊ ဆက်လက် လျှောက်ထားခွင့်ပြု တော်မူပါဘုရား.... တပည့်တော်တို့ မိသားစုဟာ ဟိုဟိုဒီဒီ လှည့်လည်သွားလာတဲ့အခါ မြေပြင်ခြေတင်ပြီး ခြေလျင် လျှောက်နေကြရပါတယ်။ တပည့်တော်တို့ရဲ့ ခြေထောက် များဟာ နာကျင်ကြရပါတယ်။ ကွဲအက်ကြရပါတယ်။ ကျောက်စရစ်ကွဲခြမ်း၊ သမန်းမြက်နဲ့ ဆူးငြောင့်များရှိတဲ့ နေရာများမှာ သွားလာကြရတဲ့အခါ ခြေထောက်ကိုကွေး ကာ ညွတ်ကာ သွားလာနေကြရပါတယ်ဘုရား"။

"တပည့်တော်များ မိသားစုကို သနားငဲ့ညှာတဲ့အနေနဲ့ တပည့်တော်တို့ မိသားစုအတွက် ယာဉ်ရထားရရှိအောင် ကြံဆောင်တော် မူပေးပါဦးဘုရား" လို့ လျှောက်ထားပြန်ပါတယ်။

ဆရာတော်ဘုရားက ဆိတ်ဆိတ်နေ၍ လက်ခံတော်မူပါတယ်။ တင်လှာတစ်ထပ်သာရှိသော ဖိနပ်တစ်ရန်ကို ရရှိထားတော်မူလာတဲ့အခါမှာ သံဃာတော်အရှင်မြတ်များကို ပင့်ဖိတ်၍ တစ်နေ့ ... စုဝေးစေတော်မူပြီး ဖိနပ်လှူဒါန်းပွဲ ကျင်းပပါတယ်။ ဖိနပ်လှူဒါန်းပွဲမှာ ဆရာတော်ဘုရားက ယခုလို လျှောက်ထား လှူဒါန်းတော် မူပါတယ်။

"သံဃာတော် အရှင်မြတ်များဘုရား....တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ တပည့်တော်ရဲ့ ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့ ရရှိစေရန် ရည်သန်လျက် ဒီတစ်လှာတစ်ထပ်မျှသာရှိတဲ့ စီးနင်းသွားစရာ ဖိနပ်တစ်ရန်ကို သံဃာတော်များအား ရိုသေစွာ လှူဒါန်းပါတယ်ဘုရား"။

"တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ တပည့်တော်ရဲ့ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့ဟာ စီးနင်းသွားစရာ ဖိနပ်ကိုလှူဒါန်းရတဲ့ ဒါနကုသိုလ်ရဲ့ အဖို့ကိုရရှိကြ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ ကြပါစေ.... အမျှ, အမျှ, အမျှ," လို့ လှူဒါန်းပြီး အမျှအတန်းပေးဝေလိုက်ပါတယ်။

ဆရာတော်ဘုရားက စီးနင်းသွားစရာ ဖိနပ်တစ်ရန်ကိုလှူဒါန်းပြီး အမျှအတန်း ပေးဝေလိုက်တဲ့အခါမှာ အဆင်သင့် မျှော်လင့်စောင့်စားနေကြတဲ့ ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့က ရွှင်လန်း ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ပြီး ကုသိုလ်အဖို့ကို လက်ခံရယူလိုက်ကြပါတယ်။

သာဓုခေါ်ကာ ကုသိုလ်အဖို့ကို လက်ခံရယူလိုက်သည်နှင့် တစ်ပြိုင်နက် ခမည်းတော်, မယ်တော်နဲ့ နောင်တော်တို့မှာ မြင်းဖြူကြီးလေးစီး တပ်ထားတဲ့ နတ်ရထားကြီး တစ်စီးရရှိသာကြပါတယ်။

## တစ်ဆယ်

မိသားစုသုံးဦးတို့ဟာ ဝမ်းမြောက်ဝမ်းသာ ရထားစီးပြီး ဆရာတော် ဘုရားကြီးထံမှောက်, လာရောက် ကြပါတယ်။ ဆရာတော်ဘုရားအား ရိုသေမြတ်နိုးစွာရှိခိုး ကန်တော့ကြပြီးနောက်, ယခုလို လျှောက်ထားလိုက်ကြပါတယ်။

"ဆရာတော်ဘုရား....ဆရာတော် ဘုရားဟာ တပည့်တော်များ မိသားစုအတွက်–

၁။ စားစရာဆွမ်းနဲ့ မုန့်ပဲသရေစာ လှူဒါန်းပြီး အမျှဝေကာ အစားအစာရအောင် ချီးမြှောက်တော်မူခဲ့ပါတယ်။

၂။ ဝတ်စရာ အဝတ်သင်္ကန်း လှူဒါန်းပြီး အမျှဝေကာ ဝတ်စရာ အဝတ်အထည်ရအောင် ချီးမြှောက်တော်မူခဲ့ပါတယ်။

၃။ နေထိုင်ခိုအောင်းစရာ ကျောင်းငယ်ကို လှူဒါန်းပြီး အမျှဝေကာ နေထိုင်ခိုအောင်းစရာ အိမ်အဆောက်အအုံရအောင် ချီးမြှောက်တော်မူပါတယ်။

၄။ သောက်စရာ, သုံးစရာရေကို လှူဒါန်းပြီး အမျှဝေကာ သောက်စရာ သုံးစရာ ရေကန်များရရှိအောင် ချီးမြှောက်တော်မူခဲ့ပါတယ်။

၅။ စီးနင်းသွားစရာ ဖိနပ်တစ်ရန် လှူဒါန်းပြီး အမျှဝေကာ စီးနင်းသွားစရာ ယာဉ်ရထားရအောင် ချီးမြှောက်တော်မူခဲ့ပါတယ်။

* အထူးမှတ်သားရန်

လွန်သူရည်မှန်း လှူဒါန်းရာဝယ်၊
စား, ဝတ်, နေရေး, သောက်ရေး, တစ်သွယ်။
စီးနင်းသွားရေး, ယာဉ်သေးလှူဖွယ်၊
နည်းသပ ငါးဝလှူသင့်တယ်။ ။

"တပည့်တော်တို့ မိသားစုအပေါ်မှာ သနားကရုဏာကြီးမားစွာနဲ့ အစဉ်စောင့်ရှောက် ချီးမြှောက်တော်မူခဲ့တဲ့ ဆရာတော်ဘုရားကို ရှိသေမြတ်နိုး ရှိခိုးကန်တော့ကြဖို့ရာ ယခုလို မိသားစုစုံလင်စွာ ရောက်လာကြခြင်း ဖြစ်ပါတယ်ဘုရား"။

"အကယ်၍ တပည့်တော်တို့မိသားစုက" ဆရာတော်ဘုရားအပေါ်မှာ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ဖြစ်

မှာ:ကျူးလွန်မိတာများ ရှိနေပါက သည်းခံခွင့်လွှတ်တော်မူပါရန် ရှိသေးလေးမြတ်စွာ တောင်းပန် လျှောက်ထား အသနားခံပါတယ်။ ကျေးဇူးတော်ရှင် ဆရာတော်သခင် အရှင်သူမြတ်ဘုရား”လို့ လျှောက်ထားပြီး ပြန်သွားကြပါတယ်။

၂၆-၉-၈၇ စနေနေ့
ညနေ (၄-၃၀) နာရီ

ꕥꕥꕥꕥꕥ



သူဌေးကတော်
ဒေါ်နန္ဒာ

နန္ဒိသေနသူဌေးကြီး စိတ်တွင်း ပိန်ချုံးချည့်နဲ့ ရုပ်မလှတဲ့ ပြိတ္တာမ တစ်ယောက်ကို စိတ်ကူး မြင်ယောင်လျက်....

# သူဌေးကတော် ဒေါ်နန္ဒာ

## တစ်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိတော်မူစဉ် အခါတုန်းက သာဝတ္ထိမြို့တော်ကြီးနဲ့ မနီးမဝေးလှတဲ့ဒေသမှာ အမည်မထင်ရှားတဲ့ ရွာငယ်လေး တစ်ရွာ ရှိခဲ့ပါတယ်။ အဲဒီရွာမှာ ဗုဒ္ဓမြတ်စွာသာသနာတော်ကို ကြည်ညိုလေးစား အားထားကိုးကွယ်နေတဲ့ သူတော်ကောင်း သူဌေးကြီးတစ်ယောက်ရှိခဲ့တယ်။ နာမည်ကတော့ ဦးနန္ဒိသေနတဲ့၊ သူ့ရဲ့အမျိုးသမီး (ဇနီး) ကိုတော့ ဒေါ်နန္ဒာလို့ခေါ်ပါတယ်၊ ဒေါ်နန္ဒာဟာ သားနှစ်ယောက် ဖွားမြောက်ပြီးတဲ့အရွယ်မှာ သေဆုံးသွားပါတယ်။

## နှစ်

မကြာမီတစ်နေ့မှာ ဦးနန္ဒိသေန ရွာပြင်ဖက် ထွက်အသွား ရွာနဲ့မနီးမဝေး ရောက်တဲ့အခါ အကျည်းတန်တန် အရုပ်ဆိုးဆိုးနဲ့ ကြောက်စရာကောင်းလှတဲ့ အမျိုးသမီးတစ်ဦးကို တွေ့မြင်ရပါတယ်။

"အမျိုးသမီး သင်ဟာ– မျက်စိက ကြောင်ကြောင်သွားတွေကကျဲကျဲ အသားကလဲ နက်ကြုတ်ပါဘိသနဲ့ စက်

ဆုပ်ရှ ရှာစရာ ပုံသဏ္ဌာန်ရှိလှပါကလား။ ကြမ်းတမ်းလှတဲ့ သင့်ကိုယ်ပေါ်မှာ အမွေးအမှင်တွေက တစ်ဖွားဖွားနဲ့ မြင်ရသူတိုင်း ကြောက်ရွံ့စရာကောင်းလှ ပါကလား၊"

"သင်ဟာ လူသား အမျိုးသမီးတော့ ဟုတ်ဟန်မတူ၊ သင်ဘယ်သူလဲ၊ ဘယ်အမျိုးအနွယ်ထဲကလဲ" လို့ ဦးနန္ဒိသေနက ကြောက်ကြောက်ရွံ့ရွံ့နဲ့ မေးမြန်း လိုက်ပါတယ်။

"ဦးနန္ဒိသေန ကျွန်မ မိနန္ဒလေ၊ ရှေးလူ့ဘဝ တုန်းကတော့ ရှင့်ဇနီး မိန်းမပိုက်ကြီး မိနန္ဒာပေါ့။ လူ့ဘဝမှာ မကောင်းမှုများစွာကို ပြုခဲ့မိတာကြောင့် ပြိတ္တာဘုံရောက်လာပြီး၊ ခုလိုအရုပ်ဆိုး အကျည်းတန်တဲ့ ပြိတ္တာမ မယ်နန္ဒာ ဖြစ်နေရပါတယ်ရှင်"လို့ အားငယ်စွာနဲ့ ရှင်းပြပါတယ်။

"အေးကွယ် ဖြစ်မှုဖြစ်ရလေ၊ စိတ်မကောင်းလိုက်တာ၊ မင်းက ဘယ်လိုမကောင်းမှုတွေ ပြုခဲ့မိလို့၊ ဘယ်မကောင်းမှုများရဲ့ အကျိုးတရားကြောင့် ဒီပြိတ္တာဘုံကိုရောက်လာရပါသလဲ"လို့ ဝမ်းပန်းတနည်း မေးမြန်းလိုက်ပါတယ်။

"ကျွန်မဟာ လူ့ဘဝတုန်းက အမျက်ဒေါသကြီးမားသူပါ၊ ကြားရသူများ နားမချမ်းသာအောင် ကြမ်းတမ်းခက်မာလွန်းတဲ့ စကားခွန်းမျိုးကိုသာ ထပ်ကာ ထပ်ကာ ပြောဆိုခဲ့မိပါတယ်။

"ရတနာသုံးပါးကိုလဲ ကြည်ညိုသဒ္ဒါမရှိခဲ့ပါ။ နှမြောတွန့်တို မပေးလိုတဲ့ စိတ်ထားကြောင့် အလှူဒါနလဲ

တစ်ခါမှ မပြုခဲ့မိပါ။"

"ရှင့်လို သဘောကောင်းလှတဲ့ လင်ယောကျ်ားအပေါ်မှာလဲ မရိုသေမလေးစားဘဲ နိုင်ထက်ကလူ ပြုမူဆက်ဆံခဲ့မိပါတယ်။"

"ကျွန်မအပေါ်မှာ သမီးရင်းပမာ သက်သက်ညှာညှာ ဆက်ဆံတတ်တဲ့ ရှင့်အမေသူဟော်ကောင်းမကြီးကိုလဲ သူခိုးမကြီး သူယုတ်မာမကြီးလို့ နင့်နင့်သီးသီး စီးစီးနင်းနင်း ဆဲဆိုကြိမ်းမောင်းခဲ့မိပါတယ်။"

"အဲဒီမကောင်းမှု အကုသိုလ်ကံများကြောင့် ခုလိုဆင်းရဲလွန်းလှတဲ့ ပြိတ္တာဘုံ ပြိတ္တာဘဝ လားရောက်ခဲ့ရပါတယ်ရှင်"လို့ အမျိုးသမီးက မျက်ရည်ကလေးစစနဲ့ ပြန်ပြောပါတယ်။"

ဒီလိုသိရတဲ့အခါ သူဌေးကြီးဦးနန္ဒိသေနဟာ အလွန့်အလွန်စိတ်မကောင်းခြင်း ဖြစ်သွားဟန်တူပါတယ်။
"အင်းမနန္ဒာရယ် မင်းကိုမြင်ရတာ အရုပ်ဆိုးအကျည်းတန်ရုံမျှမက ကိုယ်ကလဲတုံးလုံးနဲ့ လူလုံးမလှ ကြည့်မရအောင်ဖြစ်နေရတာ ပါလားကွယ်။"

"ရှော့မင်းအတွက် ငါ့ပခုံးပေါ်မှာ အလှယ်တကူပါလာတဲ့ အပေါ်ရုံအဝတ်ကို ပေးပါတယ် ယူပါ။ ဒီအဝတ်ကို ခုချက်ဝတ်ထားလိုက်ပါ။ ဝတ်ပြီးရင် အိမ်ကိုသွားကြပါစို့။ အိမ်ရောက်တဲ့အခါ ဒီထက်သာ ဒီထက်ကောင်းတဲ့

အဝတ်အထည်တွေကို ရပါလိမ့်မယ်။ စားစရာ သောက်စရာ ထမင်းဟင်းနဲ့ အဖျော်ယမကာကိုလဲ စားရသောက်ရပါလိမ့်မယ်။ ပြီးတော့ မင်းရဲ့သားများနဲ့ ချွေးမကိုလဲ တွေ့ရပါလိမ့်မယ်ကွယ်”လို့ ဦးနန္ဒိယသေနက ပြောကြားပြီး လိုလိုလားလားနဲ့ အိမ်ကိုလိုက်ဖို့ရာ ဖိတ်ခေါ်လာပါတယ်။

“ဦးနန္ဒိယသေန ရှင်ဟာ သူတော်ကောင်းကြီးပါ။ သူတော်ကောင်းကြီးပီပီ အမိုက်မ·မိနန္ဒာအတွက် အဝတ်အထည်ပေးပြီး အိမ်ကိုလိုက်ခဲ့ဖို့ရာ ဖိတ်ခေါ်နေတာ ကျေးဇူးတင်ပါတယ်”။

“ဒါပေမယ့် ကျွန်မ ဝမ်းမသာနိုင်ပါဘူးရှင်၊ ရှင့်ရဲ့လက်နဲ့ ကျွန်မအတွက် အထည်အဝတ်ကို ယခုလို ပေးသော်လည်း ရှင်ပေးတဲ့အဝတ်ကို ကျွန်မလက်ခံလို့ မရပါ။ ရှင်ပေးတဲ့ အဝတ်ဟာ ကျွန်မထံ ရောက်မလာနိုင်ပါဘူးရှင်”လို့ မိမိလက်တွေ့ခံစားနေရတဲ့ မကောင်းမှုအကုသိုလ်များရဲ့ အကျိုးတရား စပ်ခါးလှပုံကို ဝမ်းနည်းကြေကွဲစွာ အမျိုးသမီးက ရှင်းပြနေပါတယ်။

သုံး

“ဒါဖြင့်ရင် ငါတို့ပေးတဲ့ ပစ္စည်းဥစ္စာတွေကို မနန္ဒာ ရရှိအောင်, မနန္ဒာသုံးစွဲခွင့်ရအောင် ဘယ်လိုနည်းနဲ့ ပေးရမှာလဲကွယ်”လို့ ဦးနန္ဒိယသေနက ဟိုဖက်ဘဝက ပုဂ္ဂိုလ်များ ရရှိအောင် ပေးတဲ့နည်းလမ်းကို မေးမြန်းလိုက်ပါတယ်”။

"ဦးနန္ဒသေန ရှင်တို့လိုလူ့ဘဝမှာ ရှိနေတဲ့ ပုဂ္ဂိုလ်များ ကတမလွန်ဟိုဖက်ဘဝ ရောက်နေကြရတဲ့ ကျွန်မ မိန္ဒာ ဘို့လို ပုဂ္ဂိုလ်များကို အဝတ်အထည်များ ဝတ်ဆင်နိုင်စေ ချင်ရင်, အစားအစာများကို စားသောက်နိုင်စေ ချင်ရင် ဖြင့်—

၁။ ရာဂကင်းတဲ့ဂုဏ်၊ (သို့မဟုတ်) ရာဂကင်းအောင် ကျင့်နေတဲ့ဂုဏ်,

၂။ အကြားအမြင်များတဲ့ဂုဏ်,

၃။ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ဂုဏ်။ ဒီဂုဏ်ပုဒ်တွေ ကြွယ်ဝပေါများတဲ့ ရဟန်းတော်တို့ကို ပင့်ဆောင်ပြီး ကျွန်မတို့လို ဘဝတစ်ပါးက ပုဂ္ဂိုလ်များ ချမ်းသာအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အနည်းဆုံး—

၁။ ဝတ်စရာ အဝတ်အထည်,

၂။ စားစရာ ထမင်းဟင်း မုန့်ခဲဖွယ်နဲ့,

၃။ သောက်စရာ အဖျော်ယမကာ, ရေ ဒီလိုပစ္စည်း သုံးမျိုးနဲ့ တင်းတိမ်ရောင့်ရဲအောင် ပြုစုလုပ်ကျွေးပြီး မိမိတို့ ကိုယ်တိုင် ရေးဦးစွာ ဒါနကုသိုလ်ကို အပြည့်အစုံ အရယူ ထားလိုက်ကြပါ"။

"ပြီးတော့မှ မိမိတို့ရရှိထားတဲ့, မိမိတို့လက်ထဲမှာ ကိုယ် ပိုင်အဖြစ်ရှိနေတဲ့ အဲဒီဒါနကုသိုလ်အဖို့ကို ကျွန်မတို့လို

တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ပုဂ္ဂိုလ်များအတွက် ရည်းမှန်းပြီးတော့ အမျှအတန်း ပေးဝေလိုက်ကြပါ”။

“တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ကျွန်မတို့လို ပုဂ္ဂိုလ်များက ဝမ်းမြောက်ဝမ်းသာ, အားပါးတရ သာဓု အနုမောဒနာခေါ်ပြီး ယူကြပါလိမ့်မယ်”။

“အဲဒီလို သာဓု အနုမောဒနာခေါ်ပြီး ယူလိုက်ကြတဲ့ အခါမှာ ဒီဖက်လူ့ဘဝက ပေးလှူထားတဲ့ ပစ္စည်းများနဲ့ အလားတူ, နာမည်တူတဲ့ ပစ္စည်းကောင်းပစ္စည်းမွန်များကို အမျိုးစုံစွာ သုံးမကုန်အောင် တမလွန်နောက်ဘဝ ရောက်နေကြရတဲ့ ကျွန်မ မိန္နှာတို့လို ပုဂ္ဂိုလ်များက ရရှိကြပါလိမ့်မယ်။ ချမ်းချမ်းသာသာ ဝတ်ဆင်, စားသုံးနိုင်ကြပါလိမ့်မယ်ရှင်”လို့ မနန္ဒာက ဟိုဖက်တစ်ဘဝ ရောက်နေကြရတဲ့ ပုဂ္ဂိုလ်များရရှိအောင်, သုံးစွဲနိုင်အောင် ပေးတဲ့နည်းလမ်းကို ပြောပြလိုက်ပါတယ်။

## လေး

“ကောင်းပါပြီ မနန္ဒာရယ်။ မနန္ဒာပြောပြပေးတဲ့ နည်းလမ်းအတိုင်း ဆောင်ရွက်ပြီး မနန္ဒာချမ်းသာအောင် ပြုလုပ်ပေးပါ့မယ်” လို့ ဦးနန္ဒိသေနက ဝန်ခံစကား ပြောကြားခဲ့ပြီးအိမ်ပြန်လာခဲ့ပါတယ်။ အိမ်ရောက်လျှင် ရောက်ချင်းပဲ ရဟန်းတော်များအတွက် သင့်လျော်လျောက်ပတ်တဲ့—

၁။ စားစရာ ဆွမ်းခဲဘွယ်, ဘောဇဥ်,
၂။ သောက်သုံးစရာ အဖျော်ယမကာနှဲ့, ရေ,
၃။ ဝတ်ရုံစရာအဝတ်သင်္ကန်း, မျက်နှာသုတ်ပုဝါ,
၄။ နေထိုင်စရာ ကျောင်းအိပ်ရာ, နေရာ,
၅။ ခိုဆောင်းစရာ ထီး,
၆။ စီးသွားစရာ ဖိနပ်, နှဲ့
၇။ တင့်တယ်ရှင်လန်းစရာ ပန်း, နံ့သာ, တို့ကို ရှာဖွေ ပြင်ဆင်စေပြီး မနန္ဒာပြောပြလိုက်တဲ့ ဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံကြွယ်ဝတဲ့ ရဟန်းတော်များကို အိမ်သို့ပင့်ဆောင်ကာ ဆွမ်းသွတ်အလှူပွဲ ကျင်းပပါတယ်။

အလှူပွဲမှာ ဦးနန္ဒိသေနက—

"မှန်လှပါ ဆရာတော်တို့ဘုရား... တပည့်တော်ရှိခိုးသစ္စာ ရင်းရင်းနှီးနှီး လျှောက်ထားပါရစေ။ ဒီနေ့ ကျင်းပတဲ့ ဒီအလှူပွဲဟာ သွားလေသူ မနန္ဒာအတွက် ရည်မှန်းပြီး လှူဒါန်းတဲ့ပွဲဖြစ်ပါတယ် ဘုရား"။

"ဟိုတစ်နေ့က တပည့်တော် ရွာပြင်ဖက်အထွက် တစ်နေရာမှာ မနန္ဒာနဲ့တွေ့ရပါတယ်။ မနန္ဒာမှာ ကိုယ်တုံးလုံးကြီးဖြစ်နေလို့ မြင်မကောင်းတာနဲ့ တပည့်တော်ရဲ့ ပခုံးပေါ်မှာပါလာတဲ့ အပေါ်ရုံအဝတ်ကို မနန္ဒာဝတ်ဖို့ပေးပါတယ်။ အိမ်ကိုလိုက်ခဲ့ဖို့ရာလည်း ဖိတ်ခေါ်ပါတယ်ဘုရား"။

“ဒီအခါမှာ မနုဿက ဘဝတစ်ပါးပြောင်းသွားပြီးတဲ့ သူ့လိုပုဂ္ဂိုလ်မျိုးကို ဒီလိုတိုက်ရိုက်ပေးလို့ မရနိုင်ကြောင်း,

ပေးလိုတဲ့ပုဂ္ဂိုလ်က သွားလေသူရရှိစေရန် ရည်သန်တဲ့ စိတ်ထားနဲ့ ရှေးဦးစွာ ဒါနကုသိုလ်ပြုပြီးမှ အဲဒီဒါန ကုသိုလ်ရဲ့အဖို့ကို သွားလေသူအား အမျှပေးဝေရကြောင်း,

အဲဒီလို အမျှပေးဝေတဲ့အခါ တမလွန် နောက်ဘဝ ရောက်နေရတဲ့ သွားလေသူပုဂ္ဂိုလ်က ရွှင်လန်းဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ပြီး လက်ခံယူမှသာ ရရှိနိုင်ကြောင်း-နည်းလမ်းကောင်း ပေးလိုက်ပါတယ်ဘုရား”

“ဒါကြောင့် ဒီအလှူပွဲကို ကျင်းပရတာ ဖြစ်ပါတယ်။ မနုဿပေးလိုက်တဲ့ နည်းလမ်းအတိုင်း တပည့်တော် လှူဒါန်းပါမယ်ဘုရား”။

“ဆရာတော်တို့ဘုရား.... ဘဝတစ်ပါး ပြောင်းသွားလေသူ မနုဿရရှိစေရန် ရည်သန်လျက် ဆရာတော်တို့ရဲ့ ရှေ့မှောက်မှာ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားတဲ့-

၁။ ခဲဖွယ်ရာစားစရာ ခဲဘွယ်, ဘောဇဉ်,

၂။ သောက်စရာ, သုံးစရာ အဖျော်ယမကာနဲ့, ရေ,

၃။ ဝတ်စရာ, ရုံစရာ အဝတ်သင်္ကန်း, မျက်နှာသုတ်ပုဝါ,

၄။ နေစရာ, ထိုင်စရာ ကျောင်းအိပ်ရာ, နေရာ

၅။ ခိုစရာ, ဆောင်းစရာထီး,

၆။ စီးနင်းသွားစရာဖိနပ်နဲ့,

၇။ တင့်တယ်ရွှင်လန်းစရာ ပန်း, နံ့သာတို့ကို အရှင်ဘုရားတို့အား ရှိသေစွာလှူဒါန်းပါကုန်၏၊ ဆက်ကပ်ပါကုန်၏ ဘုရား”လို့ လျှောက်ထားပြီး ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။

ဆက်လက်၍ “ဆရာတော်တို့ဘုရား .... ဘဝတစ်ပါးပြောင်းသွားလေသူ မနန္ဒာဟာ ယခု ဘုရားတပည့်တော်ပစ္စည်းခုနစ်မျိုး လှူဒါန်းရတဲ့ ဒါနကုသိုလ် ကောင်းမှုရဲ့အကျိုးတို့ကို ပြည့်စုံစွာ ရရှိသည်ဖြစ်၍ ကိုယ်စောစိတ်ပါ ကျန်းမာ ချမ်းသာပါစေဘုရား....၊ မနန္ဒာနဲ့တကွ အားလုံးအမျှ, အမျှ, အမျှ, ယူတော်မူကြပါကုန်လော”လို့ ဦးနန္ဒသေနက သုံးကြိမ်သုံးခါ အမျှပေးဝေလိုက်ပါတယ်။

ငါး

မကြာမီ အချိန်အတွင်းမှာပင် ဖြူစင်ပဝင်း ထွန်း လင်းတောက်ပတဲ့ ကိုယ်ရောင် ကိုယ်ဝါထွက်နေတဲ့ ကိုယ်ကာယပိုင်ရှင် နတ်သမီးကလေး တစ်ယောက်ဟာ လှပဆန်းကြယ်တင့်တယ် ဖွယ်ရာတဲ့ အဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက်သူဌေးကြီး ဦးနန္ဒသေနထံမှောက် ရောက်လာပါတယ်။

“နတ်သမီးလေး, သင်ရဲ့ကိုယ်ရောင်ဟာ သောက်ရှူးကြယ်ပမာ အရပ်မျက်နှာအားလုံးကို လွှမ်းဖုံး တောက်ပနေပါတယ်။ သင့်ကိုယ်မှာလဲ ထူးထွေဆန်းကြယ် တင့်တယ်

လှပတဲ့ အဝတ်တန်းဆာများနဲ့ ဆင်ယင်ထုံးဖွဲ့ထားတာကို တွေ့မြင်ရပါတယ်။ သင်နတ်သမီးလေးဟာ လူ့ဘဝတုန်းက ဘယ်လို ကုသိုလ်ကောင်းမှုမျိုးကို ပြုလုပ်ခဲ့လို့ ခုလိုပြည့်စုံကြွယ်ဝတဲ့ စည်းစိမ်သုခတို့ကို ရရှိပါသလဲ''လို့ ဦးနန္ဒိသေနက မေးလိုက်ပါတယ်။

''ဦးနန္ဒိသေန, ကျွန်မ မိနန္ဒာပါ။ ရှေးလူ့ဘဝတုန်းက ရှင်ရဲ့ဇနီးဟောင်းပါ။ မကြာမီက ကျွန်မအတွက် ရည်မှန်းပြီး လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုအဖို့ကို ရှင်က ကျွန်မ မိနန္ဒာအတွက် အမျှပေးဝေခဲ့တယ် မဟုတ်လား။ အဲဒီကုသိုလ်အဖို့ကို ကျွန်မပြိတ္တာဘဝကနေပြီး လိုလိုလားလား ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ကာ လက်ခံရယူလိုက်ပါတယ်။ အဲဒီ သာဓုအနုမောဒနာ ခေါ်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ကျွန်မဟာ အလွန်ဆင်းရဲလှတဲ့ ပြိတ္တာဘဝက လွတ်မြောက်ပြီး ခုလို နတ်သမီးတစ်ယောက် ဖြစ်လာရတာပါပဲရှင်''လို့ မနန္ဒာက ကြည်လင်ရွှင်လန်းစွာနဲ့ ပြန်ပြောလိုက်ပါတယ်။

## မြောက်

မနန္ဒာကဆက်လက်၍ ''ဦးနန္ဒိသေန, ဦးနန္ဒိသေနဟာ လူ့ပြည်လူ့လောကမှာ အခွင့်အခါကောင်းနေတုန်း ကိုယ်ကျင့်တရားများကို လုံခြုံစွာကျင့်သုံးပါ။ လှူဒါန်းစရာ အဖြာဖြာကိုလဲ စွမ်းနိုင်သမျှ ပေးလှူပါ။ နှမြောတွန့်တို

မပေးလိုတဲ့ မသွေရ အညစ်အကြေးကိုလည်း စင်ကြယ်အောင်ဆေးကြောပေါ။ စည်းစိမ်သုခ အဝဝတို့နဲ့ ပြည့်စုံကြွယ်ဝတဲ့ နတ်ပြည်နတ်လောက ရောက်အောင်ကြိုးစားအားထုတ်ပါရှင်'' လို့ ဆုံးမစကားပြောကြားပြီး ကွယ်ပျောက်သွားပါတယ်။

၉-၉-၇၇၊ ရက်။



## ဗိမာန်ထဲက အမျိုးသမီး

ဗိမာန်ရှင် အမျိုးသမီးကလေးက ကုန်သည်များ ပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓု အနုမောဒနာခေါ်ပြီး လက်ခံယူလိုက်တာနဲ့ တစ်ပြိုင်နက်....

# ဗိမာန်ထဲက အမျိုးသမီး

## တစ်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိမြို့အနီး ဇေတဝန်ကျောင်းတိုက်တော်ကြီးမှာ သီတင်းသုံး စံနေတော်မူ ချိန်တုန်းက ဖြစ်ပါတယ်။ သာဝတ္ထိမြို့သား ကုန်သည်များဟာ ကုန်ကူးသန်း ရောင်းဝယ် ဖို့ရာ အတွက် သုဝဏ္ဏဘူမိ ဖက်သို့ သင်္ဘောနဲ့ ခရီးထွက်ခဲ့ကြပါတယ်။

သမုဒ္ဒရာအလယ်မှာ လေမုန်တိုင်း အတိုက်ခံရတာကြောင့် သူတို့ သင်္ဘောဟာ ဟိုဟိုဒီဒီ လှည့်လည် မျောပါသွားရာက ကျွန်းငယ်တစ်ကျွန်းသို့ ဆိုက်ရောက်သွားပါတယ်။

## နှစ်

ကုန်သည်များ ကျွန်းပေါ် တက်သွားကြတဲ့အခါ ကျွန်း အလယ်မှာ ဆန်းကြယ်လှပတဲ့ ဗိမာန်တစ်လုံးနဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ကြရပါတယ်။ ဒီအခါမှာ—

"ဗိမာန် အပြင်ဖက်သို့ ထွက်မလာဘဲ ဗိမာန်ထဲမှာ ခိုအောင်းနေတာ ဘယ်သူ ပါလဲ။ လူအမျိုးသမီးလား၊ သို့မဟုတ် နတ်သမီးပဲလား။ အရှင်မ အပြင်ဖက်ထွက်ခဲ့ပါ။

အရှင်မကို အပြင်ဖက်မှာ တွေ့ပါရစေ”လို့ ကုန်သည်များ ထဲမှ သွက်လက်ချက်ချာတဲ့ လူတစ်ယောက်က မေးမြန်း တောင်းဆို လိုက်ပါတယ်။

“ဦးရယ် ကျွန်မပြောပါရစေရှင်၊ နားနဲ့မနာ ဖဝါးနဲ့ နာပါ။ ကျွန်မကိုယ်ဟာ အဝတ်မဖုံး ကိုယ်တုံးလုံးဖြစ်နေ ပါတယ်။ တစ်ကိုယ်လုံးကို ဆံပင်များနဲ့သာ ဖုံးထားရပါ တယ်။ ဒါကြောင့် ကျွန်မအပြင်ဖက် မထွက်ဝံ့ပါ။ ရှက် လွန်းလို့ပါရှင်”လို့ ဗိမာန်ရှင်အမျိုးသမီးက ပြန်ပြောပြ ပါတယ်။

“ဪ.... ဒီလိုလား၊ ဒါဖြင့်ယင် ကျွန်တော်ရဲ့ ပခုံး ပေါ်မှာ ပါလာတဲ့ ဒီအပေါ်ရုံအဝတ်ကို အရှင်မအတွက် ပေးပါတယ်၊ ရော့– ယူပါ။ ဒီအဝတ်ကိုဝတ်ပြီး အပြင် ဖက် ထွက်ခဲ့ပါဗျာ” လို့ ပြောဆိုယင်း ကုန်သည်က အဝတ်ကို ပေးပါတယ်။

“ဦးရယ်, ဦးက ကျွန်မအပေါ်မှာ သနားကြင်နာတဲ့ စိတ်ထားနဲ့ ကျွန်မအတွက် ယခုလိုပေးကမ်း ကူညီတာကို ကျေးဇူး တင်ပါတယ်။ ဒါပေမယ့် ပစ္စုပ္ပန် လူ့ဘဝမှာ ရှိနေတဲ့ပုဂ္ဂိုလ်က တခုလွန်နောက်ဘဝ ရောက်နေရတဲ့ ကျွန်မ တို့လို ပုဂ္ဂိုလ်မျိုးအတွက် စား, သောက်, ဝတ်ဆင်စရာ ပစ္စည်းအဖြာဖြာကို ပေးချင်ယင် ဒီအတိုင်း (လက်နဲ့ကိုင်လို့ ဖြစ်စေ, စားပွဲပေါ်, စင်ပေါ်တင်လို့ ဖြစ်စေ) တိုက်ရိုက် ပေးလို့ မရပါဘူးရှင်”။

"ခု ဦးရဲ့အဝတ်ကို ကျွန်မထံပေးတဲ့အခါ ဒီအဝတ်ဟာ ကျွန်မထံကို ရောက်မလာပါဘူး။ ကျွန်မယူလို့လဲမရပါဘူး ရှင်"လို့ သူကိုယ်တိုင် လက်တွေ့ခံစားနေရတဲ့ အခြေအနေ ကို ဝမ်းနည်းစွာ ရှင်းပြပါတယ်။

သုံး

"ဒေအးဗျာ ဆန်းကြယ်လိုက်တာ ပိုင်တဲ့လူကပေးတာ ပဲ မရဘူးလို့ ရှိရသေးတယ်၊ ဝမ်းနည်းပါတယ်ဗျာ ဒါဖြင့် ရင် ကျွန်တော်တို့ပေးတဲ့ပစ္စည်းကို အရှင်မ ရရှိအောင် ကျွန်တော်တို့ကဘယ်လိုနည်းမျိုးနဲ့ ပေးကြရမှာပါလဲဗျာ" လို့ တမလွန်နောက်ဘဝ ရောက်နေရတဲ့ ပုဂ္ဂိုလ်များ ရရှိ အောင် ပေးတဲ့နည်းလမ်းကို ကုန်သည်ကမေးမြန်းလိုက် ပါတယ်။

"ဒီလိုပါရှင်, ဦးတို့ပေးတဲ့ပစ္စည်းကို တမလွန်နောက် ဘဝရောက်နေရတဲ့ ကျွန်မရစေချင်ရင်, ကျွန်မသုံးစွဲစေချင် ရင်တော့ ဦးတို့သင်္ဘောသားတွေထဲမှာ ရတနာသုံးပါးနဲ့ ကံ, ကံရဲ့အကျိုးတရားကို လက်ခံယုံကြည်ပြီး သရဏဂုံတည် နေတဲ့ သူတော်ကောင်း ဥပါသကာတစ်ယောက် ပါလာ တယ်။ ကျွန်မဝတ်ဖို့ရာ ခုပေးနေတဲ့အဝတ်ကို အဲဒီဥပါ သကာအား လှူဒါန်းပြီး ဦးတို့ကဒါနကုသိုလ်ကို ရှေးဦး စွာရအောင် ယူထားလိုက်ကြပါ။"

"ပြီးတော့မှ ဦးတို့ရထားတဲ့ ဒါနကုသိုလ်အဖို့ကို ကျွန်မ အတွက် ရည်မှန်းပြီး အမျှအတန်း ပေးဝေလိုက်ပါ။"

"ကျွန်မက ဝမ်းမြောက်ရွှင်လန်းစွာ သာဓုအနုမောဒနာခေါ်ပြီး လက်ခံယူလိုက်ပါမယ်။ အဲဒီလို ယူလိုက်တဲ့အခါမှာ ဦးတို့လှူဒါန်းတဲ့ ပစ္စည်းများနဲ့ နာမည်များသာတွင်ပြီး။ အလွန့်အလွန် ကောင်းမွန်တဲ့ပစ္စည်းများဟာ ကျွန်မထံမှောက်သို့ ပိုပိုသာသာကြီး ရောက်လာကြပါလိမ့်မယ်ရှင်" လို့ ဟိုဖက်ဘဝက ပုဂ္ဂိုလ်များရရှိအောင် ပေးတဲ့နည်းလမ်း ကို ဝိမာန်ရှင် အမျိုးသမီးက သင်ပြပြောဆိုလိုက်ပါတယ်။

## လေး

အဘော်သား များစွာတို့ဟာ ဗိမာန်ရှင်အမျိုးသမီးကလေးက ပြောပြပေးလိုက်တဲ့ တမလွန်ခေါ်ဟိုဖက် နောက်ဘဝရောက်နေကြရတဲ့ ပုဂ္ဂိုလ်များ ပစ္စည်းသုံးစွဲခွင့်ရအောင် ပေးတဲ့နည်းလမ်းအတိုင်း လက်ငင်းဆောင်ရွက်ကြဖို့ရာ ကြိုးစားနေကြရပါတယ်။

သဘော်ပေါ်မှာ ပါလာတဲ့ သူတော်ကောင်း ဥပါသကာကို သနပ်ခါးရေ,နံ့သာရေများနဲ့ ရေချိုးပေးနေကြပါတယ်။ သင့်လျော်လျောက်ပတ်တဲ့ ဝတ်စုံတစ်စုံကို ဝတ်ဆင်ပေးလိုက်ကြပါတယ်။ အနံ့အရသာနဲ့ ပြည့်စုံတဲ့ စားဖွယ်သောက်ဖွယ်များကိုလည်း ကျွေးမွေးကြပါတယ်။ အဲဒီလို ဝတ်ဆင်, ကျွေးမွေးလှူဒါန်းကြပြီး ဒါနကုသိုလ်တရားကို အရယူထားလိုက်ကြပါတယ်။

ဒါနကုသိုလ်တရားကို အရယူထားကြပြီးတဲ့နောက် မိမိတို့ ကိုယ်ပိုင်ပစ္စည်း ဖြင့်လာတဲ့ ဒဲဒီဒါနကုသိုလ်အဖို့ကို ဘဝခြား နေတဲ့ ဘဝတစ်ပါးရောက်နေတဲ့ ဗိမာန်ရှင် အမျိုးသမီးကလေး အတွက် ရည်မှန်းပြီး–

"ဗိမာန်ရှင် အမျိုးသမီးကလေးရေ ငါတို့ပြုလုပ်ရယူ ထားတဲ့ ဒါနကုသိုလ်အဖို့ကို သင်အမျိုးသမီးကလေးအား အမျှပေးဝေ လိုက်ပါတယ်ကွယ်။ အမျှ, အမျှ, အမျှ" လို့ အမျှအတန်း ပေးဝေလိုက်ကြပါတယ်။

ငါး

ဗိမာန်ရှင် အမျိုးသမီးကလေးက ကုန်သည်များပေးဝေတဲ့ ဒါနကုသိုလ်အဖို့ကို ဝမ်းမြောက်ရွှင်လန်းစွာ သာဓုအနုမောဒနာခေါ်ပြီး လက်ခံယူလိုက်တာနဲ့ တစ်ပြိုင်နက် ဗိမာန်ရှင် အမျိုးသမီးကလေးမှာ နတ်ပြည်က အစားအစာနဲ့တူတဲ့ အမျိုး မျိုးသော စားစရာများ, အမျိုးမျိုးသော သောက်စရာများနဲ့ အတူ နတ်ပြည်က အဝတ်အထည်နဲ့တူတဲ့ အမျိုးမျိုးသော ဝတ်ဆင်စရာ အထည်များကို ပြည့်ပြည့်စုံစုံ ပိုပိုလျှံလျှံကြီး ရရှိ လာပါတယ်။

ဗိမာန်ရှင် အမျိုးသမီးကလေးဟာ စားစရာ, သောက်စရာ အစားအစာများနဲ့ ဝတ်ဆင်စရာ အဝတ်အထည်များကို ရရှိပြီး နောက် မကြာမီသော အချိန်တွင်းမှာပင် လှတင့်တယ် သန့် ကြယ်တောက်ပြောင်တဲ့ အဝတ်တန်ဆာများကို ဝတ်စားဆင်

ယင်ပြုပြင်ထုံးဖွဲ့လျက် ပြုံးပြုံးရွှင်ရွှင် နတ်သမီးအသွင်နဲ့ ဗိမာန် အပြင်ဘက်သို့ ထွက်လာပါတယ်။

ကုန်သည်များဟာ သူတို့တတွေ လှူဒါန်းပြီး အမျှအတန်း ပေးဝေမှုကြောင့် ဗိမာန်ရှင် အမျိုးသမီးကလေး အစားအစာနဲ့ အဝတ်အထည်များ ပြည့်စုံစွာ ရရှိလာပုံကို မျက်ဝါးထင်ထင် တွေ့မြင်ကြရတဲ့အတွက် အမျှပေးဝေမှု ပတ္တိဒါနကုသိုလ်ရဲ့ စွမ်း အားကို အံ့သြနေကြပါတယ်။ ဝမ်းသာနေကြပါတယ်။

## ခြောက်

အမျိုးသမီးကလေးရဲ့ဆန်းကြယ်လှပတဲ့ ဗိမာန်ကြီးကိုရရှိလာ တဲ့အကြောင်းကံကိုလဲ သိလိုလာကြပြန်ပါတယ်။ အဲဒါကြောင့်–

"အို….နတ်သမီးကလေး, သင့်ရဲ့ဗိမာန်ဟာ ဆင်ရုပ်, မြင်းရုပ်, မိန်းမယောကျ်ားရုပ်စတဲ့ ပန်းချီဆေးရေးရုပ် တွေနဲ့ ဆန်းဆန်းကြယ်ကြယ် ခြယ်သထား၊ ခြူးပန်း ခြူးနွယ်တွေနဲ့လဲ လှလှပပ အမွမ်းတင်ထားတဲ့ ဗိမာန် ဖြစ်ပါတယ်။"

"မေးပါရစေ၊ ပြောပြစမ်းပါ၊ ဒီလောကတင့်တယ် ထူးထွေ ဘောက်ပြောင်ထိန်လက်နေတဲ့ ဗိမာန်မျိုးကို ဘယ် လိုကံ ဘယ်လိုကုသိုလ်ကို ပြုလုပ်ခဲ့လို့ ရရှိလာပါသလဲ"လို့ ကုန်သည်များက မေးမြန်းကြပါတယ်။

"ကျွန်မ ဒီဘဝ မရောက်မီ ဟိုအတော်ရှေးကျတဲ့ ဘဝ တုန်းက ဗာရာဏသီပြည်မှာ လူအမျိုးသမီးတစ်ဦး ဖြစ်ခဲ့

ပါတယ်။ နှမ်းစေ့များကို ဆီကြိတ်ရောင်းတဲ့ အလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။"

"တစ်ခုသောနေ့ နံနက်ခင်း ကျွန်မ ဆီကြိတ်နေတဲ့ အချိန်မှာ ကြည်ညိုဖွယ်ရာ ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ ရဟန်းတော်တစ်ပါး ကျွန်မအိမ်ရှေ့မှာ ဆွမ်းခံကြွလာပါတယ်။ အဆင်သင့် ဆီဆုံထဲမှာ ရှိနေတဲ့ နှမ်းဆီတွေးများကို ဆွမ်းခံကြွလာတဲ့ ကိုယ်တော်အား ကြည်လင်ရွှင်ပြတဲ့ စိတ်ထားနဲ့ ရက်ရက်ရောရော လှူဒါန်းခဲ့ပါတယ်။"

"အဲဒီ နှမ်းဆီတွေး ပေးလှူခဲ့တဲ့ ဒါနကုသိုလ်ကြောင့် ဒီဗိမာန်ကြီးကို ရလာတာပါပဲရှင်"လို့ ဗိမာန်ရှင် အမျိုးသမီးကလေး ပြောပြပါတယ်။

"ကျွန်မ အဲဒီကုသိုလ်ရဲ့ အကျိုးတရားကို ခံစားလာခဲ့တာ ကြာလှပါပြီရှင်။ ကဿပမြတ်စွာဘုရား သာသနာတော်တွင်း ကာလကပြီး ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်ထွန်းကားလာတဲ့ အချိန်အထိဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကုသိုလ်ရဲ့ စွမ်းအားအဟုန်ဟာ ယခု ကုန်ခန်းသွားပါပြီရှင်။"

"မကြာမီ လာမည့် လေးလ ကျော်ကျော် ငါးလ လောက်မှာ ကျွန်မ ယခုလက်ရှိဘဝက သေရပါတော့မယ်။ သေပြီးရင်လဲ အကုသိုလ်ရဲ့ စွမ်းအားက များပြားစွာရှိနေတာကြောင့် အကုသိုလ်က တစ်လှည့်ဝင်ကာ အကျိုးပေးပါတော့မယ်။"

"အဲဒီလို အကုသိုလ်အကျိုးပေး ခွင့်သာတဲ့အချိန်မှာ ကျွန်မဟာ, အဝီစိငရဲကြီးမှာ ကျခံရတော့မှာ ဖြစ်ပါတယ်။ မဟာအဝီစိငရဲဆိုတာ အင်မတန် ကြောက်စရာကောင်းလှပါတယ်။ ယူဇနာတစ်ရာ ကျယ်ဝန်းပါတယ်။ သံပြားခင်း, သံပြားမိုးနဲ့ သံပြားတော့ပဲ ကာရံထားပါတယ်။ စတုရန်းလေးထောင့်ပုံစံ ဖြစ်ပါတယ်။ လေးမျက်နှာမှာ တံခါးလေးပေါက်သာ ရှိပါတယ်။ မီးတောက် မီးလျှံများက အစဉ်တစိုက် လောင်မြိုက်နေပါတယ်။"

"ကျွန်မဟာ အဲဒီလောက် ဆိုးရွားပြင်းထန်လှတဲ့ ငရဲကြီးထဲမှာ မကောင်းမှု အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ ဆင်းရဲဒုက္ခအဝဝကို ကာလကြာမြင့်စွာ ခံစားရပါတော့မယ်။ ကျွန်မအလွန့်အလွန် ကြောက်ရွံ့စိုးရိမ် နေရပါတယ်ရှင်"လို့ အမျိုးသမီးလေးဟာ သနားဖွယ်ရာ ငိုးကာ တွားကာနဲ့ ဆက်လက်ပြီးပြောပြပါတယ်။

ဒီအခါမှာ သူဌေးဝင် ဥပါသကာက သနားကြင်နာလှန်းလို့ ယခုလို နည်းပေးစကား ပြောကြားလိုက်ပါတယ်။

"နတ်သမီးလေး (ပြိတ္တာအမျိုးသမီးကို နတ်သမီးလို လှပနေတာကြောင့် နတ်သမီးလို့ ခေါ်ဝေါ်နေတာဖြစ်ပါတယ်) သင်္ဘောသားများစွာတို့က ငါ့တို့အတွက်လှူဒါန်းပြီး အမျှအတန်းပေးဝေထားတဲ့ ကုသိုလ်စွမ်းအားကြောင့်

နတ်သမီးကလေးမှာ စားစရာသောက်စရာနဲ့ ဝတ်ဆင်စရာ ပစ္စည်းဥစ္စာအဖြာဖြာ ပေါများစွာ ရှိနေပါတယ်။”

“ယခုအခါ ဒီသင်္ဘောသား များစွာတို့အတွက် လှူဒါန်းစရာ အဖြာဖြာကို ပေးလှူလိုက်ပါလား။ ပြီးတော့ သုံးလူ့ထွတ်သား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်များကို အာရုံပြုကာ အောက်မေ့လိုက်ပါလား။ ဒီလိုကုသိုလ်တရားများကို ကြိုးစားပြုလုပ်လိုက်ရင် နတ်သမီးကလေးဟာ အဝီစိငရဲကျရောက်ရမည့် ဘေးက လွတ်မြောက်နိုင်စရာ ရှိပါတယ်”လို့ ကောင်းမွန်တိကျတဲ့ နည်းလမ်းကို ညွှန်ပြပေးလိုက်ပါတယ်။

ပြိတ္တာအမျိုးသမီးကလေးက ရှင်လန်း ဝမ်းမြောက်လှစွာနဲ့ “ကောင်းလှပါပြီရှင်”လို့ ဝန်ခံစကားပြောကြားပြီး သင်္ဘောသားကုန်သည်များကို နတ်တို့ရဲ့အစားအစာနဲ့ တူမျှတဲ့ စား, သောက်ဖွယ်ရာ အဖြာဖြာတွေနဲ့ တင်းတိမ်ရောင့်ရဲအောင် ပြုစုလုပ်ကျွေးပါတယ်။ နတ်တို့ရဲ့ အဝတ်အထည်နဲ့တူညီတဲ့ အဝတ်အထည် အသွယ်သွယ်တို့ကိုလဲ လှူဒါန်းလိုက်ပါတယ်။

မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ရည်စူးပြီး သင်္ကန်းတော်တစ်စုံကို သင်္ဘောသား ကုန်သည်များ လက်မှာ အပ်နှံလျက်—

“ဘုန်းတော်ကြီးမား မြတ်စွာဘုရား ဝိမာန်ရှင်အမျိုးသမီးကလေးတစ်ဦးက ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့

ခြေတော်အစုံ ကြွပါဒ့်တို့ကို ကြည်ညိုမြတ်နိုးစွာနဲ့ ရှိခိုးဦးချ လိုက်ပါတယ်ဘုရား”လို့ ဦးကြီးတို့ သာဝတ္ထိပြန်ရောက်တဲ့ အခါ မြတ်စွာဘုရားကို ကျွန်မရဲ့စကားနဲ့ ရှိခိုးဦးချပေးကြ ပါရှင်”လို့ မှာကြားလိုက်ပါတယ်။

သဘောသား ကုန်သည်များလဲ သာဝတ္ထိ ပြန်ရောက်ကြတဲ့ အခါမှာ ဇေတဝန်ကျောင်းတော်သို့ သွားကြပါတယ်။ အမျိုး သမီးကလေး အပ်နှံပေးလိုက်တဲ့ သင်္ကန်းတစ်စုံကို မြတ်စွာဘုရား အား ဆက်ကပ်လှူဒါန်းကြပါတယ်။ ဗိမာန်ရှင် အမျိုးသမီး ကလေးက မြတ်စွာဘုရားအား ရှိခိုး ဦးချလိုက်ပါကြောင်း မှာကြားလိုက်တဲ့စကားကိုလဲ လျှောက်ထားကြပါတယ်။

သဘောသား ကုန်သည်များဟာ နောက်တစ်နေ့မှာ မြတ် စွာဘုရားအမှူးရှိတဲ့ သံဃာတော်များအား အလှူကြီးပေးလှူ ပြီး ဗိမာန်ရှင်အမျိုးသမီးကလေးအတွက် အမျှအတန်းပေးဝေ လိုက်ကြပါတယ်။ ဗိမာန်ရှင်အမျိုးသမီးကလေးဟာ အဲဒီဘဝ က ကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ဘုံက ရွှေဗိမာန်ကြီးထဲ မှာ အလုပ်အကျွေး အခြွေအရံ နတ်သမီးပေါင်း တစ်ထောင်နဲ့ ရွှင်လန်းချမ်းသာ ပျော်မွေ့စွာ ခံစားနေရပါတော့တယ်။

၄-၁၀-၈၇၊ တနင်္ဂနွေနေ့
နံနက်(၁၀-၁၅)နာရီ။



## သမီးလိမ္မာနှင့် ဖခင်ပြိတ္တာ

ရွှေဘုန်းတော်သခင် ရှင်တော် မြတ်ဘုရား တပည့်တော် အဇာတသတ် မင်းဟာ ပြိတ္တာ တစ်ဦးကို ရည်စူးပြီး ဒီအလှူကို လှူဒါန်း ပါ၏ ဘုရား။

# သမီးလိမ္မာနှင့် ဖခင်ပြိတ္တာ

## တစ်

သုံးလောက ထွတ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ရွှေကျောင်းမှာ ကိန်းအောင်းမွေ့လျော်, စံနေတော်မူချိန်က ဖြစ်ပါတယ်။

ဗာရာဏသီပြည်မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြည်ညိုသဒ္ဓါ မပွားနိုင်ရုံမျှမက နှမြောတွန့်တို မပေးလိုတဲ့ စိတ်အားက ကြီးမားပြီး ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှု များအပေါ်မှာ မလေးစား မပြုလုပ်တဲ့ သူဌေးငယ်တစ်ယောက် ရှိပါတယ်။

## နှစ်

သူဌေးငယ်က ကုသိုလ်ကောင်းမှု တရား နည်းပါးခြင်း, မိမိပိုင်ပစ္စည်း ဥစ္စာများအပေါ်မှာ တွယ်တာမှု အားကြီးခြင်း တို့ကြောင့် ကွယ်လွန်သွားတဲ့အခါ ပြိတ္တာဘုံ ပြိတ္တာဘဝရောက်သွားရပါတယ်။ သူ့ရဲ့ကိုယ်မှာ အသားအသွေးများ မရှိကြဘဲ အရိုးပေါ်အရေတင်ပြီး အကြောပြိုင်းပြိုင်း ထနေတာကို မြင်ကြရပါတယ်။

## သုံး

သူဌေးငယ် လူ့ဘာတုန်းက သမီးတစ်ယောက် ရှိပါတယ်။ နာမည်က "အနုလာ" တဲ့။ သမီးအနုလာဟာ ရာဇဂြိုဟ်ပြည် အန္ဓကဝိန္ဒမြို့မှာ အိမ်ထောင်ကျပြီး ယောကျာ်းအိမ်မှာ လိုက်နေရပါတယ်။ သမီးအနုလာကတော့ အဖေသူဌေးငယ်နဲ့ မတူပါဘူး။ သဘာသဘောကို ကြည်ညိုတယ်။ ကံနဲ့ကံရဲ့ အကျိုးတရားကို ယုံကြည်တယ်၊ ရှည်ရှည်မှန်မှန်ရှိတယ်။ သာမှုနာမှုကိစ္စများကို ရပ်ကွက်တွင်းရှိ လူကြီးလူကောင်းများနဲ့ ပူးပေါင်းဆောင်ရွက်တယ်။ အဲဒီလို ယဉ်ကျေးမှု အရည်အချင်းမျိုးတွေနဲ့ ပြည့်စုံတဲ့ သမီးဖြစ်ပါတယ်။

## လေး

သမီးအနုလာဟာ ဗာရာဏသီပြည်ကနေပြီး အဖေသူဌေးငယ် ကွယ်လွန်သွားကြောင်း ကြားသိရတာနဲ့ "မွေ့ခံထိုက်စေ၊ လျှုမျှဝေ၍" ဆိုတဲ့ သားသမီးများကျင့်ဝတ် မချွတ်မယွင်း ရအောင် ကွယ်လွန်သွားတဲ့ အဖေသူဌေးငယ်အတွက် ရည်ရွယ်ပြီး ဆွမ်းသွတ်အလှူပွဲ ကျင်းပဖို့ရာ ဆွမ်းဆန်အစရှိတဲ့ လှူဖွယ်ပစ္စည်းများကို စုဆောင်းနေပါတယ်။ လှူဖွယ်ပစ္စည်းအားလုံး ပြည့်စုံတဲ့အခါ ဆွမ်းသွတ် အလှူပွဲအတွက် ရက်သတ်မှတ်ပြီး အလှူခံပုဂ္ဂိုလ်များကို ပင့်ဖိတ်ပါတယ်။

အနုလာတို့ အရပ်မှာ ရှိနေတာက အလှူခံပုဂ္ဂိုလ်ဆိုလို့ ပုဏ္ဏားများသာရှိနေကြပါတယ်။ တစ်နယ်တစ်ကျေး ဝေးဝေးလဲ

သွားပင့်ဖို့ရာ အခြေအနေ မပေးတာကြောင့် အနီးအနားမှာ ရှိနေကြတဲ့ ပုဏ္ဏားများကိုသာ အလှူခံပုဂ္ဂိုလ်အဖြစ် ပင့်ဖိတ်ရပါတယ်။ အနုလာကတော့ အလှူခံပုဂ္ဂိုလ်နဲ့ စပ်လျဉ်းပြီး တင်းတိမ်အားရခြင်း မရှိလှပါဘူး။ ဒါပေမယ့် မြို့ရွာဒေသ အစဉ်အလာအရ ဒီပုဏ္ဏားအလှူခံတွေကိုပဲ ပင့်ဖိတ်ရခြင်း ဖြစ်ပါတယ်၊

ဗာရာဏသီပြည်မှာ ကွယ်လွန်ပြီး ပြိတ္တာဘုံရောက်နေရတဲ့ ဖခင်ဟောင်းပြိတ္တာက "သမီးငယ် အနုလာဟာ မကြာမီက ကွယ်လွန်ရတဲ့ မိမိအတွက်ရော ရှေးရှေးအခါများက ကွယ်လွန်သွားကြပြီးတဲ့ မိခင်, ဘကြီး, ဘထွေးနဲ့ အဘိုး,အဘွားဆွေမျိုး သားချင်းများ အတွက်ပါ ရည်ရွယ်ပြီး ဆွမ်းသွတ်အလှူပွဲ ကျင်းပဖို့ရာ စီစဉ်နေကြောင်း, ဘယ်ရက်, ဘယ်နေ့,ဘယ်အချိန် မှာ လှူဒါန်း၍ အမျှအတန်း ပေးဝေမည် ဖြစ်ကြောင်းကို" ဝေးရပ်မြေကနေပြီး သိနှင့်နေပါတယ်။

## ငါး

ဖခင်ဟောင်း ပြိတ္တာဟာ သမီးငယ် အနုလာရဲ့ ဆွမ်းသွတ် အလှူပွဲရက်အမီ သဲ့ာမုခေါ် လိုတဲ့ အာသာဆန္ဒပြင်းပြစွာနဲ့ ကောင်းကင်ခရီးက အန္ဓကဝိန္ဒမြို့ကို သွားတဲ့အခါ ရာဇဂြိုလ် ပြည့်ရှင် ဘုရင်အဇာတသတ်ရဲ့ စိုးစံရာ နန်းပြာသာဒ် အနီးအနား ရောက်သွားပါတယ်။

ဒီအချိန်မှာ အဇာတသတ်မင်းကလဲ အိပ်စက်လို့ မပျော်သေးတာကြောင့် မိမိစံရာ နန်းပြာသာဒ်ရဲ့ အပေါ်ဆုံးထင်မှာ လူးလာခေါက်ပြန် စင်္ကြံလျှောက်နေပါတယ်။

စင်္ကြံလျှောက်နေရင်း ပြူတင်းပေါက်ကနေပြီး ကိုယ်လုံးကပိန်ခြောက်ခြောက် ဦးခေါင်းက ပြောင်တောင်တောင်နဲ့ အဝတ်မပါတဲ့ ပြိတ္တာကောင်ကို လှမ်းမြင်လိုက်ရပါတယ်။ မြင်လိုက်ရင် မြင်လိုက်ခြင်းပဲ ရဟန်းတစ်ပါး ကြွလာတယ်လို့ မှတ်ထင်တာကြောင့် မေးခွန်းစကား ပြောကြားလိုက်ပါတယ်။

"အရှင်ဘုရား, အရှင်ဘုရားဟာ အဝတ်အထည်မပ့ါဗလာ ကိုယ်တည်းနဲ့ ကြုံလှီပိန်ချုံးတဲ့ ခန္ဓာကိုယ်ပိုင်ရှင် ရဟန်းတစ်ပါးလို့ တပည့်တော်ထင်ပါတယ်။ ညဉ့်နက်သန်းခေါင် အချိန်မတော်ကြီးမှာ ဘယ်လိုအကြောင်းကိစ္စနဲ့ ဘယ်အရပ်ဌာနကို ကြွသွားမလို့ပါလဲ။ အခက်အခဲရှိပါက တပည့်တော်အား ပြောကြားစမ်းပါ။ တပည့်တော်ဟာ အရှင်ဘုရားအတွက် စည်းစိမ်နဲ့ပြည့်စုံအောင် ဆောင်ရွက်နိုင်ကောင်း, ဆောင်ရွက်နိုင်ပါလိမ့်မယ်" လို့ အဇာတသတ်မင်းက မေးပြော,ပြောလိုက်တယ်။

"အရှင်မင်းမြတ်, အကျွန်ုပ်ဟာ ရဟန်းမဟုတ်ပါ။ ကျွန်ုပ် လူ့ဘဝတုန်းကတော့ ဟိုဗာရာဏသီမြို့က ပစ္စည်းဥစ္စာကြွယ်ဝတဲ့ သူဌေးငယ်ပါ။ ပစ္စည်းဥစ္စာ အပေါ်မှာ တွယ်တာပြီး မပေးလို မလှူရက်ရှိမှုမက၊ မကောင်းတဲ့

အကျင့်ဆိုးများကို ကျင့်ခဲ့မိတာကြောင့် လူဘဝက သေလွန်တဲ့အခါ ပြိတ္တာဘုံမှာ ဆင်းရဲလှတဲ့ ပြိတ္တာဖြစ်နေပါတယ်။ ဆာလောင်မွတ်သိပ်မှု ဆင်းရဲကာ နှိပ်စက်လို့ အလွန်ပင်ပန်းနွမ်း ခံနေရတဲ့ ပြိတ္တာပါ။

လူ့ဘဝတုန်းက အကျွန်ုပ်ရဲ့ သမီးလိမ္မာလေး တစ်ယောက်ဟာ, ဟိုအနွက်ဝင်နွမြို့မှာ ရှိပါတယ်။ သူ့ရဲ့ အဘိုးအဘွားများ ကွယ်လွန်တုန်းကလဲ သမီးကိုယ်တိုင် ဦးဆောင်ပြီး ဆွမ်းသွတ်အလှူပေးလှူခဲ့ပါတယ်။ သူ့အမေ (ကျွန်ုပ်ရဲ့ဇနီး) ကွယ်လွန်တုန်းကလဲ သူပဲ ဦးစီးခေါင်းဆောင်လုပ်ပြီး ဆွမ်းသွတ်အလှူ ပေးလှူခဲ့ပါတယ်။ မိဘ ဘိုးဘွားများ ကွယ်လွန်တဲ့အခါ ကျန်ရစ်တဲ့ သားသမီးများက လှူဒါန်း၍ အမျှအတန်း ပေးဝေရမည်ဖြစ်ကြောင်း၊ ဒါမှ သားသမီးကျင့်ဝတ် ကျေပွန်ကြောင်းကို သမီးက ကောင်းကောင်း ပြောကြားပါတယ်။”

“ခုလဲပဲ အကျွန်ုပ်အတွက် ရည်မှန်းပြီး လှူဒါန်းကာ အကျွန်ုပ်အား အမျှအတန်းပေးဝေဖို့ရာ စီစဉ်နေပါတယ်။ မနက်ဖြန်နံနက်မှာ ဆွမ်းသွတ်အလှူပေးလှူပြီး အကျွန်ုပ်အား အမျှပေးဝေပါလိမ့်မယ်။ အကျွန်ုပ်က သာဓုခေါ်ပြီး အလှူရဲ့အဖို့ကို ရယူလိုက်ရင် စားစရာ သောက်စရာနဲ့ ဝတ်ရုံစရာ ပစ္စည်းဥစ္စာများကို ပြည့်စုံစွာ ရရှိပါလိမ့်မယ်။ အဲဒီစား, သောက်, ဝတ်ရုံစရာ ပစ္စည်းဥစ္စာတွေကို ရယူ

ရန်အတွက် အန္ဓကဝိန္ဒမြို့ဖက်ကို အကျွန်ုပ်သွားနေတာ ဖြစ်ပါတယ်”လို့ ပြိတ္တာကပြန်ပြောပါတယ်။

“အိုပြိတ္တာ သင့်သမီးပေးလှူတဲ့ အလှူရဲ့အကျိုးတရားကိုခံစားပြီးပါက ကျွန်ုပ်ထံပြန်လာခဲ့ပါဦး။ တွေ့ကြုံရတဲ့ အခြေအနေကိုလဲ အကျွန်ုပ်အား ပြောကြားစမ်းပါဦး။ ယုံကြည်ထိုက်တဲ့ အကြောင်းစကားကို အကျွန်ုပ်နားထောင်လိုပါတယ်။ အကယ်၍ သင့်လျော်တဲ့အကြောင်း ရှိပါက အကျွန်ုပ်ကလဲ သင်ပြိတ္တာအတွက် ချမ်းသာအောင်ပြုလုပ်ပေးလိုပါတယ်”လို့ အဇာတသတ်မင်းက မှာကြားလိုက်ပါတယ်။

## ခြောက်

ပြိတ္တာက “ကောင်းပါပြီအရှင်မင်းမြတ်”လို့ ဝန်ခံစကားပြောကြားပြီး အန္ဓကဝိန္ဒမြို့ဖက်သို့ ဆက်လက်သွားပါတယ်။ နောက်တစ်နေ့ နံနက်ပိုင်းတွင် အန္ဓကဝိန္ဒမြို့ရှိ သမီးအနုလာရဲ့ အိမ်ပေါ်မှာ ဆွမ်းသွတ်အလှူပွဲ ကျင်းပနေတာကို ဝမ်းမြောက်စရာ တွေ့ကြုံရပါတယ်။ “လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးတဲ့အခါ မိမိအတွက် အမျှအတန်း ပေးဝေလိမ့်မယ်။ သာဓုအနုမောဒနာ အားရပါးရ ခေါ်လိုက်မယ်။ ဒီအခါမှာ စားစရာ, သောက်စရာ အစားအစာတွေနဲ့ ဝတ်ရုံစရာ အထည်အဝတ်တွေပါ ပြည့်စုံစွာ ရလာလိမ့်မယ်”လို့ မျှော်လင့်ချက် အားကြီးစွာနဲ့ ဖခင်ဟောင်းပြိတ္တာကြီးက စောင့်စားနေပါတယ်။

သမီးအနုလာကလဲ ရောက်လာကြတဲ့ ညှော့ပရိသတ်များကို ညှော့ခံကျွေးမွေးပါတယ်။ ပရိသတ် စုံလောက်တဲ့အခါမှာ ပင့်ဖိတ်ထားတဲ့ ပုဏ္ဏားတော်များလဲ ကြွရောက်လာပြီဖြစ်လို့ ဆွမ်းသွတ်အလှူပွဲစတင်ဖို့ရာ နှိုးဆော်လိုက်ပါတယ်။ နှိုးဆော်ပြီးတဲ့နောက် သမီးအနုလာက ဆောင်ရွက်ဖွယ်ရာ ကိစ္စအဖြာဖြာကို လိမ္မာကျွမ်းကျင်စွာ ဆက်လက်ဆောင်ရွက်ပါတယ်။

"ပုဏ္ဏားတော်ကြီးများရှင်, ကျွန်မ ရိုသေလေးမြတ်စွာ အစီရင်ခံပါရစေ။ ယနေ့အလှူပွဲဟာ မကြာမီလပိုင်းအတွင်းက ဘဝတစ်ပါးပြောင်းသွားတဲ့ ကျွန်မရဲ့ဖခင်နဲ့ ဟိုနှစ်ပေါင်းများစွာက ဘဝတစ်ပါး ပြောင်းသွားကြရတဲ့ ကျွန်မရဲ့မိခင်, ဘိုးဘွား ဆွေမျိုးသားချင်းများအတွက် ရည်ရွယ်ပြီး ကျင်းပရတဲ့ ဆွမ်းသွတ်အလှူပွဲ ဖြစ်ပါတယ်။"

"ဒါကြောင့် ကျွန်မဆရာကောင်း သမားကောင်းများက သင်ပြထားတဲ့ နည်းလမ်းအတိုင်း လှူဒါန်းပါ့မယ်။ လှူဒါန်းခွင့်ပြုတော်မူကြပါ။ ပုဏ္ဏားတော်ကြီးများရှင့်—

ယခုရှေ့မှောက်မှာ ပြင်ဆင်ထားတဲ့—

စားစရာဆွမ်းနဲ့, မုန့်ပဲသရေစာ

သောက်စရာ, သုံးစရာ ရေနဲ့

ဝတ်စရာ, ရုံစရာ အဝတ်အထည်တို့ကို ဘဝတစ်ပါးပြောင်းသွားကြတဲ့ ဖခင်သူဌေးငယ် အမှူးရှိတဲ့ မိဘဘိုးဘွား

ဆွေမျိုးသားချင်းများအတွက် ရည်မှန်းပြီး ပုဏ္ဏားတော်ကြီးတို့အား လှူဒါန်းပါတယ်”။

“ယခုလှူဒါန်းရတဲ့ ဒါနကုသိုလ်ရဲ့ အကျိုးတရားကို ဘဝတစ်ပါး ပြောင်းသွားကြရတဲ့ ဖခင်သူဌေးငယ်နှင့်တကွ မိဘဘိုးဘွား ဆွေမျိုးသားချင်းများ ရရှိကြ၍ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေ။ အမျှ, အမျှ, အမျှ” လို့ သမီးအနုလာက ကျမ်းကျင်ရည်မွန်စွာ လှူဒါန်းပြီး အမျှအတန်း ပေးဝေလိုက်ပါတယ်။

ဒီအခါမှာ အသင့်မျှော်သင့် စောင့်စားအားထားနေတဲ့ ဖခင်ဟောင်းပြိတ္တာက ဝမ်းမြောက်ရွှင်လန်းစွာနဲ့ သာဓုအနုမောဒနာကို သုံးကြိမ်သုံးခါ ဆက်တိုက် ခေါ်လိုက်ပါတယ်။

သာဓုသုံးကြိမ် ခေါ်ပါသော်လဲ အလှူခံပုဂ္ဂိုလ်က ဂုဏ်အင်္ဂါနဲ့ ပြည့်စုံမှုမရှိတဲ့ ဒုဿီလပုဂ္ဂိုလ် ဖြစ်နေတာကြောင့် တမလွန်နောက်ဘဝ ရောက်နေကြရတဲ့မိဘဘိုးဘွား ဆွေမျိုးသားချင်းများအတွက် အလှူရဲ့အကျိုးတရားမှာ ထင်ရှားစွာ ဖြစ်ပေါ်မလာတော့ဘဲ အဆုံးရှုံးကြီး ဆုံးရှုံးသွားရပါတယ်။ အလှူရှင်သမီး အနုလာကတော့ သားသမီးကျင့်ဝတ်ကို မယွင်းချွတ်အောင် ကျင့်ဆောင်ခဲ့ပါတယ်။

## ခုနစ်

ကွယ်လွန်သူများကို ရည်မှန်းပြီး လှူဒါန်းကြတဲ့ ဆွမ်းသွတ်အလှူပွဲများမှာ ပြည့်စုံရမည့်အချက် ငါးချက်ရှိရာ—

၁။ အလှူခံပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါနဲ့ပြည့်စုံမှု,

၂။ အလှူပေးပုဂ္ဂိုလ်ရဲ့ စိတ်ထားတက်ကြွမ်းမှု,

၃။ လှူဖွယ်ပစ္စည်း အမျိုးအစား ပြည့်စုံမှု,

၄။ အလှူခံပုဂ္ဂိုလ်က အမျှအတန်းပေးဝေမှုနဲ့,

၅။ နောက်ဘဝရှိ ပုဂ္ဂိုလ်က ဝမ်းမြောက် ရွှင်လန်းစွာ သာဓုအနုမောဒနာ ခေါ်ဆိုမှု ဆိုတဲ့ ဒီငါးပါးထဲက ဒီနေ့အလှူပွဲမှာ အမှတ် ၂-၃-၄-၅ အချက်များနဲ့ ပြည့်စုံပါ မသာလဲ အမှတ် ၁-အချက်ဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါ နဲ့ပြည့်စုံမှုဆိုတဲ့ အချက်က ပျက်ကွက်နေပါတယ်။ ချို့ယွင်း နေပါတယ်။

အမှတ် ၁-အချက်က "ကိလေသာကင်းတဲ့ဂုဏ်၊ သို့မဟုတ် ကိလေသာကင်းအောင် ကျင့်နေတဲ့ဂုဏ်" ဒီဂုဏ်ပုဒ်နဲ့ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်ဖြစ်ရမယ်လို့ ဆိုထားပါတယ်။ ဒီနေ့ သမီးအနု လာရဲ့ အလှူပွဲမှာ အလှူခံပုဂ္ဂိုလ်များက ဒီဂုဏ်ပုဒ်နဲ့ ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်များ မဟုတ်ကြပါ။ အကျင့်သီလ ဘာတစ်ခုမျှ မရှိကြတဲ့ ဒုဿီလပုဂ္ဂိုလ်များ ဖြစ်နေကြတဲ့အတွက် အလှူပွဲ တစ်ခုလုံး ဆုံးရှုံးရပါတယ်။ ခဲလေသမျှ သဲရေကျ ဖြစ်ရပါ တယ်။ ဝမ်းနည်းစရာ အလွန်ကောင်းပါတယ်။ ဒါပေမဲ့ အလှူ ရှင် သမီးအနုလာဟာ ဒီအခြေအနေကို ဘာတစ်ခုမျှ သိရှာဟန် မတူပါဘူး။

## ရှစ်

ဖခင်ပြိတ္တာခမျာမှာ ဘာကောင်းကျိုးတရားမှ မခံစားရတဲ့အတွက် စိတ်ဓာတ်တွေမကြည်လင်, အားအင်တွေ ကုန်ခန်းပြီး ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်ရဲ့ နန်းတော်ဖက်သို့ ပြန်လာရှာပါတယ်။ အဇာတသတ်မင်းထံမှောက် ရောက်တဲ့အခါ အဇာတသတ်မင်းအား ကိုယ်ထင်ရှား ပြလိုက်ပါတယ်။

အဇာတသတ်မင်းက မူလပုံစံအတိုင်း ပြောင်းလဲမှုမရှိဘဲ ဆင်းရဲငြိုငြင်စွာ ပြန်လာတဲ့ပြိတ္တာကို မြင်ရတဲ့အခါ–

"အဲမောင် ပြိတ္တာ ငါမင်းတရားက သင်ကြီးပွားချမ်းသာရေးအတွက် ဘယ်ပစ္စည်းများကို ပေးလှူရမှာလဲ။ အသင်ပြိတ္တာ ကြာမြင့်စွာချမ်းသာပြီး နှစ်သက်ရောင့်ရဲမှု ရနိုင်တဲ့အကြောင်းရှိရင် အဲဒီအကြောင်းကို ငါမင်းတရားအား ပြောကြားပါလား"လို့ အဇာတသတ်မင်းက မေးလိုက်ပါတယ်။

"အရှင်မင်းမြတ်, မြတ်စွာဘုရားနဲ့ သံဃာတော်များကို စားစရာဆွမ်း ခဲဖွယ်ဘောဇဉ်, သောက်စရာ အဖျော်ယမကာနဲ့ ရေ, ဝတ်ရုံစရာ အဝတ်သင်္ကန်းတို့ဖြင့် ပူဇော်လုပ်ကျွေးပါ လှူဒါန်းပါ ပူဇော်ပါ"။

"အဲဒီအလှူရဲ့အဖို့ကို အကျွန်ုပ်အတွက် အကျိုးစီးပွားတိုးတက်စေရန် ရည်သန်ပြီး အမျှအတန်းပေးဝေပါ"။

"အရှင်မင်းမြတ်က အမျှအတန်းပေးဝေလို့ အကျွန်ုပ်က သာဓုအနုမောဒနာ ခေါ်လိုက်တဲ့အခါ အကျွန်ုပ်အတွက်

ကြာမြင့်စွာ ချမ်းသာပြီး နှစ်သက်ရောင့်ရဲမှုများစွာကို ရရှိလာပါလိမ့်မယ်”လို့ ပြိတ္တာကပြောပြပါတယ်။

ပြိတ္တာပြောကြားတဲ့ စကားကြောင့် အဇာတသတ်မင်းဟာ နန်းပြာသာဒ်ပေါ်က ဆင်းသွားပြီး အဲဒီနေ့ နံနက်ပိုင်းမှာပဲ မွန်မြတ်ဖွယ်ရာလှတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်၊ အဖျော်ယမကာနဲ့ အဝတ်သင်္ကန်းတို့ကို ပြင်ဆင်စေပါတယ်။ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်များအား ပင့်ဆောင်ကာ သနားစရာ ပြိတ္တာအတွက် ရည်မှန်းပြီး ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းပါတယ်။ ဆက်လက်၍ –

“ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား....တပည့်တော်ဟာ ပြိတ္တာတစ်ဦးကို ရည်စူးပြီး ဒီအလှူကို လှူဒါန်းတာ ဖြစ်ပါတယ်ဘုရား”လို့ လျှောက်ထားလိုက်ပါတယ်။

ပြီးတော့ “ငါရဲ့ထံမှောက် လာရောက်ပြောကြားတဲ့ ပြိတ္တာဟာ ဒီနေ့ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်များအား ဆွမ်း၊ သင်္ကန်းနဲ့ ဆေးချမ်းတို့ကို လှူဒါန်းရတဲ့ ဒါနကုသိုလ်ရဲ့အကျိုးတရားကို ရရှိ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေ အမျှ၊ အမျှ၊ အမျှ”လို့ အမျှအတန်းဝေလိုက်ပါတယ်။

ဒီအခါမှာ စောင့်စား မျှော်လင့်နေတဲ့ ပြိတ္တာက အနီးအနား တစ်နေရာကနေပြီး ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်လိုက်ပါတယ်။ သာဓုခေါ်ကာ ဒါနကုသိုလ်ရဲ့အကျိုးတရားကို လက်ခံရယူလိုက်သည်နှင့် တစ်ပြိုင်နက် ပြိတ္တာဘဝမှ လွတ်မြောက်ပြီး နတ်သားအဖြစ်သို့ ရောက်သွားပါတယ်။

# ကိုး

နတ်တို့ရဲ့တန်ခိုးရှိန်စော် အာနုဘော်ကြောင့် အလွန်တင့်တယ်လှပတဲ့ ကိုယ်ခန္ဓာနဲ့ အဇာတသတ်မင်း ရှေ့မှာက်မှာ ကိုယ်ထင်ရှား ပြလာပါတယ်။

“အရှင်မင်းမြတ် အကျွန်ုပ်ဟာ တန်ခိုး၊ ဥစ္စာ လွန်စွာပြည့်စုံတဲ့ နတ်သားဖြစ်ရပါပြီ။ တန်ခိုးရှိန်စော် အာနုဘော်ပြည့်စုံတဲ့ အရာမှာရော ခည်းစိမ်ဥစ္စာ အဖြာဖြာပြည့်စုံတဲ့ အရာမှာပါ အကျွန်ုပ်နှင့်တူညီတဲ့ လူသားများ မရှိကြပါ”။

“အရှင်မင်းမြတ် ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်များအား မွန်မြတ်လှစွာသော စားဖွယ်၊ သောက်ဖွယ်နဲ့ အဝတ်သင်္ကန်းတို့ကို လှူဒါန်းကာ အကျွန်ုပ်အတွက် ရည်မှန်းပြီး အမျှအတန်းပေးဝေမှုကြောင့် ရရှိလာခဲ့တဲ့ အကျွန်ုပ်ရဲ့ တန်ခိုးရှိန်စော် အာနုဘော်တို့ကို ကြည့်ရှုတော်မူပါ”။

“အရှင်မင်းမြတ် အကျွန်ုပ်မှာ အမြဲမပြတ် အခါခပ်သိမ်းများပြား မွန်မြတ်လှစွာသော စားစရာ အစားအစာ၊ သောက်စရာ အဖျော်ယမကာနဲ့ ဝတ်ရုံစရာ အဝတ်အထည်တို့ကို တင်းတိမ်အောင့်ရဲအောင် သုံးစွဲခံစားနေရပါပြီ”

“အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ကို အကျွန်ုပ်ပန်ကြားပါတယ်။ အကျွန်ုပ်ချမ်းသာစွာ အလိုရှိရာအရပ်သို့ သွားခွင့်ပြုတော်မူပါ”လို့ အဇာတသတ်မင်းအား ပန်ကြားပြီး ပျောက်ကွယ်သွားပါတယ်။

၂၀-၉-၀၇၊ တနင်းလာနေ့
ည ၉-နာရီ



## အရှင်သာရိပုတ္တရာ၏ ကရုဏာတော်

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အသင်မင်းသမီးကလေး လူ့ဘဝတုန်းက ဘယ်လို ကုသိုလ်ကောင်းမှုများ ပြုလုပ်ထားခဲ့ဘူးပါ သလဲဟု…

# အရှင်သာရိပုတ္တရာ၏ ကာရုဏာတော်

## တစ်

သုံးလောကစေ့ထိး ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်မှာ စံတော်မူချိန်တုန်းက ဖြစ်ပါတယ်။ လက်ယာတော်ရံ ပညာဉာဏ် အားကြီး လှတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ မဂဓတိုင်း အပါအဝင် ဂုဠကဝတီ ကျေးရွာအနီး အရုဏဝတီ ကျောင်းတိုက်မှာ ဂုဠကဝတီကျေးရွာကို ဂေါစရဂါမ်အဖြစ် အမှီပြုပြီး သီတင်းသုံးတော် မူပါတယ်။

## နှစ်

တစ်နေ့မှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ဟာ ၁၂-ပါးသော ရဟန်းတော်များနှင့်အတူ ဂုဠကဝတီကျေးရွာတံခါး အနီးအနားရှိ လမ်းခရီးက ကြွသွားတော်မူပါတယ်။ အဲဒီအခါ ရွာတံခါးအနီးမှာ ကစားနေကြတဲ့ ကလေးမလေးများစွာတို့ဟာ မိကောင်းဖခင် သားသမီးများ ဖြစ်ကြသည့် အားလျော်စွာ မိဘများက သင်ပြထားတဲ့—

* ခြေ,လက်,နဖူး၊ တတောင်,ဒူး,၊ ငါးဦး ကြမ်းမှာတည်။

* တည်ခြင်းငါးဖြာ၊ ပြည့်စုံစွာ၊ သေချာ ဦးချမည်။

* သက်ရှည်, ဆင်းလှ,၊ ချမ်းသာရ,၊ ဗလတိုးပွားမည်။

ဆိုတဲ့ ဆောင်ပုဒ် သံပေါက်ကဗျာလေးများနဲ့ လျော်ညီစွာ သူတော်စင် သူတော်ကောင်းများဟာ စာလာ ပေလာနဲ့အညီ ဆရာနည်းကျကျ ဦးချကြတဲ့အခါ—

၁။ ခြေနှင်ဖက် ကြမ်းပေါ်, ခြေပေါ်မှာ တည်နေရပါမယ်။

၂။ လက်နှစ်ဖက်လဲ ကြမ်းပေါ်, မြေပေါ်မှာပဲ တည်နေရပါမယ်။

၃။ နဖူးကလဲ ကြမ်းပေါ်, မြေပေါ်မှာပဲ တည်နေရပါမယ်။

၄။ တတောင်ဆစ် နှစ်ခုကလဲ ကြမ်းပေါ်, မြေပေါ်မှာပဲ တည်နေရပါမယ်။

၅။ ဒူးနှစ်လုံးကလဲ ကြမ်းပေါ်, မြေပေါ်မှာပဲ တည်နေရပါမယ်။

အဲဒီလို တည်ခြင်းငါးဖြာ, ထိခြင်းငါးဖြာနှင့် ညီညွတ်စွာ ရှိသေမြတ်နိုး ရှိခိုးဦးချသူများ ရနိုင်ခွင့်ရှိတဲ့ အကျိုးတရားများကတော့ ဖြစ်လေရာရာ ဘဝတိုင်းမှာ ဒီကုသိုလ်ကောင်းမှုက အကျိုးပေးခွင့် သာတဲ့အခါ—

၁။ အသက်ရှည်ရှည် နေရမယ်။

၂။ ရုပ်အဆင်းအင်္ဂါ လှပ ချောမောမယ်။

၃။ ကိုယ်ရော စိတ်ပါ ချမ်းသာမယ်။

၄။ ခွန်အားဗလ တိုးပွား ကြီးမားမယ်-ဆိုတဲ့ ဆုံးမချက် အတိုင်း ကြည်လင်ရွှင်ပြစွာ အကျိုးတရားလိုလားတဲ့ စိတ်ထားနဲ့ အလျင်အမြန် ပြေးလာကြပြီး အရှင်သာရိပုတ္တရာကိုရော အခြား ရဟန်းတော် ၁၂-ပါးတို့ကိုပါ တည်ခြင်း ငါးပါးရှိသော ရှိခိုးနည်းနဲ့ ရှိခိုးဦးချကြပါတယ်။

သဒ္ဓါတရားလဲနည်း လိမ္မာရေးခြားလဲမရှိတဲ့ အမျိုးသမီး ကလေးတစ်ယောက်ကတော့ ဘယ်ဆွေမျိုးကမှ သင်ကြားပေး မထားတာကြောင့် သူတော်ကောင်းတို့ရဲ့ အလေ့ အကျင့်ပါ မလာတဲ့ မရိုမသေ ကျက်သရေမဲ့စွာနဲ့ ကြောင်တောင်ကြည့် ရင်း သံဃာတော်များရဲ့ ရှေ့မှောက်မှာ ဒီအတိုင်းမတ်တတ် ရပ်နေပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဒီအမျိုးသမီး ကလေးရဲ့ ရှေးရှေးဘဝက ပြုလုပ်ခဲ့ဖူးတဲ့အကျင့်နဲ့ ခုဘဝမိစ္ဆာ ဒိဋ္ဌိအမျိုးထဲမှာဖြစ်နေရတဲ့အခြေအနေကိုရော နောင်အခါငရဲဘုံ မှာဖြစ်ရတော့မည့် အခြေအနေကိုပါ သိမြင်တော်မူပါတယ်။ အကယ်၍သာ ဒီကလေးမကလေးဟာ ငါနှင့်အတူ ကြွလာ တော်မူတဲ့ သံဃာတော်များကို ရှိခိုးဦးချမှု ပြုလုပ်မယ်ဆိုရင် ငရဲဘုံမှာ မဖြစ်ရတော့ဘဲ ပြိတ္တာဘုံလောက်မှာသာ ဖြစ်ရတော့ မည့် အခြေအနေနဲ့ ငါမထေရ်ကို အမှီပြုပြီး စည်းစိမ်ချမ်းသာ အဖြာဖြာကို ရလာနိုင်မည့်အခြေအနေတို့ကို သိမြင်တော်မူတာ

ကြောင့် သနားကြင်နာတဲ့စိတ်ထားနဲ့ အမျိုးသမီးကလေးများကို ဒီလိုမိန့်ကြားတော်မူလိုက်ပါတယ်။

"ဟဲ့ကလေးတို့ ကလေးတို့ကတော့ ရဟန်းတော်များကို ရိုသေမြတ်နိုး ရှိခိုးဖော်ရကြတယ်။ ဒီကလေးမကတော့ အမှတ်မရှိသလိုတဲ့ မတ်တတ်ကြီးရပ်နေတာပါလားကွယ်"။

ဒီလို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မိန့်ကြားတော်မူလိုက်တဲ့အခါ ရှိမခိုးဘဲ မတ်တတ်ရပ်နေတဲ့ ကလေးမကို အခြားကလေးမများက ဝိုင်းဝန်းကာ လက်တွေကို ချုပ်ကိုင်ဆွဲငင်ကြပြီး နိုင်ထက်စီးနင်း ပြုလုပ်ကြလျက် မထေရ်မြတ်ရဲ့ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးခိုင်းကြပါတယ်။

## သုံး

အဲဒီအမျိုးသမီးကလေး နောင်တစ်ချိန် အရွယ်ရောက်လာတဲ့အခါ ဒီသာဝတ္ထိကျေးရွာက မိစ္ဆာဒိဋ္ဌိအမျိုးထဲက အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ ကိုယ်လေးလက်ဝန်ရှိလာတဲ့အချိန်မှာ သေဆုံးပြီးနောက် ပြိတ္တာဘုံ ပြိတ္တာဘဝသို့ ရောက်သွားရပါတယ်။

ပြိတ္တာဘုံမှာ အစာရေစာ မစား မသောက် ရတာကြောင့် ဆာလောင်မွတ်သိပ်မှု ဆင်းရဲက အမြဲ နှိပ်စက်နေပါတယ်။ ရုပ်ဆင်းကမလှ၊ အဝတ်အထည်ကမပါ ဗလာကိုယ်ထည်း စက်ဆုတ်ရွံရှာဖွယ်ရာကောင်းလှတဲ့ ကိုယ်ခန္ဓာကြီးနဲ့ ဟိုဟိုဒီဒီ လှည့်လည်နေရပါတယ်။

## လေး

တစ်ခုသော ညအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ် ထံမှောက် ရောက်လာပြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး အား ကိုယ်ကင်ရှားပြလျက် သင့်လျော်တဲ့နေရာတစ်ခုမှာ ရပ် နေပါတယ်။ ဒီအခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက-

မထေရ်မြတ်.... "ဟဲ့ ကလေးမ သင်ရဲ့ကိုယ်မှာ လုံချည်အင်္ကျီလဲ မပါ၊ ချုပ်ဆင်းသဏ္ဌာန်က ကြုံလှီပိန်ချုံးပြီး အကြောပြိုင်းပြိုင်းထတဲ့ စက်ဆုပ်ရွံရှာဖွယ်ရာ ကိုယ်ခန္ဓာကြီးနဲ့ ဒီမှာလာပြီး ရပ်နေတာပါ လား၊ သင်က ဘယ်သူလဲ"။

ပြိတ္တာမ.... "ဆရာတော်ဘုရား .... တပည့်တော်မ ဟာ မကောင်းမှု အကုသိုလ်ကံ အဖြာဖြာကို ပြုလုပ် ခဲ့မိတာကြောင့် လူ့ဘဝက ကွယ်လွန်ပြီး ပြိတ္တာ ဘုံရောက်လာရတဲ့ ပြိတ္တာမတစ်ဦးပါဘုရား"

မထေရ်မြတ်.... "သင်ဟာ ဘယ်လိုမကောင်းမှုမျိုးကို ပြုလုပ်ခဲ့ မိပြီး ဘယ်လိုမကောင်းတဲ့ စကားမျိုးကို ပြော ကြားခဲ့မိလျက် ဘယ်လို မကောင်းတဲ့ အတွေး အကြံမျိုးတွေကို တွေးကြံခဲ့မိလို့ ဒီပြိတ္တာဘုံကို ရောက်လာရပါသလဲ"။

ပြိတ္တာမ.... "ဆရာတော်ဘုရား....တပည့်တော်မကို လူ့ဘဝ မှာတုန်းက ဘယ်အမိ ဘယ်အဖ, ဘယ်ဆွေမျိုး

သွားချင်းကမျှ 'ဟဲ့ ကလေးမ သင်ဟာ အလှူ အတန်းကို ပေးကမ်းလှူဒါန်းပါ။ ကိုယ်ကျင့် သီလကို စောင့်ထိန်းပါ။ ဘာဝနာတရားကို ပွားများအားထုတ်ပါ'လို့ တိုက်တွန်း ပြောကြား သနားစောင့်ရှောက် ချီးမြှောက်မှု မပြု ခဲ့ကြပါဘုရား"။

ပြိတ္တာမ.... "ဒါ့အပြင်လဲ တပည့်တော်မဟာ ဒီဘဝက ပြန်လည်ရေတွက်ကြည့်ရင် သုံးခုမြောက်ဘဝက စပြီး ဟိုဘက်က ဘဝပေါင်းငါးရာတိုင်အောင် ယခုလို အဝတ်မပါ ဗလာကိုယ်ထည်းနဲ့ ဆာ လောင် မွတ်သိပ်ခြင်း ဆင်းရဲဒုက္ခကို အပြင်း အထန် ခံစားရင်း လှည့်လည် ခဲ့ရပါတယ် ဘုရား..."။

ပြိတ္တာမ.... "ဆရာတော်ဘုရား .... ဆရာတော် ဘုရားကို တပည့်တော်မ ကြည်လင်ရွှင်ပြ ရှိသေလေး မြတ်တဲ့ စိတ်ထားမျိုးနဲ့ ရှိခိုးကန်တော့ပါတယ်။ တပည့်တော်မဟာ ခုအချိန်မှာ ဒီလိုရှိခိုး ကန် တော့တဲ့ ကောင်းမှုမျှကိုသာ ပြုစွမ်းနိုင်ပါတယ် ဘုရား။ ဆရာတော်ဘုရားက တပည့်တော်မကို သနားစောင့်ရှောက် ချီးမြှောက်တော်မူပါ။ တစ်စုံတစ်ရာသော လှူဒါန်းစရာကို တပည့် တော်မအတွက် ရည်စူး၍ လှူဒါန်းတော်မူပြီး

တပည့်တော်မကို ပြိတ္တာဘုံက လွတ်မြောက်ခွင့်
ရအောင် ရွက်ဆောင်ပေးတော်မူပါဘုရား....”။

သနားကြင်နာမှု စိတ်ထား ကြီးမားလှစွာသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက “ကောင်းပါပြီ, ဆောင်ရွက်ပေးပါ့မယ်လို့ ဝန်ခံတော်မူပြီး နောက်နေ့မှာ ရဟန်းတော်တစ်ပါးအား–

စားစရာဆွမ်း တစ်လုတ်စာ,

ပတ်စရာ တစ်လက်ဝါးမျှသော အဝတ်စနဲ့

သောက်စရာ ရေတစ်ဖန်ခွက်မျှတို့ကို ပေးလှူတော်မူပါတယ်။ ပြိတ္တာမလေး အတွက်လဲ ဆက်လက်၍ အမျှအတန်း ပေးဝေတော်မူလိုက်ပါတယ်။

ငါး

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အမျှအတန်းပေးဝေတာကို ပြိတ္တာမလေးက သာဓုအနုမောဒနာ ခေါ်လိုက်တဲ့အခါ ပြိတ္တာမလေးမှာ–

စားစရာ အစားအစာများစွာ,

ဝတ်စရာ အထည်များစွာနဲ့

သောက်စရာရေကောင်းရေသန့် များစွာတို့ကိုရရှိလာပါတယ်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးတရားဟာ အင်မတန်ထင်ရှားပါတယ်။

ပြိတ္တာမလေးဟာ ရရှိလာတဲ့ ရေကောင်းရေသန့်များစွာကို သောက်လဲသောက်,ချိုးလဲချိုးပါတယ်။ နတ်သုဒ္ဓါ,နတ်အာဟာရနဲ့တူတဲ့ အစားအစာ များစွာတို့ကိုလဲ ကြိုက်သလိုစားသုံးပါတယ်။ အလွန်တရာ ချောမွေ့လှပတဲ့ အဝတ်အထည်များကို ဆန်းကြယ်လှပစွာ ဝတ်စားဆင်ယင် ပြုပြင်ထုံးဖွဲ့ပြီး ပြုံးရွှင်တဲ့ မျက်နှာအနေအထားနဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအနီးအပါးသို့ ရောက်လာကာ ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုးရှိခိုးရင်း ရပ်နေပါတယ်။

အသားအရေများကလဲ ပြည့်ပြည့်ဖြိုးဖြိုး, အဝတ်အစားများကလဲ ဆန်းဆန်းကြယ်ကြယ်, ကိုယ်ရောင်ကိုယ်ဝါကလဲ ထိန်ထိန်တောက်တောက်နဲ့ ရောက်လာတဲ့သူငယ်မကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ပြုံးကနဲ နတ်သမီးတစ်ယောက်လို့ မှတ်ထင်ပြီး ယခုလို မေးမြန်းတော်မူလိုက်ပါတယ်။

မထေရ်မြတ် .... "အို နတ်သမီးလေး သင့်ရဲ့ ခန္ဓာကိုယ်က သောက်ရှုကြယ်ပမာ လွန်မင်းစွာ တောက်ပနေပါတယ်။ အလွန်နှစ်လိုဖွယ်ရာ ကောင်းလှတဲ့ သင့်ရဲ့ကိုယ်ရောင်အဆင်းများက အရပ်မျက်နှာအားလုံးကို လွှမ်းဖုံးနေပါတယ်"။

မထေရ်မြတ် .... "နတ်သမီးလေး, မေးမြန်းပါရစေဦး။ သင်လူ့ပြည်လူ့ဘဝမှာ လူဖြစ်နေတုန်းက ဘယ်လိုကုသိုလ်ကောင်းမှု အထူးများကို ပြုလုပ်ထားခဲ့ဘူးပါသလဲ။ ဘယ်လို ကုသိုလ်ကောင်းမှုထူး

များကြောင့် ယခုလို တန်ခိုးအာနုဘော်တရား ကြီးမားပြီး ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပ နေပါသလဲ”။

နတ်သမီး.... “ဆရာတော်ဘုရား....မကြာမီသော ရက်များ အတွင်းက ဘုရားတပည့်တော်မ ဟာ ကြုံလှီပိန် ချုံး လူလုံးမလှတဲ့အပြင် အဝတ်အထည်မပါ ဗလာကျင်းပြီး ဆင်းရဲတွင်းနစ်နေရတဲ့ ပြိတ္တာမ တစ်ယောက် ဖြစ်ပါတယ်။ ကရုဏာတရား ကြီးမားတော်မူလှတဲ့ ဆရာတော် ဘုရားက တပည့်တော်မအတွက်ရည်မှန်းပြီး ရဟန်းတော် တစ်ပါးအား ဆွမ်းတစ်လုတ်စာ အဝတ်စ တစ်လက်ဝါးမျှနဲ့ ရေတစ်ဖန်ခွက်မျှတို့ကို လှူ ဒါန်းပြီး တပည့်တော်မအား ကုသိုလ်အဖို့ကို အမျှပေးဝေခဲ့ပါတယ်။

ဆွမ်းတစ်လုတ်စာ၏အကျိုး

နတ်သမီး.... “ဆွမ်းတစ်လုတ်စာ လှူဒါန်းတဲ့ ကုသိုလ်ကို သာဓုခေါ်ရတဲ့ ကောင်းမှုရဲ့ အကျိုးတရားကို ရှုစားတော်မူပါ။ နတ်သုဒ္ဓါထမင်းနဲ့ အရသာ ရှိလှတဲ့ ဟင်းလျာများစွာတို့ကို အလိုရှိသလို စားသုံးခွင့် ရနေပါပြီဘုရား...”။

## အဝတ်စ တစ်လက်ဝါး၏အကျိုး

**နတ်သမီး....** "တစ်လက်ဝါးမျှသော အဝတ်စ ကလေးကို လှူဒါန်းတဲ့ကုသိုလ်ကိုသာစုဆောင်းရတဲ့ ကောင်းမှုကုသိုလ်ရဲ့ အကျိုးတရားကိုလဲ ရှုစားတော်မူပါဦး။ နန္ဒမင်းရဲ့တိုင်းပြည်က အဝတ်အထည်များပမာ အဖိုးများစွာလဲထိုက်တန် အရေအတွက်လဲများပြား၊ အနံ့အလျားလဲ ကျယ်ပြန့်လှတဲ့ ပိုးထည်, သက္ကလပ်ထည် ခေါမတိုင်းထွက်ထည်နဲ့ ချည့်ထည်များဟာ ကောင်းကင်ပေါ်က တွဲရရွဲကျနေကြပါတယ်။ တပည့်တော်မ ကြိုက်ရာကြိုက်ရာကို ရွေးချယ်ပြီး ဝတ်ဆင်နေရပါပြီဘုရား...."။

## ရေ တစ်ဖန်ခွက်၏အကျိုး

**နတ်သမီး....** "သောက်ရေတစ်ဖန်ခွက်ကို လှူဒါန်းတဲ့ ကုသိုလ်ကို သာစုဆောင်းရတဲ့ ကောင်းမှုကုသိုလ်ရဲ့ အကျိုးတရားကိုလဲ ရှုစားတော်မူပါဦးဘုရား.... အေးမြကြည်လင်တဲ့ ရေတွေအပြည့်ရှိ၍ နက်လှတဲ့ လေထောင့်ကန်ကြီးများ ထင်ရှားဖြစ်ပေါ်လာကြပါတယ်။ ဒီကန်ကြီးများမှာ ဆိပ်ကမ်းကောင်းများလဲရှိကြပါတယ်။ မွှေးပျံ့သင်းကြိုင်လှိုင်သောရနံ့ရှိတဲ့ ပဒုမ္မာကြာ ဥပ္ပလကြာပင်

များက ဖုံးအုပ်ထားကြပါတယ်။ ဒီကန်ကြီးများထဲက ရေတွေကို အလိုရှိသလို သုံးစွဲနေရပြီဖြစ်၍ ချမ်းသာလှပါပြီဘုရား....”။

**ကန်တော့ဖို့ရာလာပါတယ်**

**နတ်သမီး....** “ဆရာတော်ဘုရား တပည့်တော်မ ဟာဘာယ်ဘေးဘယ်ရန်မျှ မရှိတော့ဘဲ ကြောက်ရွံ့မှုကင်းမဲ့စွာ နေနိုင်ပါပြီ။ မြူးထူး ပျော်ပါးနိုင်ပါပြီ။ ကြည်သာဝမ်းမြောက်ရပါပြီဘုရား....”

“ဆရာတော်ဘုရား.... သဲနားခြင်း ကရုဏာကြီးမားလှစွာသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကို ကြည်ညိုမြတ်နိုး ရှိခိုးကန်တော့ဖို့ရာ တပည့်တော်မ ယခုလို ရောက်လာခြင်းဖြစ်ပါတယ် ဘုရား....”။ လို့ လျှောက်ထားပြီး ပျောက်ကွယ်သွားပါတယ်။

၃၀–၉–၈၇ (ဗုဒ္ဓဟူးနေ့)
နေ့လည် ၂–နာရီ။

✤✤✤✤✤



မြတ်စွာဗုဒ္ဓနှင့် ဗိမ္ဗိသာရ

ဗိမ္ဗိသာရမင်းကြီး၏ အလှူပေး အမျှပေးဝေမှုကြောင့် ၉၂ - ကမ္ဘာ ထက်က ဆွေမျိုးတော် စပ်ခဲ့ဖူးကုန်သော ပြိတ္တာပေါင်း ရှစ်သောင်းလေးထောင် ပြိတ္တာဘဝမှ လွတ်မြောက်သွားကြရသည်။

# မြတ်စွာဗုဒ္ဓနှင့် မိဗ္ဗိသာရ

## တစ်

လူနတ် ပြဟ္မာ သတ္တဝါတို့ရဲ့ ဆရာ သဗ္ဗညုစောထီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သုံးလောကအလယ်မှာ တင့်တယ်ထင်ရှားစွာ ပွင့်တော်မူလာပြီးနောက် ဗောဓိမဏ္ဍိုင်ရဲ့ ပတ်ဝန်းကျင်ဌာန ခုနစ်ခုမှာ ၄၉-ရက်ကြာအောင် စံနေတော်မူခဲ့ပါတယ်။ သတ္တဝါဝေနေယျတို့ကို တရားဓမ္မ ဟောပြကာ ချွဲချွတ်တော်မူဖို့ရာ ပွင့်တော်မူလာတဲ့ မဟာကရုဏာပိုင်ရှင် ဘုရားသခင် ဖြစ်တော်မူတဲ့အတိုင်း မိမိအပေါ်မှာ ကျေးဇူးတရား ကြီးမားလှတဲ့ ကျေးဇူးရှင်များကို အခြားသူများအလျင် ကြိုတင်ပြီး ကျေးဇူးဆပ် တရားဟောကြား ပြသတော်မူလိုတဲ့အတွက် ကျေးဇူးတရား ကြီးမားတဲ့ ပုဂ္ဂိုလ်များကို ရှေးဉာဏ်တော်နဲ့ ရှာဖွေတော်မူတဲ့အခါ ပဉ္စဝဂ္ဂီငါးဦးကို တွေ့တော်မူပါတယ်။

## နှစ်

မိမိအပေါ် ကျေးဇူးတရားကြီးမားလှတဲ့ ကျေးဇူးရှင် ပဉ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီပြည် ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောရဂုံဆီသို့ ရွှေစက်တော်ဖြန့်ကာ ကြွချီတော် မူသွားပါတယ်။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့မှာ မိဂဒါဝုန်သို့ ရောက်သွားတော်မူပြီး အဲဒီနေ့ နေမဝင်မီအချိန်မှာပင် ပဉ္စဝဂ္ဂီငါးဦးအမှူးပြုတဲ့ သန်းပေါင်းတစ်ရာ ရှစ်ဆယ်များသော နတ်ပြဟ္မာပရိသတ်တို့အား ဓမ္မစကြာဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါတယ်။

ဝါဆိုလပြည့်ကျော် ငါးရက် ကြာသပတေးနေ့ ရောက်တဲ့အခါ ပဉ္စဝဂ္ဂီရဟန်းတော် ငါးပါးတို့အား အနတ္တလက္ခဏသုတ္တန်ဓေါ် ကိလေသာရောဂါ အမြစ်ဖြတ်ဆေး ဓမ္မက္ခန်ကို ထပ်မံတိုက်ကျွေးကာ ရဟန္တာဖြစ်စေတော် မူပြန်ပါတယ်။

မကြာမီ ရက်အတွင်းမှာ မိမိထံမှောက် ရောက်လာကြတဲ့ ယသသူဌေးသားကိုရော သူ့ရဲ့မိတ်ဆွေ ဗာရာဏသီမြို့ထဲမှာ နေခဲ့ကြတဲ့ သူဌေးလေးဦးတို့ကိုပါ ဒေသနာအမြိုက်ဆေး တိုက်ကျွေးချွတ်တော် မူပါတယ်။ နောက်မကြာမီ လပိုင်းအတွင်းမှာ ဗာရာဏသီမြို့နယ် တောကျေးလက်မှာ နေခဲ့ကြတဲ့ ယသသူဌေးသားရဲ့မိတ်ဆွေ သူဌေးငါးဆယ်ဦးတို့ကိုလဲ တရားမေ့ဟောပြ ချွတ်ချွတ်တော်မူပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရားဖြစ်တော်မူပြီး ပထမဆုံး ပွဦးထွက်ဝါတွင်းကာလမှာ တရားမေ့ဟောပြချွတ်ချွတ်ကာ သာသနာပြုတော် မူလိုက်တာ– တပည့်သံဃာ သာသနာ့ဝန်ထမ်း ရဟန္တာအရှင်မြတ်ချည်း ခြောက်ဆယ်ပါး တိတိရရှိတော် မူပါတယ်။ အဲဒီရဟန္တာ အရှင်မြတ်ခြောက်ဆယ်ပါးတို့တိကို ရေတွက်ကြည့်ရင်–

၁။ ပဉ္စဝဂ္ဂီ ရဟန်းတော် ၅-ပါး

၂။ အရှင်ယသ ကိုယ်တော် ၁-ပါး

၃။ အရှင်ယသရဲ့မိတ်ဆွေ ဗာရာဏသီမြို့သား ရဟန်းတော် ၄-ပါး နဲ့

၄။ အရှင်ယသရဲ့မိတ်ဆွေ ဗာရာဏသီမြို့နယ် တောကျေးလက်မှ ရဟန်းတော် ၅၀-ပါးလို့

ဒီခြောက်ဆယ်ပါးကို တွေ့ရမယ် ဖြစ်ပါတယ်။

## သုံး

မိဂဒါဝုန်မှာ ပထမ ဝါကျွတ်တော်မူတဲ့အခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဲဒီ တပည့်ရဟန္တာ အရှင်မြတ် ခြောက်ဆယ်ပါးကို တရားဟောပြဖို့ရာ နယ်မြေ ဒေသအသီးသီးသို့ တစ်ပါးတည်းစီ စေလွှတ်တော်မူပါတယ်။ မိမိကိုယ်တိုင်လဲ ဥရုဝေလတောဖက်ဆီသို့ ကြွချီတော်မူပါတယ်။ ဥရုဝေလတော ထဲမှာ တရားရှာ တရားကျင့် နေကြတဲ့-

ဥရုဝေလကဿပ ဦးဆောင်တဲ့ ရသေ့ ၅၀၀

နဒီကဿပ ဦးဆောင်တဲ့ ရသေ့ ၃၀၀ နဲ့

ဂယာကဿပ ဦးဆောင်တဲ့ ရသေ့ ၂၀၀ ဆိုတဲ့

ရသေ့ညီနောင် တစ်ထောင်တိတိတို့ ရှိနေကြပါတယ်။

အဲဒီ ရသေ့ညီနောင် တစ်ထောင်တို့ကို အဘိညာဉ်တန်ခိုး အမျိုးမျိုးပြတော်မူပြီး တပည့်တပန်း ရဟန်းအစစ် ဖြစ်စေတော် မူပါတယ်။ နောက် တစ်ရက်သောနေ့တွင် ဂယာသီသအရပ်မှာ အာဒိတ္တသုတ္တန်တရား ဟောကြားတော်မူပြီး ကိလေသာရောဂါ ကင်းစင်ကွာတဲ့ ရဟန္တာစင်စစ် ဖြစ်စေတော်မူပါတယ်။

မြတ်စွာသခင် ကိုယ်တော်မြတ်ကြီးဟာ ရသေ့ဘဝမှ ကျွတ်တန်းဝင်တော်မူလာကြတဲ့ အဲဒီ တပည့်တပန်း ရဟန္တာ တစ်ထောင် ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့ဖက်သို့ ကြွတော်မူ ပါတယ်။ ရာဇဂြိုဟ်မြို့အနီး ဝေဠုဝန်ခေါ် ဘုရင့်ဥယျာဉ်တော် ကြီး အတွင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါ မိမိထံမှောက် လာရောက်ဖူးမျှော်ကြတဲ့ ဗိမ္ဗိသာရမင်းကြီးအမှူးပြုတဲ့ မင်း ပရိသတ်, ပုဏ္ဏားပရိသတ်နဲ့ သူဌေးသူကြွယ် ပရိသတ်တို့အား ဒါနကထာ, သီလကထာ အစရှိတဲ့ တရားဒေသနာအဖြာဖြာကို သေချာစွာ ဟောပြတော်မူပြီး သောတာပန်အရိယာ ဖြစ်စေ တော်မူပါတယ်။

## လေး

နောက်တစ်နေ့ နံနက်ပိုင်းမှာ မြတ်စွာဘုရားနဲ့ တပည့်သံဃာ ရဟန္တာ တစ်ထောင်တို့ဟာ ရာဇဂြိုလ်မြို့တွင်းသို့ ဆွမ်းခံကြွဝင် တော် မူကြပါတယ်။ ဒီလို ဆွမ်းခံဝင်တော်မူတဲ့အခါမှာ နတ်တို့ သေဌ်နင်း သိကြားမင်းကိုယ်တိုင် လုလင်ငယ်အသွင်နဲ့ ရှေ့သွား ပြုကြွေးကြော်ကာ နိဗ္ဗာန်ဆော်လုပ်ပေးခဲ့တယ်လို့ ကျမ်းစာက

ဆိုပါတယ်။ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်အပေါင်း တစ်ထောင်တို့ကို သူ့ရဲ့နန်းတော် ပင့်ခေါ်ပြီးဆွမ်းကပ်လှူပါတယ်။

ဒီအချိန်မှာ ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေမျိုးပြိတ္တာများက—

"ငါတို့ရဲ့ ဆွေမျိုးရင်းချာဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးဟာ ဒီနေ့အလှူကြီး ပေးလှူမယ်။ အလှူကြီး ပေးလှူပြီးရင် ငါတို့အတွက် အမျှအတန်း ပေးဝေလိမ့်မယ်။ ငါတို့အတွက် အမျှအတန်း ပေးဝေလိမ့်မယ်"လို့ မျှော်လင့်ချက်ကြီးစွာနဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်ပတ်ဝန်းကျင်မှာ ဝန်းရံပြီး စောင့်နေကြပါတယ်။

မှတ်ချက်။ ။ဆရာတို့က ဆွေမျိုးပြိတ္တာ အရေအတွက်ကို "ရှစ်သောင်းလေးထောင်"လို့ ဖော်ပြကြပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ အလှူကြီးကို ပေးလှူပြီးတဲ့အခါ "မြတ်စွာဘုရား သီတင်းသုံးဖို့ရာ ဘယ်နေရာ ဘယ်ဒေသမှာ တော်ပါ့မလဲ"လို့ စိတ်ထဲမှာ မြတ်စွာဘုရားအတွက် ကျောင်းနေရာကိုသာ စဉ်းစားတွေးကြံ နေမိပါတယ်။ လှူပြီးခဲ့တဲ့ဒါနကုသိုလ်ကို ဘယ်သူ့အတွက်မှ အမျှမပေးဝေလိုက်မိပါဘူး။

မျှော်လင့်ချက် အားကြီးစွာနဲ့ နှစ်ပေါင်းများစွာ ကြာမြင့်အောင် စောင့်ဆိုင်းအားထား နေခဲ့ကြတဲ့ ဆွေမျိုးပြိတ္တာများ

ဟာ မျှောလင့်သလို ဖြစ်မလာကြတဲ့အတွက် ဝမ်းနဲ့ကြေကွဲကြ ရပါတယ်။ အဲဒီနေ့ ညဥ့်အချိန်ရောက်လာတဲ့အခါ ဗိမ္ဗိသာရ မင်းကြီးရဲ့ နန်းတော်ထဲမှာ အလွန်ကြောက်စရာ ကောင်းလှတဲ့ အသံဆိုး အသံနက်ကြီးများနဲ့ ဟစ်အော်ငိုကြွေး ကြပါတယ်။

ငါး

ဒီအသံနက်ကြီးများကို ကြားရတဲ့ ဗိမ္ဗိသာရ မင်းကြီးလဲ ထိတ်လန့်ကြောက်ရွံ့ နေပါတယ်။ နံနက်မိုးသောက် အလင်း ရောက်တဲ့အခါမှာ မြတ်စွာဘုရား ထံတော်မှောက်သို့ အပြေး အလွှား သွားရောက်ပြီး မြတ်စွာဘုရားအား လျှောက်ထား မေးမြန်းပါတယ်။

ဗိမ္ဗိသာရ .... "ဘုန်းတော်ကြီးမား ရှင်တော် မြတ်ဘုရား, လွန်ခဲ့တဲ့ ညဥ့်အချိန်တုန်းက တပည့်တော်ရဲ့ နန်းတော်ထဲမှာ အလွန်တရာ ကြောက်ရွံ့စရာ ကောင်းလှတဲ့ အသံဆိုး အသံနက်ကြီးများကို အချိန်ကြာမြင့်စွာ ကြားနေရပါတယ်။ ဒီအသံ ဆိုးအသံနက်ကြီးများကို ကြားရမှုနဲ့ ပတ်သက် လို့ ဘယ်လို အခြေအနေများ ဖြစ်ပေါ်လာ နိုင်ပါမည်လဲဘုရား"

ဗုဒ္ဓ .... "မကြောက်ရွံ့ပါနဲ့ မင်းကြီး သင်မင်းကြီး အတွက် ဘယ်မကောင်းကျိုးတစ်ခုမှ ဖြစ်ပေါ် လာမှာမဟုတ်ပါဘူး"။

''ဒါမေမဲ့ ဟို ကိုးဆယ့်နှစ်ကမ္ဘာ ကာလတုန်းက သင်မင်းကြီးရဲ့ဆွေမျိုးများက ဖုဿမြတ်စွာဘုရားရဲ့ သာသနာတော်မှာ သံဃာတော်များအတွက် ရှာဖွေ စုဆောင်းထားတဲ့ ပစ္စည်းများကို ခိုးယူသုံးစွဲမိခဲ့ကြတယ်။ ဆိုင်ရာက စစ်ဆေးတဲ့အခါ အပြစ်ပေါ်မှာ ကြောက်ရွံ့ပြန်တာကြောင့် ပစ္စည်းသိုလှောင်တဲ့ဂိုထောင်နဲ့ ဆွမ်းစားကျောင်းများကို မီးရှို့ဖျက်ဆီးပြီး စာရင်းဖျောက်ခဲ့ကြပါတယ်။ အဲဒီမကောင်းမှုကြောင့် သင်မင်းကြီးရဲ့ ဆွေမျိုးများဟာ အဲဒီဘဝက စုတေမနေ သေလွန်ကြပြီးနောက် ငရဲဘုံ ကျရောက်ကြတယ်။ ငရဲဘုံတစ်ခုက ငရဲဘုံတစ်ခု ပြောင်းရွှေ့ပြီး ကိုးဆယ့်နှစ်ကမ္ဘာတိုင်အောင် ဆင်းရဲဒုက္ခ ခံနေခဲ့ကြရပါတယ်''

ဗုဒ္ဓ .... ယခုဘဒ္ဒကမ္ဘာမှာ ငါတို့ရဲ့နောင်တော် ကဿပမြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါ သင်မင်းကြီးရဲ့ဆွေမျိုးများဟာ ငရဲဘုံကလွတ်ပြီး ပြိတ္တာဘုံမှာ ဖြစ်လာကြတယ်။ ပြိတ္တာဘုံမှာ အခြားပြိတ္တာများနဲ့အတူတကွ နေထိုင်လာကြတဲ့အခါ လူ့ဘုံလူ့ဘဝရှိ အခြားပြိတ္တာများရဲ့ ဆွေမျိုးသားချင်းများက သူတို့သက်ဆိုင်ရာ ဆွေမျိုးပြိတ္တာများအတွက် ရည်မှန်းလှူဒါန်းပြီး အမျှ

အတန်း ပေးဝေတာကို သာဓုအနုမောဒနာခေါ်ဆိုကာ ပြိတ္တာဘဝက လွတ်မြောက်သွားကြတာကို မကြာခဏ တွေ့ကြုံကြရပါတယ်”။

ဗုဒ္ဓ .... “ဒီလိုတွေ့ကြုံရတာ များလာတဲ့အခါ သင်မင်းကြီးရဲ့ ဆွေမျိုးပြိတ္တာများက ကဿပမြတ်စွာဘုရားထံ ချဉ်းကပ်ပြီး” ဘုန်းတော်ကြီးမားမြတ်စွာဘုရား အခြားအခြားသော ပြိတ္တာများစည်းစိမ်ချမ်းသာ ပြည့်စုံစွာ ရရှိသွားကြတာကို တပည့်တော်များက တွေ့မြင် ကြရပါတယ်။ တပည့်တော်တို့ ဆွေမျိုးစုကတော့ ဘယ်အချိန်ဘယ်အခါမှာ စည်းစိမ်ချမ်းသာကို ပြည့်စုံစွာရနိုင်ပါမလဲ”လို့ မေးလျှောက်ကြပါတယ်”။

ဗုဒ္ဓ .... “ဒီအခါမှာ နောင်တော်ကဿပ မြတ်စွာဘုရားရှင်က အသင်ပြိတ္တာတို့ဟာ ငါဘုရားသာသနာတော် ပွင့်ထွန်းရာအချိန်အခါမှာတော့ မရနိုင်ကြသေးဘူး။ ဟိုနောင်သောအခါ ဂေါတမမြတ်စွာဘုရားရယ်လို့ လောကမှာ ထင်ရှားစွာပွင့်လာလိမ့်မယ်။ အဲဒီအခါ သင်တို့ရဲ့ ဆွေမျိုးဗိမ္ဗိသာရဆိုသူက ရာဇဂြိုဟ်ပြည်မှာ မင်းဖြစ်လိမ့်မယ်။ သင်တို့ရဲ့ဆွေမျိုးတော် ဗိမ္ဗိသာရမင်းကဂေါတမ မြတ်စွာဘုရားအား အလှူကြီးပေးလှူပြီး သင်ပြိတ္တာတို့အတွက် အမျှအတန်း-

ပေးဝေပါလိမ့်မယ်။ အဲဒီအခါမှာ သင်ပြိတ္တာတို့ဟာ စည်းစိမ်ချမ်းသာကို ပြည့်စုံစွာ ရရှိကြပါလိမ့်မယ်”လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါတယ်”။

ဗုဒ္ဓ ... “အဲဒီ သင်မင်းကြီးရဲ့ ဆွေးမျိုး ပြိတ္တာများဟာ နောင်တော်ကဿပ မြတ်စွာဘုရားရဲ့ ဗျာဒိတ်စကားကို ကြားသိရပြီးတဲ့ အချိန်ကစပြီး သင်မင်းကြီးရဲ့ အမျှအတန်းပေးဝေမှုကို မျှော်လင့်စောင့်စား လာခဲ့ကြပါတယ်။ မနေ့က သင်မင်းကြီးက အလှူကြီးကိုတော့ ပေးလှူတာ တွေ့ကြရတယ်။ ဒါပေမဲ့ သူတို့အတွက် အမျှအတန်း မပေးဝေခဲ့တာကြောင့် သင်မင်းကြီးရဲ့ ဆွေမျိုးပြိတ္တာများမှာ မျှော်လင့်ချက် အာသာ ကင်းကွာပြီး ဝမ်းပန်းနည်းစွာနဲ့ သင်မင်းကြီး ကြားသိရသလို ဟစ်အော်ငိုကြွေးကြတာ ဖြစ်ပါတယ်။”လို့ မြတ်စွာဘုရားက ရှင်းပြတော်မူပါတယ်။

ခြောက်

မင်းကြီး .... “ဘုန်းတော်ကြီးမား မြတ်စွာဘုရား.... ယခုအခါ ပေးလှူရင် တပည့်တော်ရဲ့ ဆွေးမျိုး ပြိတ္တာများ စည်းစိမ်ချမ်းသာကို ရနိုင်ပါသေးသလားဘုရား....”

ဗုဒ္ဓ .... ''ဟုတ်ပါတယ်။ မင်းကြီးရနိုင်ပါတယ်''။

မင်းကြီး .... ''ဒါဖြင့်ရင် မြတ်စွာဘုရား....မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးဟာ ဒီနေ့ နံနက်ဆွမ်း အတွက် တပည့်တော်ရဲ့အလှူကို သံဃာတော် များနဲ့အတူ လက်ခံတော်မူပါဘုရား''

ဒီလို ဗိမ္ဗိသာရမင်းကြီးရဲ့ လျှောက်ထားချက်ကို မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တုဏှိဘာဝေ ဆိတ်ဆိတ်နေ တော်မူပြီး လက်ခံတော်မူပါတယ်။

မြတ်စွာဘုရား လက်ခံတော်မူကြောင်း သိရပြီးတဲ့အခါ ဗိမ္ဗိသာရမင်းကြီးဟာ နန်းတော်ပြန်သွားပြီး ဆွမ်းအလှူပွဲကြီး တစ်ခု ပေးလှူဖို့ရာ စီစဉ်ပါတယ်။ စီစဉ်ပြီးတဲ့အခါ မြတ်စွာ ဘုရားထံမှောက်သို့ သွားရောက်၍ ''ဆွမ်းအလှူပွဲ စီစဉ်ပြင်ဆင် ပြီးပြီဖြစ်ကြောင်းနဲ့ ကြွရောက်အလှူခံတော်မူရန် အချိန်တန် ပြီဖြစ်ကြောင်း''ကို လျှောက်ထားဖို့ရာ မင်းခစားတစ်ယောက် ကို စေခိုင်းလိုက်ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ နန်းတော်သို့ ကြွ လာတော်မူပြီး ခင်းထားတဲ့ နေရာပေါ်မှာ တပည့်သံဃာတော် များနဲ့အတူ သီတင်းသုံးတော်မူပါတယ်။

ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေမျိုးပြိတ္တာများကလဲ ''ဒီနေ့လှူ ဒါန်းပွဲမှာ ငါတို့အတွက် အမျှအတန်းပေးဝေလို့ စည်းစိမ်

ချမ်းသာများ ရကောင်းရလိမ့်ဦးမည်လား”လို့ စဉ်းစားမိကြ ပြီး နန်းတော်သို့သွားရောက်ကြကာ နံရံရဲ့အပြင်ဖက်က ဟိုဟို ဒီဒီ အလီလီသောနေရာတွေမှာ ရပ်တည်နေကြပါတယ်။ ဆင်းရဲ ငြိုငြင်စွာ ရုပ်ဆင်းအင်္ဂါ မလှမပ ဖြစ်နေကြရတဲ့ ဆွေမျိုးပြိတ္တာ များကို ဗိမ္ဗိသာရမင်းကြီး ထင်ရှားစွာ တွေ့မြင်ရအောင် မြတ်စွာ ဘုရားရှင်က တန်ခိုးတော်နဲ့ ပြပေးတော်မူလာပါတယ်။

## အလှူရေ လှူဒါန်း

ဗိမ္ဗိသာရမင်းကြီးဟာ မြတ်စွာဘုရားရဲ့ ရှေ့လက်တော်သို့ အလှူရေကို ပေးလှူဆက်ကပ်လိုက်ပြီး—

“ဒီ ရေအလှူဟာ တပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာများ အဘွက်ဖြစ်ပါစေ။ တပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာများဟာ ဒီ ရေအလှူရဲ့ အကျိုးတရားကို ခံစားကြရ၍ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေ.... အမျှ,အမျှ,အမျှ”လို့ အမျှ ပေးဝေပြီးလို့ ဆွေမျိုး ပြိတ္တာများက ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ပြီးတာနဲ့ တစ်ပြိုင်နက် ဆွေမျိုးပြိတ္တာများအတွက် ကြာဖူးကြာပွင့်နဲ့ ကြာပင်များ ဖုံးလွှမ်းထားတဲ့ ရေကန်ကြီးများ ထင်ရှားစွာ ဖြစ်ပေါ် လာကြပါတယ်။

ဆွေမျိုး ပြိတ္တာ များဟာ အဲဒီ ရေကန် ကြီးများ ထဲမှာ သောက်လဲ သောက်ကြ, ချိုးလဲချိုးကြနဲ့ ပင်ပန်းဆင်းရဲမှုနဲ့

F. 7

ရေဆာလောင်မွတ်သိပ်မှုများ ငြိမ်းပျောက်သွားကြ ရပါတယ်။ ပြိတ္တာများရဲ့ ကိုယ်ရေအဆင်း များဟာလဲ ရွှေလိုဝင်းလက်လာပါသတဲ့။

## စားစရာများ လှူဒါန်း

နောက်တစ်လီ ဆက်လက်ပြီး ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားရဲ့ ရွှေလက်တော်သို့ ယာဂုရယ်၊ ခဲဘွယ်ခေါ် မုန့်ပဲသရေစာရယ်, ဘောဇဉ်ခေါ် ဆွမ်းနဲ့ ဆွမ်းဟင်းရယ်, ပေးလှူဆက်ကပ်လိုက်ပြီး–

"ဒီယာဂု- ခဲဘွယ်, ဘောဇဉ်အလှူဟာ တပည့်တော်ရဲ့ ဆွေမျိုး ပြိတ္တာများအတွက် ဖြစ်ပါစေ။ တပည့်တော်ရဲ့ ဆွေမျိုး ပြိတ္တာများဟာ ဒီစားစရာ,ယာဂု,ခဲဘွယ်,ဘောဇဉ်အလှူရဲ့ အကျိုးတရားများကို ခံစားကြရ၍ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာ ကြပါစေ အမျှ, အမျှ, အမျှ"လို့ အမျှအတန်း ပေးဝေပြီးလို့ ဆွေမျိုးပြိတ္တာများက သာဓုအနုမောဒနာ ခေါ်လိုက်ကြတာနဲ့ တစ်ပြိုင်နက် နတ်တို့ရဲ့ အစာအာဟာရနဲ့တူတဲ့ ယာဂု, ခဲဘွယ်, ဘောဇဉ်များဟာ ထင်ရှားစွာ ဖြစ်ပေါ်ရရှိလာကြပါတယ်။

ဆွေမျိုး ပြိတ္တာများဟာ အဲဒီ နတ်အစား အစာ များကို ကြိုက်ရာ ကြိုက်ရာ အလိုရှိသလို စားသုံးကြရပြီး ဣန္ဒြေတွေ ပြည့်ဖြိုး, ကိုယ်ရောစိတ်ပါ ချမ်းသာတွေ့တိုးကြ ရပါတယ်။

## ဝတ်ရုံစရာနှင့် နေစရာလှူဒါန်း

နောက်တစ်လီမှာ ဗိမ္ဗိသာရမင်းကြီးက ဝတ်ရုံစရာ အဝတ်သင်္ကန်းနဲ့ နေထိုင်စရာ အိပ်ရာခင်း, နေရာထိုင်စသည်များတို့ကို မြတ်စွာဘုရားလက်တော်သို့ ဆက်ကပ်လှူဒါန်းပြီး—

"ဒီအဝတ်သင်္ကန်းနဲ့ အိပ်ရာခင်း နေရာထိုင်အလှူဟာ တပည့်တော်ရဲ့ ဆွေမျိုး ပြိတ္တာများအတွက် ဖြစ်ပါစေ။ တပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာများဟာ ဒီအဝတ်သင်္ကန်းနဲ့ နေရာထိုင် အိပ်ယာခင်း အလှူရဲ့ အကျိုးတရားများကို ခံစားကြရသည်ဖြစ်၍ ကိုယ်စေစိတ်ပါ ကျန်းမာချမ်းသာကြပါစေ။ အမျှ,အမျှ,အမျှ,"လို့ အမျှအတန်း ပေးဝေလိုက်ပါတယ်။

ဒီအခါမှာ ဆွေမျိုးပြိတ္တာများက ဝမ်းမြောက် ဝမ်းသာသာခုအနုမောဒနာ ခေါ်လိုက်ကြတာနဲ့တင်ပြိုင်နက် နတ်တို့ရဲ့ အသုံးအဆောင်နဲ့ တူညီတဲ့ အဝတ်အထည်အမျိုးမျိုး ဘုံနန်းပြာသာဒ် အသွယ်သွယ် အခင်းအိပ်ရာနေရာ အစားစားနဲ့ အဆင်တန်ဆာ အဖြာဖြာတို့ဟာ ထင်ရှားစွာ ဖြစ်ပေါ်ရရှိလာကြပါတယ်။

## ခုနစ်

အဲဒီလို အလှူအမျိုးမျိုးရဲ့ အကျိုးတရားများ ထင်ရှားစွာ ဖြစ်ပေါ်ရရှိပြီး ရွှင်လန်းချမ်းသာစွာ သုံးစွဲနေကြရတဲ့ ဆွေမျိုး

ပြိတ္တာများကို ထင်ရှားစွာခတွေ့မြင်နေရတဲ့ ဗိမ္ဗိသာရမင်းကြီးမှာ အလွန့်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါတယ်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေးပုံများကို ပို၍ပို၍ယုံကြည်ကာ သဒ္ဓါတရားတွေ တိုးပွားနေပါတယ်။

၂-၁၁-၈၇ သောကြာနေ့
နေ့လည်(၁၂-၃၀)နာရီ။

# နိဂုံး

ဤကျမ်းစာငယ်ကို လေ့လာပြီးသော ပုဂ္ဂိုလ်သည် နိဒါန်း, အမှာစာနှင့်တကွ စာကိုယ်ပိုင်း၌ ပါရှိသော ပိဋကတ်ကျမ်းဂန်လာ ဇာတ်လမ်းဝတ္ထု ခုနစ်ခုတို့ကိုပါ လေ့လာခဲ့ပြီး ဖြစ်ပေပြီ။ ဆွမ်းသွတ် အလှူပွဲဆိုင်ရာ စီစဉ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အသိဉာဏ် ရင့်သန်ပြီးဖြစ်၏။ သို့သော်လည်း မြဲရာသံပတ် ဖြစ်စေရန် ထပ်မံ၍ အနည်းငယ်မျှ သတိပေးစကား ရေးသားပါရစေဦး။

စာကိုယ်ပိုင်းကို လေ့လာရာ၌ လူ့ဘဝမှ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက ကွယ်လွန်သူတို့ကို ရည်မှန်း လှူဒါန်း၍ အမျှအတန်း ပေးဝေမှု ပြုခဲ့ကြသည့်တို့ကို ငရဲဘုံ, တိရစ္ဆာန်ဘုံ, လူ့ဘုံနှင့် နတ်ဘုံသို့ ရောက်ရှိသွားကြသော ပုဂ္ဂိုလ်တို့က, မရနိုင်ကြတော့ဘဲ၊ ပြိတ္တာဘုံရောက်သူ များထဲမှလည်း ပရဒတ္တူပဇီဝိကပြိတ္တာခေါ် ဝေမာနိက ပြိတ္တာတစ်မျိုးသာ ရနိုင်ခွင့်ရှိ၍ အခြား ပြိတ္တာမျိုးများ ရနိုင်ခွင့် မရှိကြသည့်တို့ကို ကျမ်းစာက ပြဆိုထားသည့်အတိုင်း တွေ့ရှိခဲ့ပြီး ဖြစ်ပေပြီ။

ထို့ပြင် ဘဝများစွာ သံသရာအဆက်ဆက်က တော်စပ်ခဲ့ဖူးသော ဆွေမျိုး ပြိတ္တာများအားလုံး ပြိတ္တာဘုံ၌ ဆိတ်သုဉ်းပျောက်ကွယ် မသွားကြပါ။ ဆွေမျိုးပြိတ္တာအချို့ အမြဲတစေ

ရှိနေကြသည်ကို သိရှိခဲ့ပြီးဖြစ်ရုံမျှမက, ဆွေမျိုး ဖြိုဟ်ဘွားများ အတွက် ရည်မှန်း၍ လှူဒါန်း၍ အမျှအတန်း ပေးဝေသော ဒါန ကုသိုလ်အဖို့ကို ဆွေမျိုးပြိတ္တာများက မရရှိကြစေကာမူ မှူလ လှူဒန်းသူ အလှူရှင်ကိုယ်တိုင်က ရှေးဦးစွာ ရရှိခဲ့ပြီးဖြစ်၍ ဒါနကုသိုလ်တရား အကျိုးမဲ့ ဖြစ်မသွားနိုင်သည်ကိုလည်း သိရှိ ခဲ့ပြီး ဖြစ်၏။

ထိုမှတစ်ပါး ဆွမ်းသွတ်လှူပွဲ၌ပြည့်စုံရမည့် အချက် ၅-ခု တို့ကိုလည်း သိရှိခဲ့ပြီးသည်သာ ဖြစ်သည်။ ယင်းအချက် ၅-ခု ထဲမှ "အလှူပေး ပုဂ္ဂိုလ်၏ စိတ်ထား တတ်ကျွမ်းမှု"ဟူသည်ကို အထူးသတိမူ၍ မှတ်သားသင့်လှပေသည်။

အကြောင်းကား....

အလှူပေးပုဂ္ဂိုလ်၏ စိတ်ထားအတိုင်း ရည်ရွယ်ချက်တွင် ပါဝင်သော ပုဂ္ဂိုလ်သည်သာ အမျှအတန်း ပေးဝေသော ဒါန ကုသိုလ်၏ အကျိုးတရားတို့ကို ခံစားနိုင်ခွင့် ရှိသောကြောင့် ပေတည်း။

ချဲ့ပါဦးမည်....

တောရဆရာတော်နှင့် ပြိတ္တာမိသားစု ဇာတ်လမ်း၌ တောရ ဆရာတော်ဘုရားက ပစ္စည်း ၅-မျိုးကို တစ်မျိုးစီ တစ်မျိုးစီလီ၍ ထပ်ကာတပ်ကာ ၅-ကြိမ် တိုင်အောင် လှူဒါန်း ခဲ့ပေသည်။ အကြိမ်ကြိမ်အခါခါ လှူဒါန်းပါသော်လည်း ရည်မှန်းချက် ထားသည်မှာ ခမည်းတော်, မယ်တော်နှင့် နောင်တော် ဤသုံး

ဦးအတွက်သာဖြစ်၍ သုံးဦးမှာသာ ခံစားခွင့် ရရှိခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

သူဌေးကတော် ဒေါ်နန္ဒာဇာတ်လမ်း, ဗိမာန်ထဲက အမျိုးသမီးဇာတ်လမ်းနှင့် အရှင်သာရိပုတ္တရာ၏ ကရုဏာတော်ဇာတ်လမ်းတို့၌မူ အလှူပေးပုဂ္ဂိုလ်က ရည်မှန်းချက်ထားသည်မှာ တစ်ဦး တင်ယောက်စီအတွက်သာဖြစ်၍ တစ်ဦးတစ်ယောက်စီသာ အကျိုးတရား ခံစားခွင့် ရရှိသည်ကို တွေ့ခဲ့ရသည်ဖြစ်၏။

မြဘိစွာတုရားနှင့် ဗိမ္ဗိသာရ ဇာတ်လမ်း၌ကား တစ်ဦးတစ်ယောက်ဘည်းက လှူဒါန်းသော်လည်း ရည်ရွယ်ချက်ထားသည်မှာ ဆွေတော်မျိုးတော်ပေါင်း ရှစ်သောင်း လေးထောင်အတွက်ဖြစ်၍ ရှစ်သောင်းလေးထောင်လုံးပင် အကျိုးတရားခံစားခွင့် ရရှိကြသည်ကို တွေ့မြင်ခဲ့ရ၏။

ဤအချက်များကို နှိုင်းချင့်၍ကြည့်လျှင် ပုဂ္ဂိုလ်တစ်ယောက်သာ ခံစားခွင့်ရရှိခြင်း, ပုဂ္ဂိုလ်သုံးယောက် ခံစားခွင့်ရရှိခြင်းနှင့် ပုဂ္ဂိုလ်ရှစ်သောင်းလေးထောင် ခံစားခွင့်ရရှိခြင်းတို့သည် အလှူခံပုဂ္ဂိုလ် အနည်းအများကြောင့်မဟုတ်။ လှူဖွယ်ပစ္စည်းအနည်းအများကြောင့်လဲ မဟုတ်ဘဲ အလှူပေးပုဂ္ဂိုလ်၏ ရည်ရွယ်ချက်စိတ်ထား ကွဲပြားမှုကြောင့်သာ ဖြစ်နေကြသည်ကို ကောန်မုချ တွေ့မြင်ခဲ့ရပေသည်။

သို့ဖြစ်၍ "**အလှူပေးပုဂ္ဂိုလ်၏ စိတ်ထားတတ်ကျွမ်းမှု**" ဟူသည်ကို အထူးသတိမူ၍ မှတ်သားသင့်ပေသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

တစ်ဖန် လျှူဖွယ်ပစ္စည်း အမျိုးအစား ပြည့်စုံစွာ လျှူဒါန်းမှုသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်ကို သတိပြုသင့်သည်သာ ဖြစ်၏။

အဘယ့်ကြောင့်နည်း။ အလှူပွဲတွင် ထည့်၍လှူဒါန်းသော ပစ္စည်းအမျိုးအမည်နှင့် တူညီသော အကျိုးတရားတို့ကိုသာ ခံစားခွင့်ရှိသောကြောင့် ဖြစ်၏။

မှန်သည်။ ဗိမာန်ထဲက အမျိုးသမီးဇာတ်လမ်းနှင့် အရှင်သာရိပုတ္တရာ၏ ကရုဏာတော် ဇာတ်လမ်းတို့၌ "စားစရာဆွမ်း, ခဲဖွယ်ဘောဇဉ်, သောက်စရာရေနှင့် ဝတ်စရာ အထည်" ဤသုံးမျိုးတို့ကိုသာ လှူဒါန်းသောကြောင့် အကျိုးတရားဖက်၌လဲ "နတ်တို့၏အစားအစာ နတ်သုဒ္ဓါနှင့်တူသော ထမင်းနှင့်ဟင်းလျာတို့ကိုလည်းကောင်း, ကြည်လင်အေးမြ ချိုမြိန်ကောင်းမြတ်လှသော ရေတို့ဖြင့် ပြည့်လျှံနေသော ရေကန်ကြီးတို့ကိုလည်းကောင်း, နတ်တို့၏ အဝတ်အထည်နှင့် တူညီသော ကောင်းမွန်ချောမွေ့သောအဝတ်အထည် အမျိုးမျိုးတို့ကို လည်းကောင်း" ဤသုံးမျိုးတို့ကိုသာ ရရှိကြသည်ကိုသာ တွေ့မြင်သိရှိခဲ့ကြရပေသည်။

သူဌေးကတော် ဒေါ်နန္ဒာ ဇာတ်လမ်း၌ လှူဖွယ်ပစ္စည်းခုနစ်မျိုးလှူဒါန်းသောကြောင့် ပြိတ္တာမ မယ်နန္ဒာ-ပြိတ္တာဘဝမှလွတ်မြောက်ကာ စည်းစိမ်ချမ်းသာ ရရှိသွားသည်ဟု သာမည်မျှသာ ဆိုထားသော်လဲ အကျိုးတရားများကို ပြည့်စုံစွာ ရရှိသည်ဟုသာ နားလည်ရမည် ဖြစ်သည်။

အဘယ်ကြောင့်နည်းဟူမူ နတ်ပြည်နတ်ဘဝ နတ်လောက၌ ခံစားစရာ နတ်သုဒ္ဓါ, ရေတွင်းရေကန်, ဘုံဗိမာန်, နတ်ဝတ်တန်ဆာနှင့် နတ်ရထားစသော အကျိုးတရားများ ထင်ရှားရှိနေကြသောကြောင့် ဖြစ်ပေသည်။

တောရဆရာတော်နှင့် ပြိတ္တာမိသားစု ဇာတ်လမ်း၌ကား လှူဖွယ်ပစ္စည်း ၅-မျိုး ၅-ဖြာကို အလီလီအလာလာလှူဒါန်းသောကြောင့် အကျိုးတရား ၅-ပါးတို့သည်လည်း အကြောင်းအားလျော်စွာ ထင်ထင်ရှားရှား ဖြစ်ပေါ် လာခဲ့ကြသည်ကို တွေ့ရှိခဲ့ကြပြီးဖြစ်သည်။

သို့ဖြစ်၍ "ဆွမ်းသွတ်အလှူပွဲ၌ လှူဖွယ်ပစ္စည်း အမျိုးအစားပြည့်စုံစွာ လှူဒါန်းမှုသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်ကို သတိပြုသင့်လည်" ဟုဆိုခဲ့ခြင်းဖြစ်၏။

တနည်းဆိုရပြန်သော် ဤဆွမ်းသွတ်အလှူပွဲ၌၊ အမျိုးတူအစားတူ လှူဖွယ်ပစ္စည်းအရေအတွက် နည်းပါးမှု၊ များပြားမှုသည် လိုရင်းမဟုတ်။ အမျိုးအစားကွဲပြားသော၊ ပစ္စည်းများပြည့်စုံစွာပါဝင်မှုသာ လိုရင်းဖြစ်ပေသည်။

ရှင်းပြပါဦးမည်...

အရှင်သာရိပုတ္တရာ၏ ကရုဏာတော်ဇာတ်လမ်း၌ လှူဖွယ်ပစ္စည်းမှာ စားစရာ ဆွမ်းတင်လုတ်စာ ဝတ်စရာအဝတ်တစ်လက်ဝါးမျှနှင့် သောက်ရေရေဝင်ဖန်ခွက် မျှသာဖြစ်၏။

လှူဖွယ်ပစ္စည်း အရေအတွက်မှာ အနည်းငယ်မျှသာ ဖြစ်သော်လည်း အမျိုးအစားမှာ သုံးပါးပါဝင်လျက်ရှိသည်။

မြဘက်ရွာဗုဒ္ဓနှင့် ဝိမ္ဗိသာရဇာတ်လမ်း၌ လှူဖွယ်ပစ္စည်းများမှာ ဘုရားရှင်အမှူးပြုသော ရဟန္တာသံဃာတော် အပါးတစ်ထောင်အတွက် ဆွမ်းခဲဖွယ်ခဲဖွယ်ဘောဇဉ်များ အဝတ်သင်္ကန်းနှင့်ကျောင်းဆောက်ရေသုံးရေတို့ ဖြစ်ကုန်၏။ လှူဖွယ်ပစ္စည်းအရေအတွက်မှာ အလွန်တရာ များပြားနေပါသည်။ အမျိုးအစားမှာမူ သုံးပါးသာပါဝင်လျက်ရှိ၏။

ယင်းဇာတ်သမ်း နှစ်ခုလုံးကိုနှိုင်း၍ကြည့်ပါ။ အကြောင်းတရားဖက်မှ လှူဖွယ်ပစ္စည်း အရေအတွက် အနည်းနှင့်အများနှိုင်းစရာမရှိအောင ကွာခြားပါသော်လည်း အမျိုးအစားမှာမူ သုံးပါးစီသာ ပါဝင်နေသောကြောင့် အကျိုးတရားဖက်၌လဲ "နတ်တို့၏အစားအစာ နတ်သုဒ္ဓါ, နတ်ဝတ်တန်ဆာ အဝတ်အသည်ပေါင်းများစွာနှင့် ကြည်လင်အေးမြ ချိုမြိန်လှသောရေတို့ဖြင့် ပြည့်လျှံနေသော ရေကန်ကြီးများ" ဟူ၍ ဇာတ်လမ်းနှစ်ခုလုံး၌ သုံးမျိုးစီ တူညီစွာ ရရှိနေကြသည်ကို တွေ့မြင်ကြရမည်သာဖြစ်သည်။

တောရဆရာတော်နှင့် ပြိတ္တာမိသားစု ဇာတ်လမ်း၌မူ လှူဖွယ်ပစ္စည်းတို့သည် စားစရာအတွက် ပိဏ္ဍပါတ်ဝတင်ဖြင့် အိမ်စဉ်လှည့်သည်၍ ခံယူရရှိခဲ့ကြသော ဆွမ်းသပိတ် ၁၃-လုံး၊ ဝတ်စရာအတွက် အဝတ်စ အစုတ်အပြတ်များကို ပေါင်းစပ်၍

ချုပ်လုပ်ထားသော ပံသုကူ သင်္ကန်းတစ်ထည်၊ နေ့ထိုင်စရာ အတွက် ဖက်ရွက်မိုး ဖက်ရွက်ကာ တဲကျောင်းငယ်တစ်လုံး-

မှတ်ချက်။ ။အချို့ကျမ်းစာ၌ နေထိုင်စရာအတွက် လေ့ ရွက်ဖြင့် ပြုလုပ်ထားသော ယပ်တောင်ငယ် တစ်ချောင်းလှူသည်ဟု တွေ့ရ၏။

သောက်စရာအတွက် သတ္တုဖြေရေစစ်ခွက်ငယ်ဖြင့် ထည့်ထားသော ရေအနည်းငယ်နှင့် စီးနင်း သွားစရာ အတွက် တစ်လွှာတင်ထပ် မျှရှိသော တန်ဖိုးနည်း ဖိနပ်တစ်ရန်, ဤ ၅ – မျိုးတို့သာ ဖြစ်ကုန်၏။

လှူဖွယ် ပစ္စည်းများ၏ တန်ဖိုးပမာဏကား အလွန်နည်း ပါးလှ၏။ အမျိုးအစားကား ၅- မျိုး၊ ၅- စား အထိ ပါဝင်နေသည်ကို တွေ့ရသည်။

အကျိုးတရားဖက်၌လည်း စားစရာ နတ်သုဒ္ဓါ ထမင်းဟင်း ဝတ်စရာပိုးထည်, ချည်ထည်, သက္ကလပ်ထည် အမျိုးမျိုး, နေ စရာ စုလစ်မွန်းချွန်အထွတ်တပ်သော ဘုံနန်းပြာသာဒ်ကြီးများ, သောက်သုံးစရာ ရေကောင်း ရေသန့်တော့ ပြည့်လျှံ နေသော ရေကန်ကြီးများနှင့် စီးနင်းသွားစရာ မြင်းဖြူကြီး လေးစီးတပ် ထားသော နတ်ရထားကြီးများ, ဟူ၍ ၅- မျိုး၊ ၅- စား တိုင်အောင် ရရှိခံစားရသည်ကို တွေ့မြင်ရပေသည်။

သို့ဖြစ်၍.... "ဆွမ်းသွတ် အလှူပွဲ၌ အမျိုးတူ အစာတူ လှူဖွယ်ပစ္စည်း အရေအတွက် နည်းပါးမှု, များပြားမှုသည်

လိုရင်းမဟုတ်။ အမျိုးအစား ကွဲပြားသော ပစ္စည်းများ ပြည့်စုံစွာ ပါဝင်မှုသာ လိုရင်း ဖြစ်ပေသည်” ဟု ဆိုထားခဲ့ခြင်း ဖြစ်သည်။

သမီးလိမ္မာနှင့် ဘခင်ပြိတ္တာ ဇာတ်လမ်း၌ ဘဝတစ်ပါး ပြောင်းသွားလေသူ ဘခင်ပြိတ္တာအတွက် ရည်မှန်းပြီး သမီးလိမ္မာက လှူဖွယ်ပစ္စည်း အမျိုးအစား သုံးပါးကို လှူဒါန်း၍ အမျှအတန်း ပေးဝေ၏။ ဘခင်ပြိတ္တာက သာဓု အနုမောဒနာလည်း ခေါ်၏။ သို့သော် အကျိုးတရားကား ဖြစ်ပေါ်၍မလာ။ ဘခင်ပြိတ္တာမှာ ဘဝတစ်ခုမျှမရရှိ။ အကြောင်းကား အလှူခံပုဂ္ဂိုလ်က အကျင့်သိက္ခာမရှိ။ ဒုဿီလပုဂ္ဂိုလ် ဖြစ်နေသော ကြောင့်တည်း။

ကွယ်လွန်သူကို ရည်မှန်း၍ လှူဒါန်းသော ဆွမ်းသွတ်အလှူပွဲ၌ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ်ကို ရရှိဖို့ရန် မည်မျှအရေးကြီးသည်ကို နည်းယူသိရှိ၍ သတိပြုရန် လိုအပ်လှပေသည်။

နောက်တစ်ခု သတိပြုရန်ရှိသေး၏။ ယင်းကား ဆွမ်းသွတ်အလှူပွဲ အခမ်းအနား အစီအစဉ်ကျနမှု ဖြစ်၏။ ဆွမ်းသွတ်အလှူပွဲ၌ အခမ်းအနားကို ဤသို့ စီစဉ်သင့်၏။

## ဆွမ်းသွတ်အလှူပွဲ အခမ်းအနား အစီအစဉ်

၁။ တရားတော်ကို အတူတကွ နာယူဖို့ရာ အားလုံးကို ဖိတ်ကြားရန်,

၂။ ညီညာစွာ စုပေါင်း၍ ကန်တော့ကြရန်,

၃။ ၅-ပါး, ၈-ပါး သင့်လျော်ရာ သီလတရားကို ခံယူ ကျင့်သုံးကြရန်,

၄။ ဆွမ်းသွတ်အလှူနှင့် စပ်လျဉ်းသော ဝမ်းမြောက် အား တက်ဖွယ် ရာ အနုမောဒနာ တရားတော်ကို မလှူဒါန်းမီ နာယူရန်,

၅။ လုပ်ငန်းသဘောကို နှစ်နှောသေချာစွာ နားလည်ပြီးမှ ကွယ်လွန်သူ ဆွေမျိုး သား ချင်း အားလုံးအတွက် ရည်မှန်း၍ ဆွမ်း, မုန့်ပဲသရေစာ, အဝတ်သင်္ကန်းနှင့် သောက်ရေ သုံးရေ, စသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းရန်,

၆။ လှူဒါန်းပြီးသော ဒါနကုသိုလ်အဖို့ကို ကွယ်လွန်သူ မိဘဘိုးဘွား ဆွေမျိုးသားချင်းများကို အမှူးထား၍ ကြွရောက်လာကြသော ပရိသတ်များနှင့်တကွ ၃၁-ဘုံ ကျင်လည်ကုန်သော သတ္တဝါများတို့အား အမျှအ တန်းပေးဝေရန်။

၇။ ပရိတ်တရားတော်ကို (နောက်ဆုံးမှသာ) နာယူရန်။

၈။ ဆရာတော်များ ကြွသွားပြီးမှ ပရိသတ်များက နေရာ မှ ထကြရန်။

အစီအစဉ်ပြီး၏။

## ရှင်းလင်းချက်

ပရိတ်တရားတော်ကို အမျှအတန်းမှပေးဝေမိ၍ ရွတ်ဆိုနာယူပါက တန်ခိုးအာနုဘော် ကြီးမားသော နတ်မင်းကြီးများ ပရိတ်တရားနာယူရန် ကြွလာကြပါလျှင် တန်ခိုးအာနုဘော်မရှိသော ကွယ်လွန်သူပြိတ္တာများက အလှူပွဲ အနီးအနားသို့ မလာဝံ့ကြဘဲရှိတတ်သည်။

ယင်းသို့မလာဝံ့ကြ၍ အဝေးတစ်နေရာသို့ သွားရောက်ရှောင်တိမ်းနေကြရပါက အမျှပေးဝေသံကို မကြားကြရ၊ မသိကြရသောကြောင့် သာဓုအနုမောဒနာ မခေါ်ကြရတော့သဖြင့် ရသင့်ရထိုက်သော အကျိုးတရားများကို မရနိုင်ကြတော့ဘဲ လွဲချော်သွားစရာ ဆုံးရှုံးသွားစရာ ရှိနိုင်သည်ဟု အချို့ပုဂ္ဂိုလ်များက ယူဆထားကြလေသည်။

ထိုအယူအဆမျိုးရှိသော ပုဂ္ဂိုလ်တို့နှင့် ဆန့်ကျင်ဘက် မဖြစ်စေရန်အတွက် အခမ်းအနားကို ဤသို့စီစဉ်သင့်သည်ဟု ဆိုခဲ့ခြင်းဖြစ်၏။ အကယ်၍ ထိုအယူအဆမျိုးမရှိကြပါမူကား သင့်လျော်သလို စီစဉ်နိုင်သည်သာ ဖြစ်ပါ၏။

ဤမျှလောက်သော ရေးသားချက်များဖြင့် ကွယ်လွန်သူမိဘတိုးဘွား ဆွေမျိုးသားချင်းများကို ရည်မှန်း၍ လှူဒါန်းနေကြသော ဆွမ်းသွတ်အလှူပွဲဆိုင်ရာ သိသင့် သိထိုက်သော အချက်အလက်များသည် အတော်အသင့် ပြည့်စုံကြပေပြီ။

ဤကျမ်းစာငယ်က ဆွမ်းသွတ်အလှူပွဲ ဆောင်ရွက်ကြမည့် ဗုဒ္ဓဘာသာဝင်သူတော်စင် သူတော်ကောင်းတို့အား စွမ်းအား ရှိသမျှ အကူအညီပေးနိုင်ပါစေ။

ဤကျမ်းစာငယ်၏ အကူအညီပေးမှုကို လက်ခံရယူကြလျက် ဆောင်ရွက်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းတို့၏ တမလွန်နောက်ဘဝ ပြောင်းရွှေ့ကြရသော မိဘ ဘိုးဘွား ဆွေးမျိုးသားချင်းများသည် ကုသိုလ် ကောင်းမှု၏ အကျိုးတရားကို ပြည့်စုံစွာ ရရှိနိုင်ကြပါစေ။

ပြည့်စုံစွာ ရရှိခံစားကြရလျက် ဆင်းရဲသောဘဝမှ အလျင် အမြန်ကျွတ်နိုင် လွတ်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းဆို လျက် နိဂုံးချုပ်အပ်ပါသတည်း။

၁၁-၁၀-၈၇၊ တနင်္ဂနွေနေ့၊
ည (၈-၃၀) နာရီ။

## မှီငြမ်းပြုသော ကျမ်းစာများ


- အင်္ဂုတ္တိုရ်ပါဠိတော်
- အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်
- အင်္ဂုတ္တိုရ် အဋ္ဌကထာ
- ပေတဝတ္ထုပါဠိတော်
- ပေဘာဝတ္ထုပါဠိတော် မြန်မာပြန်
- ပေတဝတ္ထု အဋ္ဌကထာ
- သံဝေဂဝတ္ထု ဒီပနီကျမ်း(ဘုရားကြီးဆရာတော်)
- ဆိဒ္ဒပိဓာနနီကျမ်း (ဝိသုဒ္ဓါရုံဆရာတော်)

## ဆွမ်းသွတ်အလှူပွဲ

ဆွမ်းသွတ်အလှူများ ပြုလုပ်နေကြလည်း နည်းလမ်းမမှန်က ကွယ်လွန်သူ မိဘဆွေမျိုးများ ဒုက္ခဆိုးမှ မကျွတ်မလွတ်။ ရည်ရွယ်သလို ကောင်းကျိုးမရဖြစ်တတ်၏။ ထမလွန်ရောက် မိဘဆွေမျိုးများ ဒုက္ခဆိုးမှကျွတ်လွတ်၍ ရည်ရွယ်သလို ထိထိရောက်ရောက် ကောင်းကျိုးရစေလိုလျှင် ဤစာအုပ်ပါ နည်းလမ်းများကို လေ့လာကာ လိုက်နာကျင့်သုံးပါ။

စာမလွန်ရောက် မိဘဆွေမျိုးစသောပုဂ္ဂိုလ်များ ဒုက္ခဆိုးမှ ကင်းလွတ်ပြီး ကောင်းကျိုးချမ်းသာ ရရှိရေးအတွက် ထေရဝါဒပိဋကတ်စာပေလာ ဒေသနာများနှင့်အညီ ဆွမ်းသွတ်အလှူ ပြုလုပ်ဘတ်ကြစေရန် နည်းလမ်းမှန်များကို ဤစာအုပ်တွင် ဖော်ပြထားပါသည်။ ။